# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ စနေနေ့၊ (23-1-2016) (၈၄၅၄)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# မည်သည့်တိုင်းပြည် မည်သည့်လူမျိုးမဆို လောဘဟူသော အစွန်းတစ်ဖက်နှင့် ဒေါသဟူသော အခြားအစွန်းတစ်ဖက် စသည့်အစွန်းနှစ်ဖက်ကို လွတ်အောင်ရှောင်၍ မဇ္ဈိမပဋိပဒါ အလယ်လမ်းကို လျှောက်လှမ်းနိုင်ရန်အရေးကြီး

နေပြည်တော် ဇန်နဝါရီ ၂၂

**စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လျှောက်ထားခဲ့သည့် သာသနာတော်ဆိုင်ရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ကမ္ဘာတစ်ဝန်းလုံးရှိ သန်းပေါင်းများစွာသော လူသားများအတွက် ၎င်းတို့ ကိုးကွယ်ယုံကြည်သော ဘာသာတရားသည် ၎င်းတို့၏ဘဝများ အဓိပ္ပာယ်ရှိစွာ ရှင်သန်ရပ်တည်ရေးကို အထောက်အကူပြုလျက်ရှိသကဲ့သို့ ရှည်လျားသောလူ့သမိုင်းတွင်လည်း ယင်းကိုးကွယ်မှုဘာသာတရားက အရေးပါသော အခန်းကဏ္ဍမှ အမြဲတမ်းပါဝင်လျက်ရှိပါသည်။ ဗုဒ္ဓဘာသာသည် ဘက်လိုက်မှုကင်း၍ အလယ်အလတ်လမ်းစဉ်ကို လျှောက်လှမ်းသော ဘာသာတရားဖြစ်ပါသည်။

စိတ်ငြိမ်းချမ်းမှုနှင့် အတ္တမှလွတ်မြောက်ရေးသည် ဗုဒ္ဓဘာသာဝင်တို့၏ အန္တိမ ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါသည်။ ယင်းပန်းတိုင်ကို သီလ၊ သမာဓိ၊ ပညာအားထုတ်မှုဖြင့်သာ ရရှိအောင်ဆောင်ရွက်နိုင်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရား လေးပါးသည် ငြိမ်းချမ်းညီညွတ်စွာ ဖွံ့ဖြိုးတိုးတက်စေသော လမ်းစဉ်သို့ ရှေးရှုဦးတည်သော တုနှိုင်းမဲ့လမ်းစဉ်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ တရားဒေသနာတော်များမှာ ဗုဒ္ဓဘာသာဝင်များအတွက်မျှသာမဟုတ်ဘဲ အသားအရောင်၊ အမျိုးအနွယ်၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဦးမောင်မြင့်၊ ဦးရဲထွန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဂယာဆောင်၌ ယာယီကိန်းဝပ်တော်မူသည့် အိန္ဒိယနိုင်ငံ လဒတ်ပြည်နယ် လိမြို့ ဟမ်းမစ်ကျောင်းတော်မှပင့်ဆောင်လာသော မြတ်စွာဘုရား၏ အရိုးဓာတ်တော်အား ဖူးမြော်ကြည်ညိုသည်။


ထို့နောက် နိုင်ငံတော်သမ္မတသည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သဒ္ဓမ္မဇောတိကာ မဟာသိမ်တော်ကြီး၌ ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်ပြီး သာသနာတော်ဆိုင်ရာများအား လျှောက်ထားသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪**



**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သဒ္ဓမ္မဇောတိကာ မဟာသိမ်တော်ကြီး၌ ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးညီလာခံ ကျင်းပစဉ်။** (ဓာတ်ပုံ-သီတဂူ)

ကြေးမုံစာတည်းရှုထောင့် ၂၃-၁-၂၀၁၆၊ စနေနေ့

# ကလေးစာပေဖွံ့ဖြိုးရေး

နိုဘယ်-မြန်မာ စာပေပွဲတော်ကို ပြီးခဲ့သည့်ရက်ပိုင်းက ရန်ကုန်မြို့တွင် သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုပွဲကို ယမန်နှစ်က စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ယခု ကျင်းပသည့် စာပေပွဲတော်၏ထူးခြားချက်မှာ ကလေးများအကြိုက် ကာတွန်းဇာတ်ကောင်များ၊ ကလေးများကိုယ်တိုင် ပါဝင်ဆင်နွှဲနိုင်သည့် ပုံပြောစွမ်းရည်၊ ကဗျာရွတ်စွမ်းရည်၊ စာဖတ်စွမ်းရည်၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။

ရည်ရွယ်ချက်မှာ ထူးခြားကောင်းမွန်သည်ဟု ဆိုရမည်။ ကလေးများ စာပေအနုပညာဘက်တွင် စိတ်အားထက်သန်စေရန် လှုံ့ဆော်ပေးခြင်းဖြစ်၍ ကြိုဆိုရမည်ဖြစ်သည်။ ယခုနှစ်ပွဲအတွက် ခေါင်းစဉ်မှာလည်း ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ၌ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များစွာ ရှိနေသည်။ ထိုအချိန်အခါတွင် ယခုကဲ့သို့ ကလေးစာပေဖွံ့ဖြိုးရေးအတွက် စွဲမက်စရာများကို စီစဉ်ဆောင်ရွက်နိုင်သည့်အတွက် ထိုပွဲကို ဦးစီးကျင်းပသူများအား ကျေးဇူးတင်ရမည်ဖြစ်သည်။

ကလေးသူငယ်များအား ကလေးဘဝမှစတင်၍ စာဖတ်ဝါသနာ၊ စာပေချစ်မြတ်နိုးစိတ်ရှင်သန်ရန်အတွက် ထိုကဲ့သို့ ပြုစုပျိုးထောင်ပေးရာ၌ ကလေးများနှစ်သက်စွဲလမ်းစေမည့် စာအုပ်စာပေကောင်းများ ပြည့်စုံလာရန် လိုအပ်ပါသည်။ စာအုပ်စာပေမှရရှိလာမည့် ဗဟုသုတ၊ ဉာဏ်အမြော်အမြင်များနှင့်အတူ စိတ်ဓာတ်ကောင်း၊ အမူအကျင့်ကောင်းများပါ တိုးပွားလာပြီး ကလေးအတွက်သာမက ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်အတွက်ပါ အကျိုးပြုမည့် လူတော်လူကောင်းဖြစ်လာမည်ဟု ယုံကြည်ပါသည်။

စာပေပွဲတော်တွင် ဆရာကြီး မင်းသုဝဏ်၏ "ဘကြီးအောင်ညာတယ်" ကလေးပုံဝတ္ထုကို ပြဇာတ်အဖြစ်တင်ပြသွားသည်မှာ ကလေးသူငယ်များအား ထိရောက်သည့်ဆွဲဆောင်မှုကိုဖြစ်စေသည်။ ထိုပုံဝတ္ထုသည် ကလေးစရိုက်၊ ကလေးစိတ်ဓာတ်၊ ကလေးစာရိတ္တဗေဒ (Child Psychology)နှင့် များစွာ အကျုံးဝင်ခဲ့သည်။ တင်ပြပုံတွင် စာပေပုံသဏ္ဌာန်အပိုင်းနှင့် အကြောင်းအရာပိုင်းတို့ကို ပြည့်စုံစွာဖွဲ့နွဲ့ထားသည်။

ထိုပုံဝတ္ထုသည် စစ်ကြိုခေတ် ကလေးစာရိတ္တကိုနှီးဆော်သောပုံပြင်ဖြစ်၍ ခေတ်နှင့်မဆီလျော်ဟု ယူဆတန်ကောင်းသော်လည်း မည်သည့်ခေတ်ကာလသို့ရောက်ရောက် ကလေးဖတ်ဖို့စာတစ်ပုဒ်ဖြစ်စေကာ အစောဆုံးသရုပ်မှန် ကလေးစာပေနှင့် အကျုံးဝင်ခဲ့သည်ဟု ယူဆမိပါသည်။ မည်သို့ပင်ဖြစ်စေ ကလေးစာပေဖွံ့ဖြိုးရေးအတွက် စာပေပညာရှင်များက ကလေးများအတွက် ထိရောက်သော စေတနာရည်ရွယ်ချက်များဖြင့် တိုးတက်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

ကလေးစာပေရေးသားရာတွင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ကလေးသူငယ်များအား ချစ်မြတ်နိုးသော စိတ်စေတနာ၊ တိုင်းပြည်ရှိ လက်ရှိကလေးငယ်များအား အနာဂတ်ခေတ်ကာလ၌ လူတော်လူကောင်း၊ တိုင်းပြည်၏ သားကောင်းများဖြစ်လာစေရန် ရည်ရွယ်ချက်၊ ခေတ်သစ်ကလေးသူငယ်များ ဖတ်လွယ်၊ နားလည်လွယ်အောင်နှင့် စိတ်ဝင်စားမှုရှိအောင် ရေးသားမှုပုံသဏ္ဌာန်၊ နှစ်ပေါင်းများစွာကတည်းက ဘိုးဘေးများပြောခဲ့သော မိရိုးဖလာပုံပြင်ဒဏ္ဍာရီများကို ပြန်လည်ဇာတ်ကြောင်းပြန်ခြင်း အကြောင်းအရာများကို ဖန်တီးပေးနိုင်ရန် လိုအပ်ပါသည်။

ကလေးစာပေတွင် ကလေးကဗျာ၊ ကလေးစကားပြေ၊ ကလေးကာတွန်းရုပ်စုံဟူ၍ အပိုင်းသုံးပိုင်းရှိရာ အတိတ်ကစိတ်ဝင်စားဖွယ်ရာများကို အခြေခံ၍ ယနေ့မျက်မှောက်ပစ္စုပ္ပန်ခေတ်ကာလ၏ အတွေးအခေါ်များကို လွှမ်းခြုံကာ ကလေးငယ်များ စိတ်ဝင်စားဖွယ် ဖွဲ့နွဲ့ခြင်းဖြင့် ကလေးငယ်များ၏ လူမှုဘဝနယ်ပယ်ထဲသို့ ထိုးဖောက်ချဉ်းနင်း ဝင်ရောက်ကြရမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ယနေ့ကလေးသူငယ်များမှာ ခေသူမဟုတ်ကြတော့ပါ။ နည်းပညာခေတ်က အသာစီးလွှမ်းမိုးနေရာယူထားပြီးဖြစ်၍ ခေတ်မီမီ ကမ္ဘာကြည့်ကြည့်၍ ကလေးသူငယ်များအား ခေတ်နှင့်အညီ ကလေးစာပေများဖြင့် ဆွဲဆောင်စည်းရုံးသွားကြရမည်ဖြစ်ပါသည်။ ။

## မန္တလေးပန်းချီဆရာများ၏ မြန်မာ့ပုံရိပ်ပါ ရေဆေးပန်းချီကားများကို နိုင်ငံတကာခရီးသွားများ အထူးနှစ်ခြိုက်ဝယ်ယူအားပေး

**မန္တလေး ဇန်နဝါရီ ၂၂**

မြန်မာပန်းချီကားများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးနှစ်ခြိုက်စွာ ဝယ်ယူအားပေးလာသည်မှာ မြန်မာ့ပန်းချီအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပန်းချီပညာရှင်များစွာရှိပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်သည့် အဆင့်မြင့်အနုပညာများကို ဖန်တီးနိုင်ခဲ့သည်။ အထူးသဖြင့် မြန်မာမှု၊ မြန်မာ့အရိပ်များပါသော ရေဆေးပန်းချီကားများကို နိုင်ငံတကာခရီးသွား ဧည့်သည်များ အထူးနှစ်သက်ကာ ဝယ်ယူအားပေးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ ပန်းချီပညာရှင်များသည် အတွင်းစိတ်များကို အရောင်များဖြင့် ခြယ်မှုန်းရေးဆွဲသည်ဟု တင်စားနိုင်သော (Abstract) ဒြပ်မဲ့ပန်းချီများကို ရေးဆွဲသူ၊ မျက်မြင်များကို စိတ်ခံစားမှုအရောင်များဖြင့်ရေးဆွဲသည်ဟု တင်စားနိုင်သည့် (Impressionists) နည်းများဖြင့် ရေးဆွဲသူ၊ မြန်မာ့ရိုးရာ ရှုခင်းများနှင့် သဘာဝကျလှသည့် မြန်မာ့ယဉ်ကျေးမှုပုံရိပ်များကို ရေဆေး၊ ဆီဆေးဖြင့် ရေးဆွဲသူဟူ၍ ပညာရှင်များစွာ တည်ရှိသည်။ ရေးဆွဲနည်းအမျိုးမျိုးမှာ နိုင်ငံတကာအဆင့်မီ ရေးဆွဲနိုင်ကြသည်အထိ ပညာရှင်များစွာပေါ်ထွက်ခဲ့သည်။

လက်ရှိကာလတွင် မန္တလေးမြို့၌ ပန်းချီပြပွဲများစွာ ကျင်းပလျက်ရှိပြီး ပန်းချီကားများအနက် ရေဆေးဖြင့် ရေးသောကားများကို မန္တလေးမြို့မှ ပန်းချီဆရာများ အများဆုံးရေးဆွဲကြသည်။

ယခုကဲ့သို့ နိုင်ငံတကာခရီးသွားဧည့်သည်များ အဝင်များသည့်ကာလတွင် မန္တလေးပန်းချီဆရာများ၏ ရေဆေးပန်းချီကားများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးနှစ်ခြိုက်ကာ ဝယ်ယူအားပေးမှု များလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့ မန္တလေးတောင်ခြေ ပန်းချီပြခန်းတွင် ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိက ကျင်းပသည့်မန္တလေး ဆောင်းအမှတ်တရ(၂) စုပေါင်းပန်းချီပြပွဲအတွက် ပန်းချီကားများချိတ်ဆွဲနေစဉ်ပင် နိုင်ငံတကာခရီးသွားဧည့်သည်များက ဝယ်ယူအားပေးလျက်ရှိသည်။ ဝယ်ယူသည့် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ပန်းချီကားဖြင့် တွဲဖက်ကာ အမှတ်တရဓာတ်ပုံများလည်း ရိုက်ကူးကြသည်။ **(ယာပုံ)**

ပန်းချီဆရာသာမက ပန်းချီဆရာအသိုင်းအဝိုင်းနှင့် ဝယ်ယူသူပန်းချီဝါသနာရှင်များပါ ဝမ်းသာနေသည့် မြင်ကွင်းမှာ မြန်မာပန်းချီလောကအတွက် အားရစရာပင်ဖြစ်နေသည်။ လက်ရှိကာလတွင် မန္တလေးရောက် နိုင်ငံတကာ ခရီးသွားဧည့်သည်များသည် မန္တလေးပန်းချီဆရာများ၏ ရေဆေးကားများကို အထူးနှစ်ခြိုက် ဝယ်ယူအားပေးလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**



## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ကျောက်တံခါးမြို့နယ်၌ ဖွင့်

**ကျောက်တံခါး ဇန်နဝါရီ ၂၂**

ကျေးလက်နေပြည်သူများ အခြေခံလယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု တတ်ကျွမ်းနားလည်စေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း ဖွင့်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက တောကျွဲအင်းမြို့နယ် အောင်ဇေယျ ၂ ရပ်ကွက် ကတ်ကွင်းစေတီဘုရားဝင်းတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ လူငယ်သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းနည်းပြ ငါးဦးက စာတွေ့လက်တွေ့ ၁၂ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်(ရွှေဈေး) ၇၆၄၅၀၀ - ၇၆၅၅၀၀ မန္တလေး(ရွှေဈေး) ၇၆၄၅၀၀ - ၇၆၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၈၀/၅၀၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၁၈ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၈. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၄၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၈၇၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၁၅၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၀၂. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၉၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၀. ၈၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၆. ၅၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ မအောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှုံ

## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးနှင့် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို ၁၃၇၇ ခုနှစ် တပေါင်းလဆန်း (၁၊ ၂၊ ၃၊ ၄)ရက်၊ (မတ် ၉၊ ၁၀၊ ၁၁၊ ၁၂)ရက် ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊စနေနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် တပေါင်းလဆန်း (၅၊ ၆)ရက် (မတ် ၁၃၊ ၁၄)ရက်၊ တနင်္ဂနွေ၊ တနင်္လာနေ့တို့တွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် တပို့တွဲလပြည့်ကျော် ၁၄ ရက် (မတ် ၈ ရက်) အင်္ဂါနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြရန် ပင့်လျှောက်အပ်ပါကြောင်း။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို တပေါင်းလဆန်း(၈၊ ၉၊ ၁၀)ရက် (မတ် ၁၆၊ ၁၇၊ ၁၈)ရက် ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့တို့တွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် တပေါင်းလဆန်း ၇ ရက် (မတ် ၁၅ ရက်) (အင်္ဂါနေ့) တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်လွှာများ ဆက်ကပ်ထားပြီးဖြစ်ကြောင်း။

အဆိုပါ ပင့်လျှောက်လွှာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်းဖြင့် သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံမှ ဆရာတော်ကြီးများ၏ ဩဝါဒကထာများနှင့် ဆွေးနွေးချက်များကို သီတဂူဝက်ဘ်ဆိုက်တွင် ဝင်ရောက်ဖတ်ရှုနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ဇန်နဝါရီ ၂၂ ရက်မှ စတင်ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်လျက်ရှိသော မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဝင် ဆရာတော်ကြီးများ၏ ဩဝါဒကထာများနှင့် ဆွေးနွေးချက် အပြည့်အစုံကို www.thesitagu.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ဖတ်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ ဆွေးနွေး


**နေပြည်တော် ဇန်နဝါရီ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ချီလီနိုင်ငံသမ္မတဟောင်း မစ္စတာ ရီကာဒိုလားဂို့စ် ခေါင်းဆောင်သော ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့(Madrid)အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် တပ်မတော်အနေဖြင့် ရွေးကောက်ပွဲကာလအလွန် တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေမှု အခြေအနေ၊ နောင်ပေါ်ပေါက်လာမည့် အစိုးရနှင့် လက်တွဲ၍ ငြိမ်းချမ်းရေးကိစ္စရပ်များ အောင်မြင်အောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ချီလီနိုင်ငံသမ္မတဟောင်းနှင့်အတူ ကလပ်ဒီမက်ဒရစ်အဖွဲ့မှ ဒုတိယအတွင်းရေးမှူးချုပ် Ms. Ma Elena Aguero နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီ)**



## ရန်ကုန်တက္ကသိုလ်တွင် ကင်းထောက်သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံသည် ယခင်နှစ်ပေါင်းများစွာက ကင်းထောက်လုပ်ငန်းများ၌ တက်ကြွစွာ အကောင်အထည်ဖော်ခဲ့ကြောင်း၊ ထိုစဉ်အခါက ရန်ကုန်တက္ကသိုလ်တွင် ရိုဗာကင်းထောက်များဖွဲ့စည်းခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံကင်းထောက်ဖွဲ့စည်းခြင်းကို ၂၀၁၂ ခုနှစ်မှ အစပြုလျက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနက တာဝန်ယူဖွဲ့စည်းခဲ့ကြောင်း၊ နှစ်စဉ်ကင်းထောက်များကို တိုးချဲ့ဖွဲ့စည်းရာတွင် တက္ကသိုလ် ကင်းထောက်များအဖြစ် ၂၀၁၅ ခုနှစ် ဧပြီလမှ စတင်လေ့ကျင့်တည်ထောင်ပေးခဲ့ကြောင်း၊ ယခုအခါ ဗန်းမော်တက္ကသိုလ်တွင် တိုးချဲ့ဖွဲ့စည်းပြီးဖြစ်သကဲ့သို့ ရန်ကုန်တက္ကသိုလ်တွင်လည်း ထပ်မံတိုးချဲ့ဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လာကြသဖြင့် အလွန်အားရဖွယ်ရှိပြီး တက္ကသိုလ် လူငယ်များသည် ကင်းထောက်စိတ်ဓာတ်၊ အသိ၊ ကျွမ်းကျင်မှုများဖြင့် မိမိတို့တက္ကသိုလ်၊ ရပ်ရွာ၊ မြို့နယ်မှသည် နိုင်ငံတော်အထိ လူထုအကျိုးပြုလုပ်ငန်းများကို စိတ်ဓာတ်အင်အားအပြည့်ဖြင့် ဆောင်ရွက်ကြသဖြင့် ဝမ်းသာဂုဏ်ယူရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း ထူးခြားသည့် မှတ်တိုင် တည်ဆောက်ရန်ဖြစ်ကြောင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ကင်းထောက်ချုပ် ဒေါက်တာတင်ညို**(အောက်ပုံ)**က ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပသည့် ရန်ကုန်တက္ကသိုလ်ကင်းထောက်သင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။




သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် အမျိုးသမီး ကင်းထောက်ကြီးများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ မြန်မာအမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က မြန်မာနိုင်ငံ ကင်းထောက်ဖြစ်ပေါ်လာပုံနှင့် ကင်းထောက်လှုပ်ရှားမှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ရန်ကုန်တက္ကသိုလ် ကင်းထောက်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအုန်းသွင်တို့က ရန်ကုန်တက္ကသိုလ်တွင် ကင်းထောက်သင်တန်းဖွင့်လှစ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်တက္ကသိုလ်ကင်းထောက်သင်တန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ တက္ကသိုလ်ကင်းထောက်ဖွဲ့စည်းမှု၊ ကင်းထောက်ကတိနှင့် ကျင့်ဝတ်များ၊ စခန်းချ ပညာရပ်များကို စာတွေ့ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်မှ ဆရာ ဆရာမများ အပါအဝင် ကျောင်းသား ကျောင်းသူ သင်တန်းသားသင်တန်းသူ ၃၅၀ ကျော် တက်ရောက်ကြမည်ဖြစ်သည်။

**ကိုလတ် (သတင်းစဉ်)**

## အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ရဲတပ်ဖွဲ့ခွဲများ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံ၊ သဃ်န်းကျွန်းစံပြဆေးရုံ၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၊ ဘားအံပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားသွေးဌာနတို့၌ ဇန်နဝါရီ ၂၁ ရက်က အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ လုံခြုံရေး ရဲတပ်ဖွဲ့ခွဲများမှ ရဲတပ်ဖွဲ့များက စုပေါင်းသွေးလှူဒါန်းမှုပြုလုပ်ခဲ့ကြသည်။

အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြဝင်းသည် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ အမှတ် (၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၈ ဦး၊ အမှတ်(၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၄၄ ဦးတို့၏ သွေးလှူဒါန်းမှုပြုလုပ်ရာသို့ လာရောက်ကြည့်ရှုအားပေးသည်။ သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ အမှတ်(၃)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၄၀၊ အမှတ်(၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ အမှတ်(၁၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၆ ဦး၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၀၊ အမျိုးသားသွေးဌာန၌ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် ခုနစ်ဦး၊ အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦးနှင့် အမှတ်(၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၁ ဦး စုစုပေါင်း ၃၁၉ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၁ ရက်ထိ သွေးလှူဒါန်းမှုမှာ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၃၅၀၅ ဦးတို့ ရှိပြီဖြစ်ကြောင်းနှင့် ယခုကဲ့သို့စုပေါင်းသွေးလှူဒါန်းခြင်းအပြင် အရေးပေါ်သွေးလိုအပ်ပါက နီးစပ်ရာလုံခြုံရေးရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်၍သွေးလက်ခံရယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မအူပင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကျင်းပ

**မအူပင် ဇန်နဝါရီ ၂၂။** ။ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်တက္ကသိုလ်၏ ဒသမအကြိမ်မြောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက မအူပင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဌေးလင်းမောင်က အဖွင့်အမှာစကား ပြောကြားပြီး ပညာသင်နှစ်တွင် ဘာသာရပ်အလိုက်ဘွဲ့ရမောင်မယ်များအား တာဝန်ရှိသူများက ဘွဲ့များပေးအပ်ခဲ့ကြောင်း သိရသည်။

**မအူပင်ခရိုင် (ပြန်/ဆက်)**

# ဂျပန်အစိုးရက အီရန်နိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေး



**တိုကျို ဇန်နဝါရီ ၂၂**

ဂျပန်အစိုးရက အီရန်နိုင်ငံ၏နျူကလီးယားအရေးကြောင့် ကုလသမဂ္ဂအဖွဲ့ စည်းမျဉ်းများနှင့်အညီ အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်ဖြေလျှော့ပေးလိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။

အီရန်နိုင်ငံသည် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် နောက်ဆုံးအကြိမ် သဘောတူညီထားသည့် အချက်များကို လိုက်နာခဲ့သည်ဟု နိုင်ငံတကာနျူကလီးယားစောင့်ကြည့်ရေးအေဂျင်စီက လွန်ခဲ့သောရက်သတ္တပတ်တွင် အတည်ပြုပြောကြားပြီးနောက် ဂျပန်နိုင်ငံက စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ စီးပွားရေးပိတ်ဆို့မှုများတွင် အီရန်နိုင်ငံ၏ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍများတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်ရန် ဂျပန်ကုမ္ပဏီများအား ပိတ်ပင်ထားသည်။ ထို့ပြင် ဂျပန်ဘဏ်များကိုလည်း အီရန်နိုင်ငံတွင် ဘဏ်ခွဲများအသစ် ထပ်မံမဖွင့်ရန် ပိတ်ပင်ထားသည်။

သို့သော်အီရန်နျူစွမ်းအင်ထုတ်လုပ်ရေးကဏ္ဍတွင် ပါဝင်ပတ်သက်ခဲ့သူများပိုင်ဆိုင်သည့် လုပ်ငန်းများကို နိုင်ငံတကာအသိုင်းအဝိုင်းက စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်ထားသည်။

ဂျပန်နိုင်ငံသည် အီရန်နိုင်ငံနှင့် မူလရှိရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမိုရို ခိုင်ရှီဒါက မီဒီယာသို့ ပြောသည်။

ဂျပန်စီးပွားရေးလုပ်ငန်းရှင်များသည် အီရန်နိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် အသင့်အနေအထားဖြစ်လျက်ရှိကြောင်း ဝန်ကြီးကဆက်လက်ပြောသည်။

အမေရိကန်နိုင်ငံအပါအဝင် အနောက်အင်အားကြီးနိုင်ငံများသည် အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို လွန်ခဲ့သောသီတင်းပတ်က ဖြေလျှော့ခဲ့ပြီးဖြစ်သည်။အီရန်နိုင်ငံအနေဖြင့် စီးပွားရေးပိတ်ဆို့မှုမှ ကင်းလွတ်ခဲ့ပြီးနောက် ဂျပန်အာမခံကုမ္ပဏီများက အီရန်နိုင်ငံနှင့် ချုပ်ဆိုမည့် ကုန်သွယ်ရေးဆိုင်ရာ စာချုပ်များအပေါ် အကာအကွယ်ပေးမည့် မူဝါဒများကို မကြာမီထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက အီရန်နိုင်ငံ၏ ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍများတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုအသစ်များ မကြာမီထပ်မံပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နှင့် အခြားသောနိုင်ငံများက ဘဏ်လုပ်ငန်းများ၊ စတီးလုပ်ငန်း၊ သင်္ဘောဖြင့်ကုန်စည်ပို့ဆောင်သည့် လုပ်ငန်းများအပြင် အခြားသောစီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖြေလျှော့ပေးခဲ့သည်။ ရေနံအဓိကထုတ်လုပ်သည့်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံအနေဖြင့်လည်း ငါးနှစ်ကြာဝေးကွာခဲ့ရသော နိုင်ငံတကာဈေးကွက်များသို့ပြန်လည်ဝင်ရောက်နိုင်ပြီဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်ရန် ယူနီဆက်နှင့်လူမှုအဖွဲ့ အစည်းများ တောင်းဆို



**ဒမတ်စကတ် ဇန်နဝါရီ ၂၂**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း ၁၂၀ ကျော်နှင့် ကုလသမဂ္ဂ အေဂျင်စီများက ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသော ပြည်တွင်းစစ်ပွဲအဆုံးသတ်ရပ်ဆိုင်းရန် တောင်းဆိုခဲ့ကြသည်။

ကုလသမဂ္ဂနိုင်ငံတကာကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)နှင့် အခြားသော လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ မေတ္တာရပ်ခံတောင်းဆိုသည့် ကြေညာချက်တစ်စောင်ကို ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ဆီးရီးယားပြည်တွင်းစစ်သည် ၂၀၁၁ ခုနှစ် မတ်လတွင် ဒီမိုကရေစီစနစ်ရရှိရေးလှုပ်ရှားဆန္ဒပြသူများကို အစိုးရက အင်အားသုံးနှိမ်နင်းရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ယခုအခါ ဆီးရီးယားနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေသူ ၁၃ ဒသမ ၅ သန်းရှိသည်ဟု ဆိုသည်။ အဆိုပါကိန်းဂဏန်းအချက်အလက်သည် စာရင်းဇယားတစ်ခုအနေဖြင့်သာမဟုတ်ဘဲ တစ်ဦးတစ်ယောက်ချင်းစီ၏ အနာဂတ်ဘဝများသည် အန္တရာယ်များနှင့် အမှန်တကယ်ရင်ဆိုင်နေကြရသည်ဟု ဖော်ပြထားသည်။

ဆီးရီးယားပြည်တွင်းစစ်သည် ယခုအခါ ခြောက်နှစ်ထဲသို့ရောက်ရှိလာတော့မည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိမှုများနှင့် သေဆုံးမှုများသည်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ဆီးရီးယားပြည်သူအတော်များများသည် လူသူလက်နက်များဖြင့် ဝိုင်းရံထားခြင်းခံနေကြသည်ဟု ဆိုသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း အစားအစာနှင့် အခြားသော အရေးပေါ်အကူအညီများ ပေးအပ်နိုင်ရေး ဝင်ရောက်ခွင့်ရရှိရန်လိုအပ်ကြောင်း ဖော်ပြထားပြီး စာသင်ကျောင်းများနှင့် ဆေးရုံများအပါအဝင် လူမှုအဆောက်အအုံများကို တိုက်ခိုက်ခြင်းမပြုရန်လည်း တိုက်တွန်းထားသည်။ အစားအစာနှင့် ဆေးဝါးထောက်ပံ့မှု ပြတ်တောက်ခြင်းကြောင့် ကလေးငယ်များသေဆုံးစေနိုင်ကြောင်း ယူနီဆက်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

## နယ်စပ်ဒေသလုံခြုံရေး လစ်ဟာမှုများရှိနိုင်ကြောင်း အင်ဒိုနီးရှားရဲချုပ်သတိပေး

**ဂျကာတာ ဇန်နဝါရီ ၂၂**

အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ အူဂါတိုင်းရင်းသားမျိုးနွယ်စစ်သွေးကြွများ အုပ်စုသုံးစုခွဲ၍ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်ခြင်းသည် နယ်စပ်ဒေသလုံခြုံရေး လစ်ဟာမှုများရှိနိုင်သည့်ဘေးအန္တရာယ်ကို သတိပေးရာရောက်ကြောင်း ရဲချုပ်ဘာဒရိုဒင်ဟိုင်တီ၏ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုထက်ပိုမို၍ အသေအပျောက်များနိုင်သော အကြမ်းဖက်တိုက်ခိုက်မှု ထပ်မံဖြစ်ပေါ်နိုင်ဖွယ်ရှိမှုအတွက် လုံခြုံရေးတပ်ဖွဲ့များကို အမြင့်ဆုံးတပ်လှန့်ထားချိန်တွင် ရဲချုပ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ အူဂါတိုင်းရင်းသားမျိုးနွယ် ၁၀ ဦးထက်မနည်းသည် လွန်ခဲ့သည့် ၁၈ လတာ ကာလအတွင်း အင်ဒိုနီးရှားနယ်စပ်ဒေသကို ဖြတ်ကျော်ကာ စိမ့်ဝင်လာခဲ့ကြောင်း၊ ၎င်းတို့သည် အစွန်းရောက်အစ္စလာမ္မစ်စစ်သွေးကြွများနှင့် ပူးပေါင်းကာ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ဖွယ်ရှိကြောင်း ရဲချုပ်ကပြောကြားသည်။

တစ်နံတစ်လျားကျယ်ပြောလှသည့် ဧရိယာအတွင်းကျွန်းစုပေါင်း ၁၈၀၀၀ ဖြင့် ဖွဲ့စည်းထားသော ကျွန်းစုနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၏နယ်စပ်ဒေသသည် ရှည်လျားလွန်းသဖြင့် ပြင်ပမှ စိမ့်ဝင်ထိုးဖောက်လာသည့် စစ်သွေးကြွများ၏ ဘေးအန္တရာယ်အတွက် စိုးရိမ်စရာကောင်းကြောင်း ရဲချုပ်က ပြောကြားသည်။

**ရိုက်တာ။**

## ၂၀၁၅ ခုနှစ်သည် နှစ်ပေါင်း ၁၃၅ နှစ်အတွင်း အပူပြင်းဆုံးနှစ်ဖြစ်ဟုဆို



**ဝါရှင်တန် ဇန်နဝါရီ ၂၂**

၂၀၁၅ ခုနှစ်သည် ၁၈၈၀ ပြည့်နှစ်နောက်ပိုင်း အပူပြင်းဆုံးနှစ် တစ်နှစ်အဖြစ် စံချိန်တင်ကြောင်း အမေရိကန်အာကာသအေဂျင်စီ(နာဆာ)ကထုတ်ပြန်သော လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်အတွက် ကမ္ဘာကြီးပူနွေးမှုဆိုင်ရာ လေ့လာချက်ကို နာဆာသိပ္ပံပညာရှင်များကထုတ်ပြန်ရာတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၁၃၅ နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အပူချိန်များကို လေ့လာကာ အပူပြင်းဆုံးနှစ်အဖြစ် ၂၀၁၅ ခုနှစ်ကို သတ်မှတ်ခြင်းဖြစ်ကြောင်း နာဆာအုပ်ချုပ်ရေးမှူး ချားလိစ်ဘော်ဒန်က ပြောကြားသည်။

၂၀၁၅ ခုနှစ်သည် အပူချိန်အရ စံချိန်တင်သည့်နှစ်ဖြစ်ပြီး ကာလရှည်ကမ္ဘာကြီးပူနွေးမှု ဆက်လက်ဖြစ်ပေါ်နေပုံကို ဖော်ကျူးနေကြောင်း၊ အပူပြင်းဆုံးနှစ်ပေါင်း ၁၆ ခုရှိသည့်အနက် ၁၅ ခုမှာ ၂၀၀၁ ခုနှစ်နောက်ပိုင်းဖြစ်ပေါ်ခြင်းဖြစ်ကြောင်း ဘော်ဒန်ကပြောကြားသည်။

**ရိုက်တာ။**

## လော့စ်အိန်ဂျလိစ်နှင့်ချန်ရှားမြို့အကြား ဟိုင်နန်လေကြောင်းလိုင်း ပထမဆုံးအကြိမ်တိုက်ရိုက်ပျံသန်း

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့မှ တရုတ်နိုင်ငံအလယ်ပိုင်း ချန်ရှားမြို့သို့ ပထမဆုံးအကြိမ်တိုက်ရိုက်လေကြောင်းပျံသန်းမှုကို တရုတ်နိုင်ငံ ဟိုင်နန်လေကြောင်းလိုင်းက ဇန်နဝါရီ ၂၀ ရက်တွင် စတင်လိုက်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်မြို့တော် ချန်ရှားနှင့် အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းရိုးတန်းဒေသမှ အကြီးဆုံးမြို့ကြီးဖြစ်သည့် လော့စ်အိန်ဂျလိစ်အကြား တိုက်ရိုက်လေကြောင်းပျံသန်းသည့်အခမ်းအနားကို လော့စ်အိန်ဂျလိစ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ကျင်းပရာ ဟိုင်နန်လေကြောင်းလိုင်းနှင့် အဆိုပါလေဆိပ်မှ တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားကြသည်။

လော့စ်အိန်ဂျလိစ်မြို့မှ ဇန်နဝါရီ ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် လေကြောင်းပျံသန်းမှုကို စတင်ခဲ့သည်။ယင်းခရီးစဉ်တွင် အသုံးပြုသောလေယာဉ်မှာ ဘိုးရင်း ၇၈၇ အမျိုးအစားဖြစ်သည်။ယခုခရီးစဉ်မှာ ဟိုင်နန်လေကြောင်းလိုင်းအနေဖြင့် လော့စ်အိန်ဂျလိစ်မြို့မှ တရုတ်နိုင်ငံချန်ရှားမြို့သို့ ပထမဆုံးအကြိမ် တိုက်ရိုက်ပျံသန်းခြင်းဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်လေဆိပ်အာဏာပိုင်များကပြောကြားသည်။ယင်းလေကြောင်းလိုင်းသည် တရုတ်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုရှိ ချီကာဂို၊ ဘော့စတွန်၊ ဆန်ဟိုဆေး ဆီယက်တယ်မြို့များနှင့် ကနေဒါနိုင်ငံမှ တိုရွန်တိုမြို့သို့တိုက်ရိုက်ပျံသန်းရန် ကမ်းလှမ်းထားသည်။ **ဆင်ဟွာ။**

**✱ ကျောဖုံးမှ**

မိတ်ဝတ်မပျက်ဆက်ဆံရေးတို့ကို ရှေ့ရှုပြီး လူမှုရေးအရ ငဲ့ညှာသောအားဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည့် အကျဉ်းသားများမှာ အင်းစိန်ထောင်မှ ၂၅ ဦး၊ မန္တလေးထောင်မှ လေးဦး၊ ရမည်းသင်းထောင်မှ တစ်ဦး၊ ညောင်ဦးထောင်မှ နှစ်ဦး၊ မိတ္ထီလာထောင်မှတစ်ဦး၊ သာယာဝတီထောင်မှ ၁၅ ဦး၊ တောင်ငူထောင်မှသုံးဦး၊ ပြည်ထောင်မှလေးဦး၊ ပေါင်းတည်ထောင်မှတစ်ဦး၊ သရက်ထောင်မှတစ်ဦး၊ ကိုးပင်သာစည်စခန်းမှတစ်ဦး၊ ပုသိမ်ထောင်မှတစ်ဦး၊ မြောင်းမြထောင်မှတစ်ဦး၊ မြစ်ကြီးနားထောင်မှနှစ်ဦး၊ ပူတာအိုထောင်မှတစ်ဦး၊ ထားဝယ်ထောင်မှတစ်ဦး၊ ဘားအံထောင်မှ ၁၉ ဦး၊ စစ်တွေထောင်မှသုံးဦး၊ တောင်ကြီးထောင်မှတစ်ဦး၊ လားရှိုးထောင်မှကိုးဦး၊ သီပေါထောင်မှလေးဦးနှင့် ကင်းသာ(၁)စခန်းမှနှစ်ဦး စုစုပေါင်းအကျဉ်းသား ၁၀၂ ဦးတို့အား ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# 7 Day News ဂျာနယ်မှ ဘာသာရေးဆိုင်ရာထိခိုက်စေသော သရုပ်ဖော်ပုံ ဖော်ပြခဲ့မှုအပေါ် မီဒီယာကျင့်ဝတ်များနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်ရေး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီထံသို့ အကြောင်းကြားထားရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

7 Day News ဂျာနယ်၏ ဇန်နဝါရီ ၁၃ ရက်ထုတ် အတွဲ-၁၄၊ အမှတ်စဉ်၄၅ စာမျက်နှာ၂၃ တွင် **"ပုဂံဘုရားပွဲအသစ်နှင့် ပုဂံအမြင်သစ်"**ခေါင်းစဉ်ဖြင့် သတင်းဆောင်းပါးနှင့်တွဲလျက် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရှိသည့် ပုဂံရှေးဟောင်းဘုရားစေတီပုထိုးများနှင့် ကမုတ်ခွက်ကို တွဲဖက်၍ သရုပ်ဖော်ပုံဖော်ပြခဲ့ပြီးနောက် ဇန်နဝါရီ ၁၆ ရက်ထုတ် 7 Day Daily သတင်းစာနှင့် ဇန်နဝါရီ ၂၀ ရက်ထုတ် 7 Day News ဂျာနယ်တို့တွင် ထိုသို့ဖော်ပြခဲ့ခြင်းနှင့် ပတ်သက်၍ **"ရဟန်းရှင်လူပြည်သူများအား တောင်းပန်အပ်ပါကြောင်း"** ပြန်လည်ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ 7 Day Daily သတင်းစာနှင့် 7 Day News ဂျာနယ်တို့တွင် ပြန်လည်တောင်းပန်ခဲ့သော်လည်း အချို့သော ရဟန်းရှင်လူပြည်သူများမှာ ကျေနပ်မှုမရှိကြောင်း သိရှိရသဖြင့် 7 Day News ဂျာနယ်အနေဖြင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ ဖော်ပြမည်ဆိုပါက အထူးအလေးထားဆောင်ရွက်သွားရေး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ သက်ဆိုင်ရာဂျာနယ်သို့ အကြောင်းကြားပေးနိုင်ပါရန် သာသနာရေးဝန်ကြီးဌာနမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီထံသို့ 7 Day News ဂျာနယ်အနေဖြင့် ဘာသာရေးဆိုင်ရာများ ဖော်ပြရာတွင် အလေးထားလိုက်နာဆောင်ရွက်ရေးအတွက် သတင်းမီဒီယာဥပဒေပါ မီဒီယာကျင့်ဝတ်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ပါရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခြေအမြစ်မရှိသည့်သတင်းများ နားမယောင်ရန် ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကလေးများ ခိုးယူသည်ဆိုသည့် အခြေအမြစ်မရှိသော ကောလာဟလသတင်းများနှင့် ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁၀)ရပ်ကွက် အလက(၁) မြညီလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဇင်က လူမှုကွန်ရက်များတွင် ဖော်ပြထားသော ကလေးသူခိုးဖြစ်စဉ်များမှာ မဟုတ်မမှန် ကောလာဟလသတင်းများသာဖြစ်ကြောင်း၊ မမှန်ကန်သည့်သတင်းများကို မိမိပတ်ဝန်းကျင်တွင် ပြန်လည်ရှင်းလင်းပြောပြသင့်ကြောင်း ဆွေးနွေးပြီး လမ်းမတော်မြို့မရဲစခန်းမှ ဒုတိယရဲမှူးမင်းဟန်က ကောလာဟလသတင်းများကြောင့် လူ့အသက်ဆုံးရှုံးခဲ့ရသည်အထိဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်သူများက စိုးရိမ်ပူပန်မှုရှိနေကြောင်း၊ မသမာသူများက လုပ်ကြံဖန်တီးသည့် သတင်းများလည်းရှိနေပြီး ချင့်ချိန်ပြီးယုံသင့်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အတွင်းမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# ဂျပန်နိုင်ငံမှ ဘွဲ့ကြို၊ ဘွဲ့လွန်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ပဲခူးမြို့သို့ ချစ်ကြည်ရေးလာရောက်လေ့လာ

**ပဲခူး ဇန်နဝါရီ ၂၂**

ဂျပန်နိုင်ငံမှ ဘွဲ့ကြို၊ ဘွဲ့လွန်တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၃ ဦးတို့သည် Jensys ၂၀၁၅ ပရိုဂရမ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် ပဲခူးမြို့သို့ ချစ်ကြည်ရေးအလည်အပတ် လာရောက်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ ပဲခူးမြို့နယ်ပညာရေးမှူး ဦးဝင်းသိန်း၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးအေးသိန်း၊ အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇင်သက်ဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ဝိုင်အမ်ဘီအေခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇင်သက်ဦးက နှုတ်ခွန်းဆက်စကားနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ဂျပန်နိုင်ငံ ဘွဲ့ကြို၊ ဘွဲ့လွန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများက ကျောင်းချစ်ကြည်ရေးဖလှယ်ရန် အစီအစဉ်အရ ဂျပန်နိုင်ငံ၏အကြောင်း တင်ပြခြင်း (Performance) များ တင်ဆက်ကြသည့်အပြင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ကျောင်းသား ကျောင်းသူများ ဝတ်ဆင်ကြသည့် ကျောင်းဝတ်စုံ၊ အားကစားဝတ်စုံ၊ ကျောင်းတွင်း၌ ပြုလုပ်ကြသည့် အားကစားနည်းများ၊ လက်တွေ့ပြုလုပ်ရသည့် သိပ္ပံ/ဝိဇ္ဇာစမ်းသပ်မှုများ စသည်တို့ကို အပြန်အလှန် နှိုင်းယှဉ်ဆန်းစစ်ကြသည်။

Jensys ၂၀၁၅ ဆိုသည်မှာ အခြားနိုင်ငံများရှိ လူငယ်များက ဂျပန်နိုင်ငံနှင့် ဂျပန်လူမျိုးတို့အပေါ် ပိုမိုနားလည်သဘောပေါက်လာစေရန် ရည်ရွယ်၍ ဂျပန်နိုင်ငံအစိုးရက ဆောင်ရွက်ပေးသော အပြန်အလှန်ချစ်ကြည်ရေးဖလှယ်သည့် အစီအစဉ်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ နိုင်ငံရေး၊ လူ့ဘောင်အဖွဲ့အစည်း၊ သမိုင်းနှင့် သံတမန်ရေးရာမူဝါဒများကို မြန်မာနိုင်ငံသားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်နှင့် ဂျပန်နိုင်ငံ၏ စိတ်ဝင်စားဖွယ်ရာများကို ပိုမိုသိရှိစေရန်၊ မြန်မာနိုင်ငံသားများနှင့် ဂျပန်နိုင်ငံသားများ အပြန်အလှန်ယုံကြည်မှု ယခုထက် ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်အတွက် ချစ်ကြည်ရေးခရီးစဉ် လာရောက်ခြင်းဖြစ်သည်။

ယင်းအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်တွင် ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်များသို့ သွားရောက်၍ မြန်မာပြည်သူများ နေထိုင်၊ စားသောက်၊ ဝတ်ဆင်မှုများနှင့် ရိုးရာယဉ်ကျေးမှုများကို လေ့လာကြမည်ဖြစ်ပြီး ဇန်နဝါရီ ၂၄ ရက်တွင် ပဲခူးမြို့ရှိ သမိုင်းဝင်အထင်ကရနေရာများအား သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**(၅၈၈)**

**ကျိုက်မရော ဇန်နဝါရီ ၂၂**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် အမက(၃) မူလွန်ကျောင်းခန်းမ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာများ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပသည်။

ကျိုက်မရောမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကော့ဝက်၊ ကော့ပြည့်၊ ငဖယ်ချောင်၊ ဦးလေးကျေးရွာနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရေပူ-ကော့စပ်၊ အတ္ထရံ၊ ခနောင်၊ လမုခို-ညောင်တုန်းကျေးရွာတို့တွင် ကျေးရွာစီမံကိန်းရန်ပုံငွေမှ တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ ဖြင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေခြင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံခြင်း၊ အာဟာရပြည့်ဝခြင်း၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာခြင်းနှင့် တုံ့ပြန်နိုင်သော၊ စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေခြင်း စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**(ကြေးမုံ)**

# ကင်းထောက်နည်းဗျူဟာရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့အားကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် အဆိုပြုဝင်ရောက်နိုင်ရေး လုပ်ငန်းအစီအစဉ်တစ်ရပ်အနေဖြင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့မှ အဆင့်မြင့်အရာရှိကြီးများ ဦးဆောင်ကျင်းပမည့် မြန်မာနိုင်ငံကင်းထောက်ဆိုင်ရာ နိုင်ငံအဆင့်နည်းဗျူဟာရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း လမ်းမတော် စွမ်းအားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံကင်းထောက်လုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကအရင်းအမြစ်ဖြစ်သော လူငယ်များ ပြုစုပျိုးထောင်ရေး လုပ်ငန်းစဉ်အလုပ်ရုံဆွေးနွေးပွဲကိုလည်း ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ အဆိုပါ ကျောင်း၌ပင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

ဖော်ပြပါ အလုပ်ရုံဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ တက္ကသိုလ်နှင့် အခြေခံပညာအဆင့်မှ ကင်းထောက် ဆရာများနှင့် ကင်းထောက် ကျောင်းသားခေါင်းဆောင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြမည်ဟု သိရသည်။

**ကိုလတ် (သတင်းစဉ်)**

**○ စက်သုံးဆီမှ**

ကားလမ်းပိတ်လို့တို့၊ ဟိုကြေးဒီကြေးနဲ့ မကျန်တော့လို့တို့ဆိုပြီး ဈေးပြန်မကျတော့ဘူး။ တက်ပြီးတဲ့ဈေးက ပြန်ကျတယ်ဆိုတာ လုံးဝမရှိဘူး။ တက္ကစီခလည်း ဈေးမကျသလို လိုင်းကားလည်း ဈေးမကျဘူး။ အဲဒီဈေးတွေ မကျတော့ ကုန်ဈေးနှုန်းလည်း မကျဘူး။ဝယ်ဈေးမကျတော့ ရောင်းဈေးလည်း မကျဘူးပေါ့။ စားသုံးသူတွေ ဝန်ပိတယ်။ ကျွန်မတို့လည်း ဈေးသည်ပေမယ့် တခြားတစ်ဖက်ကစရိတ်တွေက မကျဘူးလေ"ဟု ရန်ကုန်မြို့ တာမွေဈေးမှ အထွေထွေကုန်ခြောက်ရောင်းသူတစ်ဦးက ပြောသည်။

ကမ္ဘာ့ရေနံစိမ်း တစ်စည်လျှင် ဒေါ်လာ ၃၀ အောက် ရောက်ရှိခဲ့ပြီး ဆယ်စုနှစ်တစ်ခုကျော်အတွင်း အနိမ့်ဆုံးဈေး ဖြစ်သည်ဟု သိရသည်။ ရေနံဈေးကျဆင်းမှုသည် အချိန်အကြာဆုံး ကျဆင်းမှုဖြစ်ခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီအရောင်းဆိုင်များတွင် ဈေးနှုန်းများ လျှော့ချရောင်းချမှုမှာ မကြာသေးပေ။ ဇန်နဝါရီ ၁၈ ရက်တွင် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းက ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ညှိနှိုင်းရောင်းချနိုင်ရေးအတွက် ကုမ္ပဏီများအား စာထုတ်ပြန်ခဲ့ပြီး စက်သုံးဆီဆိပ်ကမ်းအရောက်အရင်းဈေးနှုန်းများနှင့် အရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော လက်လီဈေးနှုန်းများ များစွာကွာဟမှု ရှိနေသောကြောင့် ဒီဇယ် တစ်လီတာလျှင် ကျပ် ၅၀၀၊ Ron ၉၂ တစ်လီတာ လျှင် ကျပ် ၅၅၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင် ကျပ် ၅၆၀၊ Ron ၉၅ တစ်လီတာလျှင် ကျပ် ၆၆၀ ထက်မပိုသော ဈေးနှုန်းများဖြင့် ရောင်းချပေးသွားနိုင်ရန် ညှိနှိုင်းအကြောင်းကြားစာ ထုတ်ပြန်ခဲ့သည်။

အဆိုပါ ညှိနှိုင်းသတ်မှတ်ပေးသော ဈေးနှုန်းများအတိုင်း ဇန်နဝါရီ ၁၉ ရက်မှ စတင်ကာ ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ ဈေးနှုန်းလျှော့ချရောင်းချလာသော်လည်း အချို့ဆိုင်များမှာ သိသိသာသာ လျှော့ကျခြင်းမရှိကြောင်း သိရသည်။ အထူးသဖြင့် နယ်မြို့များရှိ စက်သုံးဆီအရောင်းဆိုင်များမှာ ရန်ကုန်မြို့ဈေးနှင့် ညှိနှိုင်းရောင်းချနိုင်ခြင်းမရှိသေးဘဲ သယ်ယူစရိတ်၊ တစ်ဆင့်ဝယ်ယူရသော စရိတ်တို့ဖြင့် အဆင့်ဆင့် ကန့်သတ်မှုများကြောင့် ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ဇန်နဝါရီ ၂၀ ရက်က အဆိုပါအသင်းအနေဖြင့် ကုမ္ပဏီများအားတိုက်တွန်းစာ ထပ်မံထုတ်ပြန်ခဲ့ရာတွင် ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ ဒီဇယ်ဆီများ၏ ဆိပ်ကမ်းအရောက် တစ်ရက်ပျမ်းမျှဈေးမှာ ၃၇၃ ကျပ်သာ ဖြစ်သောကြောင့် ဝယ်ယူသုံးစွဲသူများ အဆင်ပြေစေရန် တစ်လီတာလျှင် ကျပ် ၄၈၀ နှုန်း၊ အဆင့်မြင့် ဒီဇယ်တစ်လီတာလျှင် ကျပ် ၅၂၀ နှုန်း ထက်မပိုသော နှုန်းထားများဖြင့် ရောင်းချပေးသွားနိုင်ရန်၊ အဆိုပါ ဈေးနှုန်းများမှာ ရန်ကုန်မြို့ရှိ ဈေးနှုန်းများဖြစ်သဖြင့် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် သယ်ဆောင်စရိတ်များ ထည့်သွင်းတွက်ချက်ရောင်းချသွားရန် တိုက်တွန်းအကြောင်းကြားသည်ဟု ထပ်မံထုတ်ပြန်ခဲ့သည်။

"မြန်မာပြည်မှာ စီးပွားရေးလုပ်တာမှာ စံနှုန်းတွေ၊ စနစ်တွေ ပြီးတော့ ထိရောက်တဲ့အရေးယူမှုတွေ အားနည်းတဲ့အခါ အဆင့်တိုင်းမှာ လိုအပ်ချက်တွေဖြစ်ခဲ့တာ တွေ့ရှိတယ်။ ဘတ်စ်ကားပြေးဆွဲမှု၊ တက္ကစီပြေးဆွဲမှုတွေမှာ စံသတ်မှတ်ချက်နှုန်းတွေ မရှိဘူး။ ပိုက်ဆံရှိရင် ကားဝယ်ပြီး ကားပြေးဆွဲနေကြတယ်။ ဒါကလည်း ရင်းနှီးမြှုပ်နှံမှုလို ဖြစ်နေပြီး အများပြည်သူ ဝန်ဆောင်မှု မဖြစ်တော့ အားနည်းချက်တွေ အများကြီးဖြစ်ခဲ့တယ်။ အခုမှ ပြုပြင်မယ်ဆိုရင် တကယ်ကို လွယ်တော့မလွယ်ဘူး။ ဒီလိုပဲ စက်သုံးဆီမှာ အရင်က အစိုးရက လုပ်တယ်။ နောက်တော့ ပုဂ္ဂလိကတွေကို ပေးလိုက်တယ်။ သွင်းလာတဲ့ဆီတွေမှာ စံနှုန်းတွေက မတူဘူး။ ဒီလိုမျိုးပဲ ကဏ္ဍတိုင်းမှာဖြစ်သလို ကြုံသလို လုပ်ခဲ့တာတွေရှိနေတော့ ခေတ်စကားနဲ့ပြောရင် ဆေးမြီးတိုနဲ့ ကုခဲ့တာပေါ့။ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားတာတွေလည်း ရှိတယ်။ လစာတိုးတာထက် ကုန်ဈေးနှုန်း မတက်တာ၊ ဝင်ငွေနဲ့ထွက်ငွေ လုံလောက်မျှတပြီး စုဆောင်းနိုင်မှသာ အခြေခံလူတန်းစားနဲ့ လူလတ်တန်းစားတွေ အဆင်ပြေမှာဖြစ်ပြီး တိုင်းပြည်စီးပွားရေးတိုးတက်တယ်၊ လူနေမှုအဆင့်အတန်း မြင့်မားလာတယ်လို့ ဆိုနိုင်တယ်"ဟု စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်အခြေချ နေထိုင်လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**(၀၀၁)**

# ကလေးစာပေ ဖွံ့ဖြိုးစေ

ဦးဟန်ညွန့်(ဥပဒေ)

**နိုဘယ်-မြန်မာစာပေပွဲတော်**

နိုဘယ်-မြန်မာစာပေပွဲတော်တက်ရန် ဖိတ်စာရသည်။ နေပြည်တော်မှာ အလုပ်များနေ၍ ရန်ကုန်သို့မသွားနိုင်။ ကိုယ်တိုင်မသွားနိုင်သော်ငြား ဇနီးနှင့်သားကို ကိုယ်စားလွှတ်၍ စိတ်ကြိုက်စာအုပ်များ အဝယ်သွားခိုင်းရသည်။ ထူးခြားလေးနက်သော ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတက်မိသည်။

**အမည်ပေးပုံ**

၂၀၁၄ ခုနှစ်အတွင်း နော်ဝေနိုင်ငံမှ စာပေသမားများနှင့် မြန်မာနိုင်ငံမှ စာပေသမားများ တွေ့ဆုံခဲ့ကြသည်။ နိုင်ငံတကာပူးပေါင်းစီစဉ်မည့် စာပေပွဲတော်တစ်ရပ်ကျင်းပရန် စိတ်ကူးမိခဲ့ကြသည်။ ဆွီဒင်နိုင်ငံသည် စာပေနိုဘယ်ဆုချီးမြှင့်သည့်နိုင်ငံ ဖြစ်သည်။ နော်ဝေနိုင်ငံသည် ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်သည့် နိုင်ငံဖြစ်သည်။ ဤအချက်များ အခြေပြု၍ နိုဘယ်-မြန်မာစာပေပွဲတော်ဟု အမည်ပေးခဲ့သည်။

**တက်ရောက်ချီးမြှင့်သူများ**

ကျင်းပရေးဥက္ကဋ္ဌ စာရေးဆရာဖေမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကဦးတင်ဦးတို့က ဦးဆောင်၍ ပွဲတော်ကို ဖွင့်ပေးသည်။ နိုင်ငံတကာစာပေပညာရှင်များကိုယ်စား မစ္စတာအော်ဒွန်းအားဂရိ (Audun Aagre) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က သဝဏ်လွှာများပေးပို့သည်။

**ထူးခြားချက်**

ကလေးများအကြိုက် ကာတွန်းဇာတ်ကောင်များ၊ စာပေပွဲတော်လာကလေးများကိုယ်တိုင် ပါဝင်ဆင်နွှဲနိုင်သည့် ပုံပြောစွမ်းရည်၊ ကဗျာရွတ်စွမ်းရည်၊ စာဖတ်စွမ်းရည်၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပခြင်းမှာ ထူးခြားလှသည်။ သုံးရက်ကြာကျင်းပသည်။ စာပေပညာရှင်တို့၏ စာပေဟောပြောပွဲ၊ စာရေးဆရာ၊ ဆရာမများ ပါဝင်သရုပ်ဆောင်ထားကြသည့် တေးသရုပ်ဖော်ဇာတ်လမ်း၊ အနုပညာရှင်များ၏ ဖျော်ဖြေပွဲ၊ စာအုပ်ဆိုင်များ၏ စာအုပ်စာပေရောင်းချသည့် အစီအစဉ်တွေလည်း ပါဝင်သည်။

**ကလေးစာပေနှီးနှောဖလှယ်ပွဲ**

၁၉၆၅ ခုနှစ်က ကျင်းပခဲ့သော စာပေဗိမာန်၏ ကလေးစာပေ နှီးနှောဖလှယ်ပွဲသို့ စာရေးသူတက်ရောက်ခဲ့ပုံများ ပြန်လည်သတိရသည်။ နှစ်ပေါင်းငါးဆယ်ကျော်ခဲ့ပြီ။ မမေ့နိုင်သေး။ ဆရာကြီးဒေါက်တာမောင်ဖြူး၊ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးလူထုဦးလှတို့က ကလေးစာပေဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားခဲ့ခြင်းဖြစ်သည်။

**ဒေါက်တာမောင်ဖြူး၏စာတမ်း**

ဆရာကြီးဒေါက်တာမောင်ဖြူး၏ "ကလေးစာပေ၊ ကမ္ဘာနှင့်မြန်မာစာအခြေအနေစာတမ်း"တွင် မြန်မာပြည်၌ ၁၉၃၀ ပြည့်နှစ်လောက်ကမှ ပညာရှင်အချို့သည် ဂရိပုံပြင်များကို မြန်မာဘာသာသို့ပြန်ဆိုခဲ့ကြောင်း၊ အနှစ် ၂၀၀ ကျော်ကြာမှ ကလေးစာပေပေါ်ပေါက်လာကြောင်း၊ ကလေးစာပေ၏အစ ပုံပြောခြင်းကဟု ဆိုနိုင်ကြောင်း၊ ပုံနှိပ်စက်မပေါ်ခင်က နှုတ်ပြောကလေးစာပေတွင် မြန်မာနိုင်ငံသည် ရှေ့ပြေးဖြစ်ခဲ့သော်လည်း ပုံနှိပ်ခေတ်တွင် နောက်ကျန်ခဲ့ကြောင်း သုံးသပ်ဖတ်ကြားခဲ့သည်။

မြန်မာနိုင်ငံကလေးစာပေအဖြစ် ရာဗိန္ဒြာနတ်တဂိုး (Rabindranath Tagore)၏ ဆန်းစသော်တာ (The Crescent Moon) ကလေးကဗျာကို ဘာသာပြန်ဖူးကြောင်း၊ "ရွှေတိဂုံကိုမြင်လျှင်" "အရိပ်ကလေး" "ဖြူတုတ်ဘဲကလေး" ကဗျာကို ဖွဲ့ထားကြောင်း၊ မြန်မာပြည်၌ ကလေးစာပေ မထွန်းကားသောအကြောင်းတစ်ရပ်မှာ အင်္ဂလိပ်ခေတ်၌ မြန်မာစာကို မှီးဖိုချောင်ပို့ပြီး အင်္ဂလိပ်စာကို အဆမတန်လုံးပန်းရသောကြောင့်ဖြစ်ကြောင်း၊ ကလေးစာပေကို ဆရာဖြစ်သင်ကျောင်း၌ ဘာသာရပ်တစ်ခုအနေနှင့် သင်ပေးရန်လိုအပ်ကြောင်း အကြံပြုဖတ်ကြားခဲ့သည်။

**မင်းသုဝဏ်၏စာတမ်း**

ဆရာကြီးမင်းသုဝဏ်က "မြန်မာကလေးစာပေသမိုင်းစာတမ်း" ဖတ်ကြားခဲ့သည်။ "စာပေဆိုသည်မှာ အက္ခရာအရေးအသားဖြင့်ပြီးသည်ဟူ၍ တရားသေဆိုပါမူ မြန်မာစာပေတွင် ကလေးစာပေမရှိခဲ့ပါဟု ဖြေရပါမည်" ဟု အစချီကာ ဆရာကြီးက စာတမ်းဖတ်ကြားခဲ့သည်။

မြန်မာ့ကျေးလက်ပုံပြင်များသည် မြန်မာ့ကလေးစာပေဖြစ်သည်ဟု ဆိုကြောင်း၊ "မအိပ်မနေအသက်ရှည်။" "သွားဖန်များ ခရီးရောက်" "မေးဖန်များ စကားရ" ဆိုသောစကားလေးများ၊ ကစားရင်းဆိုကြသော "ညောင်ပင်တစ္ဆေ ဝေလေလေ၊ နင်ဘယ်ကိုင်းမှာနေ" ဆိုသောစကားလေးများသည် ကလေးများ ရွက်ရဆိုရလွယ်သဖြင့် ကလေးကဗျာပုံသဏ္ဌာန်ဖြစ်နေကြောင်း၊ "မိုးတွေလေတွေလာပါပေါ့ ကဆုန်လပြည့်ကျော်၊" "အမေရေလာပါတော့ ကျီးကန်းတမော့မော့" ဆိုသောအမေမျှော်တေးများသည်လည်း ကလေးတို့ဝန်းကျင်၌ တွင်ကျယ်နေကြောင်း၊ မြန်မာ့ကလေး သားချော့တေးများသည်လည်း ခံ့ညားစွာပါဝင်နေကြောင်း စသည်ဖြင့် ကလေးစာပေသမိုင်းကို ဖွင့်လှစ်ဖတ်ကြားခဲ့သည်။

**လူထုဦးလှ၏စာတမ်း**

ဆရာကြီး လူထုဦးလှကလည်း "ယနေ့မြန်မာ့ကလေးစာပေ" စာတမ်းတွင်-

(၁) ရုပ်စုံပါသော ရုပ်ရှင်စာစောင်များ
(၂) စာနယ်ဇင်းများမှ ကလေးများအခန်း
(၃) တစ်ခါတစ်ရံထွက်သော ပုံပြင်စာအုပ်များ
(၄) ကာတွန်းစာအုပ်များ
(၅) မူလတန်း၊ အလယ်တန်းကျောင်းဖတ်စာများ
(၆) စာပေဗိမာန်ထုတ်စာအုပ်များ
(၇) ကလေးဂျာနယ်၊ ရှေ့ဆောင်လူငယ်စာစောင်များ

ကိုကလေးများဖတ်ရှုနေကြကြောင်း တင်ပြထားသည်။ ရုပ်ရှင်စာစောင်တချို့မှာ အမြင်မတော်သောပုံများ ပြည့်လျှံနေသောကြောင့် ကလေးများမဖတ်ထိုက်ကြောင်း၊ အချို့စာစောင်များချို့ယွင်းချက်ရှိကြောင်း၊ ကလေးစာပေတွင် မိဘ၏ချစ်ခြင်း၊ မိဘ၏မေတ္တာပါဝင်ကြောင်း၊ ပုံပြင်များမှ အသိအလိမ္မာများရရှိကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ပုံပြင်များကို ထုတ်ဝေခဲ့ကြောင်း၊ ကာတွန်းစာအုပ်များသည် ကလေးများအတွက် ပုံပြင်ထက် အရေးပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုရှုထောင့်က အလေးပေး၍ ရေးသင့်ကြောင်း ကလေးများအတွက် ကဗျာကို ခပ်တိုတိုရေးသင့်ကြောင်း စသည်ဖြင့် သုံးသပ်ဖတ်ကြားခဲ့ဖူးသည်။

**ကလေးလူငယ်စာပေ**

ကလေးလူငယ်စာပေနှီးနှောဖလှယ်ပွဲကိုလည်း ၁၉၇၃ ခုနှစ်က ရန်ကုန်မြို့ ဂျူဗလီခန်းမ၌ ကျင်းပဖူးသည်။ ပြန်လည်တင်ပြပါရစေ။

ထိုစဉ်က-

-အသက် ခြောက်နှစ်မှ ၁၀ နှစ်ထိ တေဇလူငယ်

-အသက် ၁၀ နှစ်မှ ၁၅ နှစ်အထိ ရှေ့ဆောင်လူငယ်

-အသက် ၁၅ နှစ်မှ ၂၅ နှစ်အထိ လမ်းစဉ်လူငယ်

ဟူ၍ ပိုင်းခြားသတ်မှတ်ခဲ့သည်။

ဦးအုန်းကျော်(စာရေးဆရာမောင်ကျော်သာ)က "ကလေးလူငယ်စာပေလှုပ်ရှားမှု"စာတမ်းတင်သွင်းဖတ်ကြားသည်။ ပန်းချီ ဦးဘကြည်(ပညာရေးတက္ကသိုလ်)က "ကလေးလူငယ်စာပေသရုပ်ဖော်နှင့်ကာတွန်း"ခေါင်းစဉ်ဖြင့် စာတမ်းတင်သည်။ ဆရာကြီးအောင်သင်းက "ကလေးလူငယ်စာပေတွင် ပုံပြင်၏ကဏ္ဍ"စာတမ်းဖတ်ကြားသည်။ ဆရာတက္ကသိုလ်မောင်အောင်ဆွေက "ခေတ်သစ်ဟန်ပုံဝတ္ထု" စာတမ်းတင်သွင်းသည်။ ဆရာမောင်ကောင်းမြင့်က "ကလေးလူငယ်သုတစာပေ" စာတမ်းတင်သွင်းသည်။ ဆရာမကြီး ဒေါ်မြမွန်က "ကလေးလူငယ်နှင့်စာပေစိတ်" စာတမ်းတင်သွင်းသည်။ ဆရာကြီးမင်းယုဝေက "နိုင်ငံခြား ကလေးလူငယ်စာပေလေ့လာချက်" စာတမ်းဖတ်ကြားသည်။ ခေါင်းစဉ်များစုံသည်။ ဘာသာရပ်စုံသည်။ ကလေးလူငယ်စာပေ၏အခန်းကဏ္ဍမြင့်တင်ခဲ့ကြသည်။

**စာပေဗိမာန်၏ကျေးဇူး**

စာပေဗိမာန်သည် စာပေတိုးတက်ရေး၊ လူထုကြားစာပေစိမ့်ဝင်ရေး၊ စာပေသဘင်များ၊ စာပေညီလာခံများ၊ စာတမ်းဖတ်ပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ စာပေပြပွဲများကျင်းပခြင်းများဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သည်။ အဖွဲ့အစည်း

## Facebook မှာ ဘယ်လောက် ခေတ်မီ တိုးတက်သော်ငြား စာအုပ်များကိုမူ မေ့၍မသွား။ မေ့သွားလျှင်လည်း ခဏမျှသာ။ စာအုပ်စာပေ လူ့မိတ်ဆွေတဲ့

အသီးသီးနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စာပေဗိမာန်၏ကျေးဇူးကြောင့် အမှောင်ခွင်း၍ အလင်းဆောင်နိုင်ပေသည်။ သတင်းမီဒီယာ လောကအတွက် အားတက်ဖွယ်ဆောင်ရွက်ချက်များကို လက်ကမ်းကြိုဆိုနေပါသည်။

**ဘကြီးအောင်ညာတယ်ပြဇာတ်**

"ဆရာကြီးမင်းသုဝဏ်"ရေးသော "ဘကြီးအောင်ညာတယ်" ပြဇာတ်သည် မြန်မာစာပေလောကတွင် ထင်ရှားသည်။ ဘယ်သောအခါမှ မရိုးနိုင်၊ မအီနိုင်၊ ရင်ဝယ်ခံစား၊ မှတ်သားနေဆဲ။ လူကြီးတွေက လွယ်လွယ်ကတိပေးတတ်သည်။ ကလေးတွေက စိတ်ထဲစွဲထားမှတ်ထားသည်။ ပြီးတော့ ကတိမတည်။ ဘဝနှင့်ရင်း၍ပေါက်ကွဲခံစားရသော ကလေးလူငယ်အတွက် ရတက်မအေး။ ဘယ်လိုများ ဖန်တီးရေးသားခဲ့ပါသလဲ ဆရာကြီးမင်းသုဝဏ်ခင်ဗျား။ ဆရာကြီးမင်းသုဝဏ်အားရိုကျိုးစွာ ရှိခိုးကန်တော့လိုက်ပါသည်။

**ကလေးသရုပ်ဆောင် မောင်ခေတ်ထွန်း**

ကလေးနှင့်တူသော သရုပ်သကန်ပီပြင်စွာတင်ဆက်နိုင်မည့် ကျွန်တော့်မိတ်ဆွေ စာရေးဆရာမောင်ခေတ်ထွန်းက ဆရာကြီးမင်းသုဝဏ်၏ပြဇာတ်တွင် ကလေးပုံစံသရုပ်ဆောင်သည်။ ဇာတ်ညွှန်းရေးသူကလည်း နာမည်ကျော် ဆရာချစ်ဦးညိုပါ။ စောစောကသိလျှင် ကျွန်တော်လည်းတစ်နေရာရာမှာ ပါဝင်ချင်ဘိသေး။ တက္ကသိုလ်ဥပဒေကျောင်းသားဘဝက ဆရာကြီးဇော်ဂျီ(ရေး) "ဝတ်လုံတော်ရမောင်သောင်းဖေ" ပြဇာတ်ကခဲ့ဖူးသည်။ မောင်သောင်းဖေအဖြစ် သရုပ်ဆောင်ခဲ့သူပါ။ တက္ကသိုလ်အနုပညာအသင်း (အသင်းဝင်)အဖြစ် သင်တန်းတက်ခဲ့ရသည်ပါ။ ဘဘ ဗိုလ်ကလေးတင့်အောင်ကလည်း ဒါရိုက်တာအဖြစ် "အိုဘယ့်တဏှာ မိမာယာ" တေးသရုပ်ဖော် ဇာတ်ကခဲ့တာတွေ၊ သင်တန်းတက်ခဲ့တာတွေကို မောင်ခေတ်ထွန်းကို အကြောင်းပြု၍ ပြန်ပြောင်းအောက်မေ့မိခြင်းပါ။ ဘာပဲဖြစ်ဖြစ် မောင်ခေတ်ထွန်း၏ အနုပညာကို မှတ်တမ်းခွေထဲမှာ ပြန်ကြည့်ဂုဏ်ပြုဦးမည်။

**ဝိဇယပြဇာတ်ကခဲ့သည်**

ပထမအကြိမ်စာဆိုတော်နေ့ကို ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက် (၁၃၀၆ ခုနှစ်)မှာ စတင်ကျင်းပခဲ့ပါသည်။ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီး ထိုအချိန်က ကျွန်တော်တို့ပင်မမွေးသေး။ ရန်ကုန်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက ဝိဇယပြဇာတ်ကခဲ့သည်တဲ့။ ဤအစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြပါသည်။ ရှေးစာဆိုတစ်ဦး ခရီး၏အတ္ထုပ္ပတ္တိကိုဇာတ်အိမ်ဖွဲ့ကာ ပြဇာတ်ကပြခြင်းဖြစ်ပါသည်။ ပြဇာတ်ကခြင်းမှာ ရှက်စရာမဟုတ်ပါ။ သူငယ်ပြန်ခြင်းလည်း မဟုတ်ပါ။ စာပေသဘောအရ အနုပညာရှင်စာဆိုတော်ကြီးများအား ဂုဏ်ပြုခြင်းသက်သက်ပါ။ ပျောက်ကွယ်မှုကို ပြန်လည်ဖော်ထုတ်ကြရမှာပါ။

**ကလေးများ၏ပွဲ**

ဤပွဲသည် ကလေးများ၏ပွဲ။ လူကြီးပွဲထက်သာသည်။ ဂုဏ်ယူသည်။ ပျော်သည်။ ကြည်နူးသည်။ Facebook မှာ ဘယ်လောက်ခေတ်မီတိုးတက်သော်ငြား စာအုပ်များကိုမူမေ့၍မသွား။ မေ့သွားလျှင်လည်းခဏမျှသာ။ စာအုပ်စာပေလူ့မိတ်ဆွေတဲ့။ သိပ္ပံပညာတွေတိုးတက်ခေတ်မီတာတွေလက်ခံပါ၏။ သုတအသိဉာဏ်ဖွံ့ဖြိုးဖို့ဘက်စုံလေ့လာမည်။ ပူးပေါင်းမည်။ တာဝန်ရှိလူကြီးများက ကလေးတွေအတွက် မနားမနေစီစဉ်ပေးကြမည်ဟုယုံသည်။ လိုတာတွေရှိလျှင် ဖြည့်ကြပါ။

**အတုံးလိုက်အတစ်လိုက်**

အတုံးလိုက်အတစ်လိုက်၊ ခက်ခက်ခဲခဲကြီးတွေနှင့် ပညာမပေးမိဖို့တော့ လိုမည်ထင်သည်။ ကလေးက ကလေးပါပဲ။ ပညာရှင်တွေပိုသိပါမည်။ မြန်မာ့ဂုဏ်ရည်စိန်တိုးကြည်တို့အဖွဲ့ကလည်း ရုပ်သေးကြိုးဆွဲပညာဖြင့် အခမဲ့လာရောက်ဖျော်ဖြေသည်။ ကလေးတွေပျော်ရွှင်နေကြသည်တဲ့။ အားရစရာကြီးပါ။

**မြေးမလေးအတွက်ဦးစားပေး**

"အဖေကြီးအတွက် ဥပဒေစာအုပ်တွေ၊ နိုင်ငံရေးသုတစာအုပ်တွေ များများဝယ်လာမယ်" ဟု ဇနီးက ရန်ကုန်မှ ဖုန်းဆက်သည်။ ထိုအခါ "အဖေကြီးအတွက် အရေးမကြီးဘူး။ မြေးမလေးအတွက်ပုံပြင်စာအုပ်တွေ၊ ပန်းချီစာအုပ်တွေဦးစားပေးပြီးများများဝယ်ခဲ့ပါ"ဟု သတိပေးလိုက်ပါကြောင်း။ ။

---

# အစားအသောက်၊ ဆေးဝါးကွပ်ကဲရေးဌာနနှင့် မြို့တော်စည်ပင်ပူးပေါင်း၍ ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချစေရန် ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၂၂**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (မန္တလေး)၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန၊ ကျန်းမာရေးဌာနခွဲ၊ စာသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ အများပြည်သူတို့ ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချစေရန်အတွက် ဇန်နဝါရီလဆန်းမှ စတင်၍ မန္တလေးခရိုင်အတွင်းရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

ကွင်းဆင်း စစ်ဆေးရာတွင် ဆေးဝါးများ၏ အရည်အသွေးအာနိသင် ဘေးအန္တရာယ်ကင်းရှင်းမှုများသည် ဆေးဝါးသိုလှောင်သိမ်းဆည်းမှုစနစ်တွင် မူတည်နေသည်။ သိုလှောင်သိမ်းဆည်းမှု မကောင်းပါက အရည်အသွေး ပျက်ပြယ်နိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးများလည်း ဖြစ်ပေါ်နိုင်သည်။ ဆေးဝါးများကို အေး၍ခြောက်သွေ့သော နေရာများတွင်စနစ်တကျစင်ဖြင့် သိုလှောင်သိမ်းဆည်းရန်၊ နေရောင်ခြည် တိုက်ရိုက်ကျရောက်နိုင်သော နေရာများနှင့် အပူချိန် အလွန်မြင့်မားသော နေရာများတွင် သိုလှောင်သိမ်းဆည်းခြင်းမပြုရန်၊ စိုထိုင်းဆများသော နေရာများတွင် ဆေးဝါးများ သိုလှောင်ထားခြင်းမပြုရန်၊ ခွေးရူးပြန်ကာကွယ်ဆေး၊ ကင်ဆာရောဂါ ကုသဆေးများကဲ့သို့သောဆေးများကို ရေခဲသေတ္တာထဲတွင် စနစ်တကျ သိမ်းဆည်းရောင်းချရန် ပညာပေးဆွေးနွေးသည်။

ပြည်သူများအနေဖြင့်လည်း သုံးစွဲနေသော ဆေးဝါးများတွင် မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ် မပါရှိလျှင်သော်လည်းကောင်း၊ သုံးစွဲနေကျ ဆေးဝါးများ၏ အရည်အသွေးကို သံသယဖြစ်လျှင်သော်လည်းကောင်း၊ ဆေးဝါးအတုဟု သံသယဖြစ်ဖွယ်ဆေးဝါးများ တွေ့ရှိလျှင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)ဖုန်း၀၂-၆၂၁၁၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ပြည်တွင်းရေးရာ

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချီလီနိုင်ငံသမ္မတဟောင်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ချီလီနိုင်ငံသမ္မတဟောင်း မစ္စတာ ရီကာဒိုလားဂိုစ့် ခေါင်းဆောင်သော ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ (Madrid) အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

## ဥပဒေကြမ်း ၃ ခုအား အတည်ပြုခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်း ၃ ခုအား အတည်ပြုခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် **၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ **၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း** တစ်ရပ်လုံးအား လွှတ်တော်မှအတည်ပြုနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## Myanmar National Symphony Orchestra Concert 2016 တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ တေးဂီတပညာရှင်ဂီတမှူး Mr. Yunosuke Yamamoto ဦးဆောင်သော အနုပညာရှင်အဖွဲ့တို့ ပူးပေါင်း၍ Myanmar National Symphony Orchestra Concert 2016 တေးဂီတဖျော်ဖြေပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

တေးဂီတဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့်ဇနီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တေးဂီတဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့နှင့်အတူ ဂျပန်နိုင်ငံမှ တေးဂီတပညာရှင် ဂီတမှူး Mr. Yunosuke Yamamoto၊ စန္ဒရားပညာရှင် Ms. Kyoko Koyama နှင့် ကမ္ဘာကျော် Jazz ဂီတပညာရှင် Mr. Yosuke Yanashita တို့က ကမ္ဘာကျော် ဂန္ထဝင်တေးသွားများ၊ ရုပ်ရှင်တေးများ၊ Jazz တေးသွားများနှင့် မရိုးနိုင်သော မြန်မာတေးသီချင်းများနှင့် ရုပ်ရှင်သီချင်းများကို ဖျော်ဖြေတင်ဆက်ကြသည်။

တေးဂီတဖျော်ဖြေပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ဂီတမှူး Mr. Yunosuke Yamamoto အား ဂုဏ်ပြုပန်းစည်းကို လည်းကောင်း၊ သံရုံးများမှ တာဝန်ရှိသူများက ဂျပန်ဂီတပညာရှင်များအား ဂုဏ်ပြုပန်းစည်းများကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့အား ဂုဏ်ပြုပန်းခြင်းကိုလည်းကောင်း ပေးအပ်ကြသည်။

နိုင်ငံတော်သံစုံတီးဝိုင်းကို ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အမေရိကန်၊ အင်္ဂလန်၊ ဩစတြီးယား၊ ဂျာမနီ၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့မှ ကျော်ကြားသော ဂီတပညာရှင်များထံမှ ဂီတပညာများကို ဆည်းပူးခဲ့ကြသည်။ ထိုင်းနှင့် တရုတ်နိုင်ငံများသို့လည်း ပညာတော်သင် သွားရောက်ခဲ့ကြပြီး တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ သွားရောက်ဖျော်ဖြေခဲ့ကြသည်။ ၂၀၁၃ ခုနှစ်ကလည်း ရန်ကုန်၊ မန္တလေးမြို့တို့ အပြင် ကမ္ဘောဒီးယားနိုင်ငံရှိ ရှေးဟောင်း အန်ကောဝပ် ဘုရားကျောင်း၌ ပြင်သစ်ဂီတပညာရှင်များနှင့် ပူးပေါင်းဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယခု ဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ရီရီမြင့်၊ ဥမ္မာသန့်)**




**Myanmar National Symphony Orchestra Concert 2016 တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပစဉ်။**

ဓာတ်ပုံ- ဇော်မင်းလတ်

## ပြည်တွင်းရေးရာ

❖ ရှေ့ဖုံးမှ

အယူဝါဒခွဲခြားခြင်းမရှိသော လူသားအားလုံး ကျင့်သုံးနိုင်သည့် အခြေခံခိုင်မာစွာ တည်ဆောက်ထားသော ဘာသာတရားဖြစ်ပါသည်။"

ကမ္ဘာ့ရှာခေတ်တွင် မတူကွဲပြားသော လူမျိုး၊ ယဉ်ကျေးမှုနှင့် ဘာသာတရားများရှိသည့် လူသားများသည် ရှေးယခင်ကာလများထက်ပို၍ အတူတကွ နေထိုင်လုပ်ကိုင်နေကြရပြီဖြစ်ပါသည်။ မတူကွဲပြားသော မျိုးရိုးဇာတိနှင့် မတူကွဲပြားသော ယဉ်ကျေးမှုရှိသည့် လူမှုအသိုက်အဝန်းများသည် နိုင်ငံတကာအမှတ်အသားတစ်ခုအဖြစ် တည်ရှိလာပြီဖြစ်ပါသည်။ ယင်းနှင့်အတူ အသားအရောင်၊ အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်မှုနှင့် အခြားအကြောင်းတရားများအခြေခံလျက် ဘက်လိုက်မှု၊ အုပ်စုဖွဲ့မှုဟူသော မလိုလားအပ်သည့် နောက်ဆက်တွဲဆိုးကျိုးများလည်း ပေါ်ပေါက်လာပါသည်။ တစ်ချိန်တည်းမှာပင် အမုန်းစကားများ၊ ရန်ငြိုးရန်စများ၊ လူမျိုးရေးနှင့် ဘာသာရေးဆက်နွှယ်သော ပဋိပက္ခများအပြင် အဆိုးဆုံးမှာ အစွန်းရောက်ဝါဒများ၊ အကြမ်းဖက်ဝါဒများ ပေါ်ထွန်းလာစေခြင်းဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်၌ ပူလောင်ခြင်းရှိလျှင် ငြိမ်းချမ်းခြင်းရှိသည်၊ အမှောင်ရှိလျှင် အလင်းရှိသည်ဟူ၍ ထုတ်ဖော်ဟောကြားထားပါသည်။ အဝိဇ္ဇာအမှောင်တွင်း၌ ပိတ်လှောင်ခြင်းခံကြရသော ကမ္ဘာ့လူသားတို့သည် ပူလောင်ခြင်း၏အကြောင်းရင်းခံနှင့် ပူလောင်ခြင်းသဘောတို့ကို ကွဲပြားခြားနားစွာ မသိကြပါ။ ထို့ကြောင့် ယနေ့ကမ္ဘာ၌ ဖြစ်ပွားနေသော စစ်ပွဲတို့သည် တောက်လောင်လျက်ရှိသော မီးပုံထဲသို့ လောင်စာများကို ထပ်မံထည့်သွင်းနေသကဲ့သို့ ဖြစ်ပါသည်။

တဏှာလောဘအစွန်းရောက်သူတို့သည် မီးပုံထဲသို့ လောင်စာထည့်သူများ ဖြစ်ကြပါသည်။ ဒေါသအာဃာတ အစွန်းရောက်သူတို့သည်လည်း ဤကမ္ဘာလောကကြီးကို မီးရှို့သူများဖြစ်ပါသည်။ ယင်းနိယာမသဘောသည် လူမျိုးဘာသာမရွေး လူသားတိုင်း၌ ရှိနေကြပါသည်။ သို့ဖြစ်ပါ၍ "မည်သည့်တိုင်းပြည် မည်သည့်လူမျိုးမဆို လောဘဟူသော အစွန်းတစ်ဖက်နှင့် ဒေါသဟူသော အခြားအစွန်းတစ်ဖက် စသည့်အစွန်းနှစ်ဖက်ကို လွတ်အောင်ရှောင်၍ မဇ္ဈိမပဋိပဒါအလယ်လမ်းကို လျှောက်လှမ်းနိုင်ရန် အရေးကြီးပါသည်။ ကမ္ဘာတစ်ဝန်းရှိ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသားရေး ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်အားလုံးတို့က လူသားအားလုံးကို အစွန်းနှစ်ဖက်မှ လွတ်အောင်ရှောင်ရန်နှင့် အလယ်လမ်းကို လျှောက်လှမ်းကြရန် ဝိုင်းဝန်းတိုက်တွန်းနှိုးဆော်မှုပြုလျက် အတူတကွ ကြိုးပမ်းအားထုတ်ကြရန်" ပြောကြားလိုပါသည်။

အလယ်လမ်းဆိုသည်မှာ သီလ၊ သမာဓိ၊ ပညာဖြစ်ပါသည်။ "ကိုးကွယ်မှုဘာသာတရားတိုင်းက ကိုယ်နှုတ်နှစ်ပါး ပြစ်မှုမလွန်ကျူးအောင် ထိန်းသိမ်းကြရန် ဆုံးမလမ်းညွှန်သည်ဟု တပည့်တော်ယုံကြည်ပါသည်။ ကိုးကွယ်မှုဘာသာတိုင်းကို တည်ထောင်ခဲ့ကြသည့် ဘာသာရေးခေါင်းဆောင်အားလုံးတို့သည် အစွန်းနှစ်ဖက်ကို လွတ်အောင်ရှောင်၍ စိတ်၏ တည်ငြိမ်ခြင်းကို တည်ဆောက်ကြရန် ဆုံးမလမ်းညွှန်တော်မူကြသည်ဟု တပည့်တော်ယုံကြည်ပါသည်။" ၎င်းအပြင် အရှိတရားနှင့် အမှန်တရားကို ဖော်ထုတ်ပြီး ရိုးသားစွာ သိမြင်နိုင်မှသာ ပြဿနာအားလုံး၏အဖြေကို ရရှိနိုင်လိမ့်မည်ဟူသော သစ္စာတရားကို ကြီးမြတ်သောပညာဖြင့် ဟောကြားညွှန်ပြကြသည်ဟုလည်း တပည့်တော် ယုံကြည်ပါသည်။ "ဘာသာတရားတိုင်းက ဆုံးမညွှန်ပြသော အစွန်းနှစ်ပါးကို လွတ်အောင်ရှောင်ခြင်း၊ အလယ်အလတ်လမ်းစဉ်ပေါ်၌ လျှောက်လှမ်းခြင်းကို လူသားတစ်ဦးချင်းမှစ၍ လူသားအားလုံးအထိ ကျင့်သုံးကြပါလျှင် တစ်ဦးချင်းစီ၏ ငြိမ်းချမ်းရေးမှ တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးအထိ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။"

၁၉၅၄ ခုနှစ် ဇွန်လတွင် တရုတ်ဝန်ကြီးချုပ်ဟောင်း ချူအင်လိုင်း၊ အိန္ဒိယဝန်ကြီးချုပ်ဟောင်း ဂျဝါဟာလ်နေရူးနှင့် မြန်မာဝန်ကြီးချုပ်ဟောင်း ဦးနုတို့သည် အပြန်အလှန်ချစ်ကြည်လေးစားမှုအတွက် သံတမန်ရေးရာ စံနှုန်းများ တည်ဆောက်ရန် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယင်းနောက် အဆိုပါမူကြီးငါးချက်သည် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အရေးပါသည့် ကမ္ဘာ့အဖွဲ့အစည်းများ၏ ကြေညာချက်များတွင် အဓိကအချက်များအဖြစ် ပါဝင်လာခဲ့ပါသည်။ ယင်းမူကြီး ငါးချက်မှာ-

(၁) တစ်နိုင်ငံနှင့် တစ်နိုင်ငံ အချုပ်အခြာအာဏာနှင့် နယ်မြေဒေသ အပိုင်းအခြားကို အပြန်အလှန်လေးစားရေး၊
(၂) အပြန်အလှန် ဒေါသအာဃာတ ကင်းစင်ရေး၊
(၃) တစ်နိုင်ငံနှင့်တစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် အပြန်အလှန် စွက်ဖက်မှု မရှိရေး၊
(၄) နှစ်ဖက်အကျိုးစီးပွားအတွက် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊
(၅) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ရှုထောင့်မှ ကြည့်မည်ဆိုပါက ဖော်ပြပါမူကြီးငါးချက်သည် ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူသော ဗြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်လျက်ရှိပါသည်။ မဟာကရုဏာတော်ရှင် ဗုဒ္ဓမြတ်စွာဘုရား၏ လူသားအားလုံးနှင့်သက်ဆိုင်သော သတင်းစကားများသည် လူသားအားလုံး လူမှု ဒုက္ခ သုခ အနှောင်အဖွဲ့များမှ ကင်းလွတ်ရေးအတွက် မေးခွန်းထုတ်ဖွယ် မလိုလောက်အောင်ပင် စွမ်းဆောင်ထားနိုင်သကဲ့သို့ လူသားတိုင်း ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်နိုင်သော အေးချမ်းဖွံ့ဖြိုးသည့် လူ့လောကကြီးသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ပါသည်။

"ဤဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကြီးသည် စစ်ပွဲနှင့် အကြမ်းဖက်မှုများ အဆုံးသတ်စေရန် အားထုတ်ကြိုးပမ်းရာတွင် အထောက်အပံ့တစ်ခုဖြစ်ပြီး လူသားတို့၏ လောကငြိမ်းချမ်းရေးနှင့် တစ်ကိုယ်ရေငြိမ်းချမ်းရေး နှစ်မျိုးလုံးအတွက်လည်း ထိရောက်မှုရှိမည်ဖြစ်ကြောင်း ယုံကြည်ပါသည်။"

ဤမင်္ဂလာအခါသမယတွင် ယခုကျင်းပသည့် ညီလာခံကြီး ပြီးမြောက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များနှင့် တက်ရောက်ကြသူအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးစားစွာ ဆန္ဒပြုဆုတောင်းအပ်ပါသည်။

သတ္တဝါမှန်သမျှ ချမ်းမြေ့သာယာရှိကြပါစေ...။

**မြတ်ဗုဒ္ဓ၏ တရားဒေသနာတော်များမှာ ဗုဒ္ဓဘာသာဝင်များအတွက်မျှသာမဟုတ်ဘဲ အသားအရောင်၊ အမျိုးအနွယ်၊ အယူဝါဒခွဲခြားခြင်းမရှိသော လူသားအားလုံး ကျင့်သုံးနိုင်သည့် အခြေခံခိုင်မာစွာ တည်ဆောက်ထားသော ဘာသာတရားဖြစ်ပါသည်။**

# မငြိမ်းချမ်းသောပြဿနာများကို ဗုဒ္ဓနည်းကျဖြေရှင်းချဉ်းကပ်နိုင်စေရန် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကြီး စတင်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

**ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေကြသော အကြမ်းဖက်မှုများအား ငြိမ်းချမ်းသောနည်းလမ်းဖြင့် အကျိုးမဲ့ကိုရှောင်ပြီး ဗုဒ္ဓဘာသာအခြေခံသော ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် သီတဂူဆရာတော်ကြီးက ဦးဆောင်၍ ကျင်းပလျက်ရှိရာ အဆိုပါညီလာခံကြီးသို့ တက်ရောက်လာကြသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ၊ လေ့လာသူများ၊ ပညာရှင်များ၏သုံးသပ်ပြောကြားချက်များကို တင်ပြလိုက်ရပါသည်။**



VEN BHIKKHU NAN DISENA (MEXICO)



ဦးကုမာရ (ညီလာခံကျင်းပရေးအဖွဲ့ဝင်)



Ven.Dr.Anil Sakya Sugandho (Thailand)



Most.Ven.Jnanapurnika (Nepal)



ဒေါက်တာဓမ္မပီယ

**VEN BHIKKHU NAN DISENA (MEXICO)**

သီတဂူဆရာတော်ရဲ့ ဖိတ်ကြားမှုအရ Summit ကို ရောက်လာခဲ့ရခြင်းဖြစ်ပါတယ်။ မူလက ကက်သလစ်ဘာသာဝင်တစ်ဦးဖြစ်ပြီး တက္ကသိုလ်တက်တာပြီးခါနီးချိန်မှာ ဗုဒ္ဓဘာသာအကြောင်းကို သတိထားလာမိတယ်။ အမေရိကန်ပြည်ထောင်စုမှာ ဘုန်းဘုန်းသီလနန္ဒာနဲ့ ဖူးမြော်တွေ့ဆုံခဲ့ရပြီးနောက်ပိုင်း ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်လာခဲ့တယ်။အာဂျင်တီးနား၊ မက္ကဆီကိုနဲ့ စပိန်တို့မှာ သာသနာပြုလုပ်ငန်းတွေကို ဆောင်ရွက်နေပြီး ပါဠိစာပေဖြစ်တဲ့ပိဋကတ်သုံးပုံကို စပိန်ဘာသာ ပြန်ဆိုတဲ့ အခါအများကြီး အခက်အခဲရှိပေမယ့် သာသနာအတွက် ထမ်းရွက်ပါတယ်။ ဘုန်းကြီးတစ်ပါး ဖြစ်လာဖို့အတွက် လည်းများစွာသော ဝိနည်းတွေကို ထိန်းသိမ်းရပါတယ်။ သို့သော် တရားဘာဝနာရှုမှတ်မှုကို လူငယ်တွေအတွက် ပိုပြီးပျိုးထောင်ပေးသင့်တယ်။

ဘုန်းကြီးအမြင်ပြောရရင် ဗုဒ္ဓဘာသာဟာငြိမ်းချမ်းမှု (ကိုယ်+စိတ်) နှစ်ပါးစလုံးကိုရရှိစေပြီး လောဘ၊ ဒေါသ၊ မောဟချုပ်ငြိမ်းရာသို့ ဦးတည်ထားပါတယ်။ အခု Summit မှာ ဗုဒ္ဓဝါဒအရ ငြိမ်းချမ်းခြင်းကို တည်ဆောက်သွားကြဖို့အတွက် မတူညီတဲ့ အမြင်တွေ၊ အတွေးတွေနဲ့ ရှုထောင့်စုံတွေကနေ ဆွေးနွေးကြမှာမို့ အတွေ့အကြုံတွေ အများကြီးရမယ်လို့ ယုံကြည်ပါတယ်။ ဆက်လက်ပြီးလည်း ဗုဒ္ဓဘာသာဝင် ရဟန်းတစ်ပါးအနေနဲ့ သာသနာပြုလုပ်ငန်းတွေမှာ များစွာ အထောက်အကူပြုနိုင်မှာမို့ သီတဂူဆရာတော်ရဲ့ကြိုးပမ်းမှုကို အားကျဂုဏ်ယူမိပါတယ်။

**ဦးကုမာရ**
**(ညီလာခံကျင်းပရေးအဖွဲ့ဝင်)**

နိုင်ငံပေါင်း ၆၀ ဖိတ်တာ ၅၁ နိုင်ငံလာမယ်။ ပြည်တွင်းက မကြွနိုင်တဲ့ သံဃာတော်တွေ၊ နိုင်ငံတော် သံဃနာယကဥက္ကဋ္ဌ ဆရာတော်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား ဝန်ကြီးချုပ်တွေက သဝဏ်လွှာတွေ ပို့ထားတယ်။ ခန်းမအတွင်းမှာက ၃၇၀ ကျော် တက်ရောက်နိုင်ပေမယ့် တကယ်တက်မယ့်သူက ၅၀၀ ကျော် ဖြစ်နေတဲ့အတွက် အပြင်မှာ LED Board တွေ လုပ်ထားပါတယ်။ ကျင်းပမယ့်ရက်က ၂၂ ရက်မှာ ဖွင့်ပွဲ၊ ၂၃ နဲ့ ၂၄ ရက်မှာ စာတမ်းတွေ ဖတ်မယ်။ ညနေကျတော့ စစ်ကိုင်းတောင် မဲဇာဂူ၊ အရိယဝံသချောင်၊ မဟာမုနိ၊ ကုသိုလ်တော်ကျောက်စာ၊ ဆွမ်းဦးပုညရှင်စတဲ့ ငါးနေရာပို့မယ်။ ၂၅ ရက်မှာ ပုဂံ-ညောင်ဦးကို ဘုရားဖူးပို့မယ်။ ၂၀၀၄ မှာ Buddhist Summit လုပ်ခဲ့ဖူးတယ်။ ကြီးကြီးမားမားကတော့ ဒါဒုတိယအကြိမ်ပါ။ အခြားဘာသာရေး၊ ပညာရေးအလိုက် Summit တွေ Conference တွေလည်းလုပ်ပါတယ်။ ဒါကတော့ဗုဒ္ဓဘာသာနဲ့ ငြိမ်းချမ်းရေးကို ဘယ်လိုဆောင်ရွက်ကြမလဲဆိုပြီး အဖြေရှာဖို့ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ ကမ္ဘာတစ်ဝန်း အကြမ်းဖက်တာတွေကို ဗုဒ္ဓဘာသာက မကြိုက်ပါဘူး။ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ ဖြေရှင်းဖို့ပါ။ အကျိုးမဲ့တာရှောင်ပြီး အကျိုးရှိအောင် တွေ့ဆုံဆွေးနွေးခြင်းကနေ အဖြေရှာဖို့ပါ။ ပြဿနာတွေကို ဗုဒ္ဓနည်းအရ ဘယ်လိုချဉ်းကပ်မလဲ။ ဘယ်လိုဖြေရှင်းမလဲဆိုတာ အဖြေရှာတာပါ။

**Ven.Dr.Anil Sakya Sugandho (Thailand)**
**(လက်ထောက်ပါမောက္ခ)**

ညီလာခံကျင်းပရေး EC အဖွဲ့ဝင်တစ်ဦးပါ။ သီတဂူဆရာတော်ရဲ့ တပည့်အနေနဲ့ ဒီညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်သွားမှာပါ။ ဒီအချိန်ဟာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရတာ အသင့်တော်ဆုံးအချိန်ပါ။ ငြိမ်းချမ်းတယ်ဆိုတဲ့စကားဟာ လူတွေ နေ့တိုင်းသုံးစွဲနေတဲ့ မင်္ဂလာပါလို့ နှုတ်ဆက်နေတဲ့စကားအတိုင်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေနိုင်ကြပါစေဆိုတဲ့ စကားလုံးမျိုးကို လူတွေရဲ့ နေ့စဉ်ဘဝမှာ အသုံးပြုပြီးတော့ မေတ္တာ၊ ကရုဏာနဲ့ ပြောဆိုနိုင်ကြမယ်ဆိုရင် အလွန်ကောင်းမှာပါ။ သီတဂူဆရာတော်ကြီးက ကမ္ဘာပေါ်မှာ ထင်ပေါ်ကျော်ကြားတဲ့ ဆရာတော်တစ်ပါးဖြစ်ပါတယ်။ သီတဂူဆရာတော်ကြီးက ဘာသာပေါင်းစုံတွေအချင်းချင်း ငြိမ်းချမ်းမှုရရှိရေး၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းတွေအားလုံး ဘာသာရေးပညာရှင်ပုဂ္ဂိုလ်တွေ အချင်းချင်းတွေ့ဆုံပြီး ဆွေးနွေးနိုင်ရေးအတွက် ညီလာခံကို ကျင်းပပေးတဲ့ ကြိုးပမ်းဆောင်ရွက်မှုဟာ သူ့ရဲ့စိတ်ရင်းစေတနာကို ဖော်ပြတာဖြစ်ပါတယ်။ ညီလာခံတွေ အတော်များများမှာ ငြိမ်းချမ်းရေးစကားကို အပြောပဲများနေကြတယ်။ အခု ဒီညီလာခံမှာတော့ ပြောဆိုဆွေးနွေးမယ့် အကြောင်းအရာတွေက ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေ စာတမ်းတွေဖတ်ကြမှာဆိုတော့ တကယ့်ငြိမ်းချမ်းရေးဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြမှာပါ။ ဒီလို ကြိုးပမ်းဆောင်ရွက်ကြဖို့အတွက် စေတနာနဲ့ သည်းခံစိတ်တွေ ထားရှိဖို့လိုပါတယ်။

**Most.Ven.Jnanapurnika**
**(Nepal)**

ကမ္ဘာကြီးဟာ အခုအခြေအနေမှာ အင်မတန် ကြောက်စရာကောင်းနေပါတယ်။ အဲ့ဒီတော့ မြတ်စွာဘုရားရဲ့ တရားတော်မှအပ လောကငြိမ်းချမ်းရေးရဖို့ သိပ်မလွယ်လှဘူး။ ဒါကြောင့် ဆရာတော်ကြီးက ငြိမ်းချမ်းရေးညီလာခံတွေ ခဏခဏ ကျင်းပပေးနေတာပါ။ ဒီညီလာခံတွေက ငြိမ်းချမ်းရေးအတွက် အထောက်အပံ့ဖြစ်လိမ့်မယ်လို့ ဘုန်းကြီးတို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံဟာ ထေရဝါဒနိုင်ငံတွေထဲမှာ ပရိယတ္တိ၊ ပရိပတ္တိတွေ ထိပ်ဆုံးက ခြေလှမ်းလှမ်းနေတဲ့နိုင်ငံဖြစ်ပါတယ်။ ဘုန်းကြီးအရေအတွက်က ယိုးဒယားကများနေပေမယ့် တကယ့်သာသနာရဲ့အခြေခံက မြန်မာပြည် **စာမျက်နှာ ၉ သို့** ❒



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ လဒတ်ပြည်နယ် လိမြို့ ဟမ်းမစ်ကျောင်းတော်မှပင့်ဆောင်လာသော မြတ်စွာဘုရား၏အရိုးဓာတ်တော်အား ဖူးမြော်ကြည်ညိုစဉ်။ (ဓာတ်ပုံ-သီတဂူ)

**❂ နိုင်ငံတော်သမ္မတမှ**

ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးညီလာခံ ဥက္ကဋ္ဌ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် တိဗက်ဆရာတော် ဒရုကပထုခ်ဆေးရင်ပိုချေး တို့ဦးဆောင်သည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်တွင်းရှိ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာရေးခေါင်းဆောင်များ၊ ပြည်တွင်း ပြည်ပ ဗုဒ္ဓစာပေဆိုင်ရာပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်၊ သီတဂူဆရာတော်နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့က ငြိမ်းချမ်းရေးဆီမီးတိုင်ကို ထွန်းညှိပေးကြသည်။

ယင်းနောက် တိဗက်ဆရာတော် ဒရုကပထုခ်ဆေးရင်ပိုချေး ဦးဆောင်သော တိဗက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ဗုဒ္ဓဂုဏ်တော်များကို သံပြိုင်ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ သီတဂူအပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ၊ ဒေါက်တာ အရှင်ဉာဏိဿရက ကြိုဆိုနှုတ်ခွန်းဆက် ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သာသနာတော်ဆိုင်ရာများနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

**(နိုင်ငံတော်သမ္မတ၏ သာသနာတော်ဆိုင်ရာ လျှောက်ထားချက်ကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ သဝဏ်လွှာကို ဒေါက်တာသန့်ဇင်က လည်းကောင်း၊ သာသနာပိုင် ရွှေကျင်ဆရာတော်ကြီး၏ သဝဏ်လွှာကို ဒေါက်တာ အရှင်ဆေကိန္ဒကလည်းကောင်း ဖတ်ကြားကြပြီးနောက် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသက ဩဝါဒကထာမြွက်ကြားသည်။



ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေး ညီလာခံဥက္ကဋ္ဌ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ငြိမ်းချမ်းရေးအလံ ပေးအပ်စဉ်။ (ဓာတ်ပုံ-သီတဂူ)

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံသို့ ပေးပို့လာသည့် သဝဏ်လွှာများကို အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ဖတ်ကြားကြသည်။

ယင်းနောက် ဟိမဝန္တာတောင်တန်းဒေသမှ ဒုတိယဂိုဏ်းချုပ် တိဗက်ဆရာတော် ထုခ်ဆေးရင်ပိုချေးနှင့် ဩစတြေးလျ-နယူးဇီလန် ရောက်ဗီယက်နမ် ဗုဒ္ဓဘာသာဝင်များ ညီညွတ်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဆရာတော်တို့က ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေး ညီလာခံကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းမြွက်ကြားသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးညီလာခံဥက္ကဋ္ဌ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ငြိမ်းချမ်းရေးအလံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေး ညီလာခံသို့ တက်ရောက်လာကြသည့် ဆရာတော် သံဃာတော်များ၊ လူပုဂ္ဂိုလ်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ညီလာခံတက်ရောက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်နယ်မြေသို့ ရောက်ရှိပြီး သီတဂူဝိပဿနာစေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေး ညီလာခံကို ယနေ့မှစတင်၍ ဇန်နဝါရီ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါ ညီလာခံသို့ နိုင်ငံခြားသား ဘာသာရေးပညာရှင် ၂၀၀ ကျော်နှင့် ပြည်တွင်းမှ ရဟန်းသံဃာများ၊ ဘာသာရေးပညာရှင်များနှင့် ဘာသာရေးခေါင်းဆောင်များနှင့် လေ့လာသူများ ၄၀၀ ကျော် စုစုပေါင်း ၆၀၀ ကျော် တက်ရောက်လျက်ရှိပြီး နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ဘာသာရေးကျွမ်းကျင်သူ ပညာရှင်များက စာတမ်းပေါင်း ၆၇ စောင် ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ-မြင်းမူးကျေးရွာ၌ တည်ထားကိုးကွယ်သည့် ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့်ဆီမီးတို့ ကပ်လှူပူဇော်ကာ စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**❒ စာမျက်နှာ ၈ မှ**

လောက်ခိုင်မာမှုမရှိဘူး။ အဲဒီတော့ မြန်မာပြည်အနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လုပ်နိုင်စွမ်းတဲ့အစွမ်းသတ္တိတွေက မြန်မာရဟန်းတော်တွေရော အစိုးရမှာရောရှိနေတယ်။ အစိုးရကလည်း ဗုဒ္ဓဘာသာကိုအားပေးနေတဲ့ အစိုးရဆိုတော့ အဘက်ဘက်ကနေပြီး ဂုဏ်ရည်တူနေတဲ့အတွက် ဒီငြိမ်းချမ်းရေး ညီလာခံကနေ ကမ္ဘာ့ငြိမ်းချမ်းရေးကို အများကြီးအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ လောကမှာ ငြိမ်းချမ်းရေးကအင်မတန်မှအရေးကြီးပါတယ်။ အခုအချိန်မှာ ကမ္ဘာအရပ်ရပ်မှာ ငြိမ်းချမ်းမှုမရှိတဲ့အတွက် ပြဿနာတွေအမျိုးမျိုးဖြစ်နေကြတယ်။ ကန့်သတ်ပိတ်ပင်တားဆီးတာတွေ၊ သဘာဝဘေးအန္တရာယ်တွေဖြစ်ပေါ်နေတယ်။ ဒါတွေဟာ ဘာနဲ့သက်ဆိုင်သလဲဆိုရင် လူတွေရဲ့ စိတ်ဓာတ်နဲ့သက်ဆိုင်တယ်။ စိတ်ဓာတ်ကောင်းမှ ရာသီဥတုကလည်း ကောင်းပြီး ကမ္ဘာရဲ့သဘာဝအရင်းအမြစ်တွေကလည်း ကောင်းလာမှာဖြစ်ပါတယ်။ ဘုန်းကြီးရဲ့ခံစားချက်အနေနဲ့ပြောရရင် ဗုဒ္ဓဟောတဲ့တရားတော်ကိုမလိုက်နာဘဲနဲ့ ဘယ်လိုနည်းနဲ့မှ ငြိမ်းချမ်းရေးမရနိုင်ဘူးဆိုတာကို လူတွေကိုသိစေချင်ပါတယ်။

**ဒေါက်တာ ဓမ္မပိယ**

ဒီညီလာခံမှာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖတ်ကြားမယ့် စာတမ်းတွေကို အစီအစဉ်တကျဖြစ်အောင် ဆောင်ရွက်ပေးရမှာပါ။ ဒီနေ့ကမ္ဘာလောကကြီးဟာ ပဋိပက္ခတွေ၊ ဆန့်ကျင်ဘက်တရားတွေနဲ့ ငြိမ်းချမ်းမှုမရှိဘူးဖြစ်နေတယ်။ ဒါကြောင့် အခုသီတဂူဆရာတော်ပြုလုပ်တဲ့ ငြိမ်းချမ်းရေးညီလာခံကြီးဟာ အချိန်အခါကောင်းဖြစ်နေတယ်။ ဘာသာတရားအရ အမြင်မတူကြလို့ ငြိမ်းချမ်းမှုလိုတာတွေ၊ လူမျိုးစုအခြေအနေတွေ မတူညီမှုကြောင့် ငြိမ်းချမ်းမှုလိုတာတွေ၊ တခြားနိုင်ငံရဲ့ မငြိမ်းမချမ်းဖြစ်နေတဲ့ စစ်မီးတွေ၊ ပဋိပက္ခတွေ ဒီနိုင်ငံကို ရောက်မလာအောင် ကြိုတင်ကာကွယ်တယ်လို့လည်း ပြောလို့ရသလို ရှိနေတဲ့အရာကိုလည်း ဒီလိုကမ္ဘာပေါင်းစုံက တက်ရောက်လာကြတဲ့ ဘာသာရေး ခေါင်းဆောင်တွေ စုံညီတဲ့ ညီလာခံကြီးလုပ်ပြီး ဗုဒ္ဓတရားတော်ဟာ ဘယ်လိုငြိမ်းချမ်းရေးကိုလိုလားတယ်။ ဘယ်လောက်အထိငြိမ်းချမ်းရေးကို အားစိုက်နေသလဲဆိုတာ ဘုရားတရားတော်နဲ့ အညီ သက်သေပြလို့ရတာပေါ့။ ဘုန်းဘုန်းတို့ရဲ့ မူလမြတ်စွာဘုရားရဲ့ တရားက ကိုယ်ကျင့်သိက္ခာနဲ့ ပြဟ္မစိုရ်တရားတွေ ကိုယ့်ကိုယ်ကိုယ် စောင့်ကြည့်ပြီး သတိဝီရိယထားတဲ့ သတိပဋ္ဌာန်တရားတွေဟာ မြန်မာနိုင်ငံမှာရှိနေတယ်။ ဒါပေမယ့် ကမ္ဘာက ဘုန်းဘုန်းတို့မြန်မာနိုင်ငံကို နိုင်ငံရေးကြောင့်ဖြစ်စေ၊ လူမျိုးစုကြောင့်ဖြစ်စေ တစ်စုံတစ်ခုသော အကြောင်းကြောင်းကြောင့်ဖြစ်စေ ဖြစ်လာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ရဟန်းသံဃာတွေအပေါ်မှာရော ဘာသာတရားတွေ အပေါ်မှာပါ သူတို့က ပဋိပက္ခအနေနဲ့ Issue တင်တတ်ကြတယ်။ ဒါကြောင့် အခု ဆရာတော်က ငြိမ်းချမ်းရေးညီလာခံကြီး လုပ်ပြတော့ ကမ္ဘာ့ခေါင်းဆောင်တွေ၊ ဘာသာရေးခေါင်းဆောင်တွေ ရောက်ကြမယ်။ ဘုန်းဘုန်းတို့လူမျိုးတွေရဲ့ ငြိမ်းချမ်းတဲ့ အနေအထား၊ စိတ်နေစိတ်ထားနဲ့ ငြိမ်းချမ်းတဲ့ နိုင်ငံတော်ကြီးကို ကိုယ်တိုင်မြင်ကြရတဲ့အခါမှ မြန်မာလူမျိုးတွေရဲ့ နွေးထွေးစွာကြိုဆိုမှု၊ တစ်ဖက်သားအပေါ်မှာ စာနာမှု၊ ချစ်ကြည်မှုတမှုတွေကို ဒီညီလာခံကြီးရဲ့ အကျိုးတရားနဲ့ ကမ္ဘာ့ခေါင်းဆောင်တွေ ပြောဆိုမြင်တွေ့ခွင့်ရကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီညီလာခံကြီးဟာတကယ့်အကျိုးကျေးဇူးတွေရရှိမှာ အမှန်ဖြစ်ပါတယ်။

**သတင်း-ခင်ရတနာ၊**
**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)**

# ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်

**ပဲခူး ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) တောင်ငူခရိုင် နတ်သံကွင်းမြို့ အမှတ်(၇) ရပ်ကွက်ရှိ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဗို့အားကျဆင်းသော နေရာများတွင် (၁၁/၀.၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ ၁၀ လုံးနှင့် ၄၀၀ ဗို့လိုင်း ပေ ၇၂၀ တိုးချဲ့တပ်ဆင်ပြီးစီးကြောင်း သိရသည်။ **(ကြေးမုံ)**

# စက်သုံးဆီအရောင်းဆိုင်များ ဈေးနှုန်းလျှော့ချပေးသော်လည်း သတ်မှတ်ဈေးနှုန်းများထက် များနေသေးဟုဆို

**ရွှေဘို ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသ၌ စက်သုံးဆီအရောင်းဆိုင်များ ဈေးနှုန်းချပေးသော်လည်း ရန်ကုန်နှင့် မန္တလေးရှိ စက်သုံးဆီအရောင်းဆိုင်များ၏ သတ်မှတ်ဈေးနှုန်းများထက် များနေသေးသည်ဟု ယင်းဒေသရှိ စက်သုံးဆီ ဝယ်ယူအသုံးပြုနေသည့် သုံးဘီးဆိုင်ကယ်ယာဉ်ပိုင်ရှင် တစ်ဦးထံမှ သိရသည်။

"စက်သုံးဆီကို နေ့စဉ်လိုလို တစ်လီတာချင်း ဝယ်ယူအသုံးပြုနေရာမှာ ဇန်နဝါရီ ၂၀ ရက်ကစပြီး ယခင်ရက်တွေထက် ဈေးနှုန်းလျှော့ချရောင်းချနေတယ်လို့ သိရပါတယ်။ စက်သုံးဆီအမျိုးအစားအလိုက် တစ်လီတာမှာ ငွေကျပ် ၅၀၊ ၁၀၀ လောက် ဈေးနှုန်းလျှော့ချရောင်းချနေပေမယ့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ ရန်ကုန်နှင့် မန္တလေးရှိ စက်သုံးဆီအရောင်းဆိုင်များရဲ့ သတ်မှတ်ဈေးနှုန်းများထက် များနေပါသေးတယ်" ဟု ခင်ဦးမြို့နေ သုံးဘီးဆိုင်ကယ် ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

အဆိုပါဒေသတွင် စက်သုံးဆီအမျိုးအစားအလိုက် တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း 92 ကျပ် ၆၅၀၊ အောက်တိန်း 95 ကျပ် ၈၀၀၊ ဒီဇယ်ကျပ် ၅၅၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၆၀၀ စသည့် ဈေးနှုန်းများဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးရှိ စက်သုံးဆီအရောင်းဆိုင်များ၏ တစ်လီတာ သတ်မှတ်ဈေးနှုန်းများမှာအောက်တိန်း 92 ကျပ် ၅၅၀၊ အောက်တိန်း 95 ကျပ် ၆၆၀၊ ဒီဇယ် ကျပ် ၅၀၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၅၆၀ စသည့်ဈေးနှုန်းများဖြစ်ကြောင်း သိရသည်။



မြန်မာနိုင်ငံရှိ စက်သုံးဆီရောင်းချသောဆိုင်များသည် နိုင်ငံတကာရှိ စက်သုံးဆီရောင်းချသော ဆိုင်များနှင့် ယှဉ်ကြည့်လျှင် ဈေးနှုန်းပိုမိုများနေသည့်အတွက် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ ရန်ကုန်နှင့် မန္တလေးရှိ စက်သုံးဆီအရောင်းဆိုင်များကို သတ်မှတ်ဈေးနှုန်းများအတိုင်း ဇန်နဝါရီ ၁၈ ရက်မှ စတင်ရောင်းချကြရန် ညွှန်ကြားထားကြောင်း သိရသည်။

**(ရောင်နီတင်ဝင်း )**

ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များ (ဇန်နဝါရီလ၊ ၂၀၁၆)
အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဖေဖော်ဝါရီလ၊ ၂၀၁၆)
ကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစမှ အသက် (၅)နှစ်အရွယ် ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးပါ။

# ဧရာဝတီတိုင်းဒေသကြီး ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှုများ ကျဆင်းရေးနှင့် မတော်တဆမှုများကြောင့် ပြည်သူများ အသက်ဆုံးရှုံးမှုများ မရှိစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးသိန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီနှင့် လုပ်ငန်းဆပ်ကော်မတီလေးခု ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်ဝတ္တရားများ သတ်မှတ်မှုအား အတည်ပြုခဲ့ကြကြောင်း သိရသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို လုပ်ငန်းဆပ်ကော်မတီလေးခုဖြစ်သော စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီနှင့် သုတေသနနှင့် ကျန်းမာရေးဆပ်ကော်မတီတို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

○○

# ဒေသဝမ်းစာဖူလုံစေရေး ညောင်ဦးမြို့နယ်၌ မြစ်ရေတင်စနစ်တိုးမြှင့်ပေးရန် ကျေးလက်တောင်သူလယ်သမားများမျှော်လင့်နေ

**ညောင်ဦး ဇန်နဝါရီ ၂၂**

သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကျေးလက်နေ တောင်သူလယ်သမားများကို ဒေသဝမ်းစာဖူလုံစေရန် ရေရှားပါးသည့်ဒေသများကို ရေတွင်း၊ ရေကန်များ ပြုလုပ်ပေးသကဲ့သို့ မိုးနည်းရပ်ဝန်းဒေသများဖြစ်သော ညောင်ဦးမြို့နယ်တွင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများကို မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ညောင်ဦးခရိုင်အတွင်းရှိ တောင်သူလယ်သမားများမှာ မိုးကိုအားကိုးပြီး စိုက်ပျိုးကြသလို အဆိုပါမြစ်ရေတင်မှ ပေးလွှတ်သောရေကိုသာ အဓိကအားထားစိုက်ပျိုးနေကြရသည်။

ညောင်ဦးခရိုင် အတွင်းရှိ ကျေးရွာများအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မြစ်ရေတင်လုပ်ငန်းများ၊ ရေကန် တူးဖော်ရေးလုပ်ငန်းများကို ၁၉၉၅-၁၉၉၆ ခုနှစ်မှ စတင်ဆောင်ရွက်ပေးခဲ့ပြီး ညောင်ဦးခရိုင်တွင် မြစ်ရေတင်လုပ်ငန်းကြီးငါးခုရှိပြီး ညောင်ဦးမြို့နယ် အုန်နဲချောင်းကျေးရွာအနီးတွင် ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ဧရာဝတီမြစ်ထဲတွင် မြစ်ရေတင်စက်ရုံတည်ပြီး မြစ်ရေများကို တစ်ဆင့်ရေတင်စခန်း ၁၇ ခုဖြင့် ရေတင်ပေးခဲ့သည်။

မြစ်ရေကို ပင်မမြောင်း ၁၀ ဒသမ ၆၈ မိုင်နှင့် လက်တံမြောင်း ၁၉ ဒသမ ၆ မိုင်အရှည်ဖြင့် ရေများ ပေးဝေဖြန့်ဖြူးသကဲ့သို့ မြစ်ရေများကို လျှပ်စစ်မော်တာဖြင့် ရေစုပ်စက်အလုံး ၇၀ ခန့် ထရန်စဖော်မာ ၁၉လုံးဖြင့် ကျေးလက်နေတောင်သူများကို ရေပေးဝေခဲ့သည်။ ယခုအခါ ကျေးလက်နေတောင်သူများမှ အဆိုပါ မြစ်ရေတင်မှ ရေကို အားကိုးပြီး စိုက်ပျိုးနေကြရကြောင်း သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့နယ်မှာ မြစ်ရေတင်စနစ်နဲ့ ရေပေးနေတာ ငါးခုရှိပါတယ်။ ငါ့သရောက်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ လောကနန္ဒာမြစ်ရေတင်၊ လက်ပန်ခြေပေါ်မြစ်ရေတင်နဲ့ ကျောက်ကူးမြစ်ရေတင်ဆိုပြီး ရှိတဲ့အနက် လက်ပံခြေပေါ်မြစ်ရေတင်နဲ့ ငါ့သရောက်မြစ်ရေတင်ဟာ အခုဆိုရင် ရေမလာတာကြာပါပြီ။ ကိုယ့်အားကိုယ်ကိုးပြီး စိုက်ပျိုးနေကြတဲ့ တောင်သူတွေအတွက် ဒေသဝမ်းစာမဖူလုံပါဘူး။ ဒီဒေသဟာ မိုးစပါး၊ နွေစပါးကိုသာ အဓိကထား စိုက်ပျိုးကြတာပါ။ အခြားသီးနှံတွေလည်း စိုက်ပျိုးကြပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ်တွင် အသားတင်စိုက်ပျိုးနိုင်သည့် မြေဧက ၁၆၁၀၂၅ ဧကရှိပြီး မြေအမျိုးအစားခွဲပါက လယ်မြေ၂၅၆ ဧက၊ လယ်ယာမြေ ၁၅၃၅၂၃ ဧက၊ ယာမြေ၊ ကိုင်း/ကျွန်းမြေ ၇၀၄၁ ဧက၊ ဥယျာဉ်မြေ ၂၀၅ ဧကရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်ရှိ မြစ်ရေတင်လုပ်ငန်းအလိုက် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးသီးနှံ လျာထားဧကသည် မိုးစပါး ၂၄၅၅ဧက၊ စပါး၊ မိုးပဲတီစိမ်း ၅၇၈၅ ဧက၊ မိုးမြေပဲဧက ၁၁၈၀တို့ကို လျာထားစိုက်ပျိုးမည်ဖြစ်သည်။

**ကျော်ကျော်(မလှိုင်)**





# ပေါက်မြို့နယ်၌ ဆောင်းရာသီ ကြက်သွန်၊ အာလူးစိုက်သူများ ယခင်နှစ်ကထက်ပိုမိုစိုက်ပျိုး

**ပေါက် ဇန်နဝါရီ ၂၂**

နွေ၊ မိုး၊ ဆောင်းရာသီမရွေး အမြဲမပြတ်စီးဆင်းလျက်ရှိသော အဓိကချောင်းကြီး နှစ်ချောင်းဖြစ်သည့် ယောချောင်းနှင့် ကျောချောင်းတည်ရှိရာ မြို့နယ်လေးတစ်ခုဖြစ်သည့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်သည် ဆောင်းရာသီ ကြက်သွန်၊ အာလူးစိုက်သူများသည် ထိုချောင်းကြီးနှစ်ချောင်းကို အားထားလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ပေါက်မြို့နယ်တွင် ရပ်ကွက်၊ကျေးရွာအုပ်စုပေါင်း ၇၁ အုပ်စုနှင့် ကျေးရွာပေါင်း ၂၃၅ ရွာရှိပြီး တောင်သူများသည် ဆောင်းသီးနှံ ကြက်သွန်ကို ယောချောင်းဘေးတစ်လျှောက်တွင် အဓိကထားစိုက်ပျိုးလျက်ရှိပြီး အာလူးကို ကျောချောင်းဘေးတစ်လျှောက်တွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

ဆောင်းရာသီ အာလူးစိုက်တောင်သူများသည် နတ်တော်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး တပေါင်းလဆန်းပိုင်းတွင် ဖြိုင်ဖြိုင်ပေါ်ကာ ရောင်းချလျက်ရှိကြောင်း၊ ကြက်သွန်စိုက်တောင်သူများသည် ပြာသိုလဆန်းပိုင်းတွင် စတင်စိုက် ပျိုးပြီး တန်ခူးလထဲတွင် ဖြိုင်ဖြိုင်ပေါ်ကာ ရောင်းချကြသည်။ ယခင်နှစ် ကြက်သွန်တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ကျပ် ၃၀၀၀ ကျော်အထိ ရောင်းချရပြီး အမြတ်များရရှိကာ ယခုနှစ်ကြက်သွန်၊ အာလူးစိုက်သူများ ပိုမိုများပြား လျက်ရှိကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

# မိုးပွင့်အထူးအပိုင်း(၂) လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းကြည့်ရှု

**မတူပီ ဇန်နဝါရီ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ချင်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးယဉ်ထွေးနှင့် မင်းတပ်ခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းဘော်တို့သည် ဇန်နဝါရီ ၂၀ ရက်က မတူပီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အထူးအပိုင်း(၂) လုပ်ငန်းဆောင်ရွက်ထားရှိမှုများအပေါ် မှတ်တမ်းများ ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုံ့ကြီးအနောက်ရပ်ကွက်နေပြည်သူများ သောက်သုံးရေအတွက် စိုးရိမ်လျက်ရှိ

**ဒလ ဇန်နဝါရီ ၂၂**

နှစ်စဉ် နွေရာသီသို့ရောက်တိုင်း ဒလမြို့နယ်တွင် သောက်သုံးရေကန်များ ခန်းခြောက်ပြီး ရေရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရသော်လည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်မှု၊ ရေသန့်ဌာန၏ ကြိုတင်ဆောင်ရွက်ထားရှိမှုများကြောင့်ယခင်နှစ်များက ရေခက်ခဲမှုနည်းပါးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် ရေသန့်ဌာနကလည်း ရေအခက်အခဲ ကင်းဝေးစေရေးအတွက် ဌာန၏ခွင့်ပြုချက်ဖြင့် ရပ်ကွက်များအတွင်း ပိုက်ရေသွယ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသော်လည်း အုံ့ကြီးအနောက်ရပ်ကွက်တွင် မြို့နယ်အတွင်း စည်ပင်ရေ စတင်ပေးဝေသည့်နှစ်မှ ယခုနှစ်အထိ ရေသွယ်ယူသူ ကိုးဦးသာရှိသည်။

လျှောက်လွှာ တင်ထားသူများမှာ ယခုထိ ရေသွယ်ယူခွင့်မရရှိသေးသည့်အတွက် ယခုနွေရာသီတွင် ရေရှားပါးမှု ကြုံတွေ့နိုင်ကြောင်း အုံ့ကြီးအနောက်ရပ်ကွက်နေ ဦးတင်ထွန်းက ပြောသည်။

"၁၆ လက်မ ကွန်ကရစ်ရေပိုက်လိုင်းက ကျွန်တော်တို့ရပ်ကွက်ကို ဖြတ်ပြီး သမတကမ်းခြေရပ်ကွက်ကို ရောက်တယ်။ အဲဒီရပ်ကွက်မှာ အိမ်တိုင်းရေသွယ်ခွင့်ရတယ်။ အနီးရပ်ကွက်တွေဖြစ်တဲ့ အုံ့ကြီးအရှေ့ရပ်ကွက်နဲ့ ညောင်ကုန်းရပ်ကွက်တွေမှာလည်း စည်ပင်ရေရနေပြီ။ ကျွန်တော်တို့ရပ်ကွက်ပဲ ခက်ခဲနေတယ်။ ရေရမယ်ဆိုရင် ရပ်ကွက်နေပြည်သူတွေက အကုန်အကျခံ ဆောင်ရွက်ချင်ပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

အုံ့ကြီးအနောက်ရပ်ကွက်သည် အိမ်ခြေ ၁၀၀၀ ကျော်၊ လူဦးရေ ၅၀၀၀ ခန့်ရှိပြီး ရေပိုက်သွယ်ထားသူများမှာ အိမ်ခြေ ကိုးလုံးသာရှိ၍ ရေရရှိမှုနှင့် ရေသုံးစွဲမှုအား မမျှမတဖြစ်နေရပြီး နွေရာသီအတွက် သောက်သုံးရေရှားပါးမှုနှင့် မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်နေရကြောင်း သိရသည်။

**ထူးရဲထွန်း(ဒလ)**

## နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကျပ်သိန်း ၆၀၀၀ ကျော်ကူညီထောက်ပံ့ခဲ့

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတတိုးပွားလာရေးနှင့် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ရေရှည်ခိုင်မာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကုန်အထိ ထောက်ပံ့မှုစုစုပေါင်း ကျပ်သိန်း ၆၀၇၀ ကူညီထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် စာကြည့်တိုက်များစံငါးရပ်နှင့် ပြည့်စုံစေရန် စာကြည့်တိုက်အဆောက်အအုံနှင့်ပရိဘောဂများ လိုအပ်လျက်ရှိသည့် စာကြည့်တိုက်များကို ကူညီထောက်ပံ့ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကုန်အထိ အဆောက်အအုံနှင့် ပရိဘောဂလိုအပ်သော စာကြည့်တိုက်ပေါင်း ၄၉၂ တိုက်အတွက် ငွေကျပ်သိန်း ၃၈၃၀ ဒသမ ၄ သိန်းခန့် ထောက်ပံ့ပေးနိုင်ခဲ့သည်။ အလားတူပင် ပြည်သူများစာဖတ်ရှိန်မြှင့်တင်ရေးအတွက် အများပြည်သူ လူစည်ကားရာနေရာများတွင် စာပေရေချမ်းစင်များ ထားရှိပေးခြင်း၊ စာကြည့်တိုက်များသို့ အခမဲ့ဖြန့်ဝေပေးနိုင်ရေးအတွက် စာအုပ်စာစောင်များ ဝယ်ယူခြင်းနှင့် စာအုပ်စာစောင်များပုံနှိပ်ထုတ်ဝေခြင်း၊ ဇာတ်လမ်းများ ရိုက်ကူးခြင်းတို့အတွက် ငွေကျပ် ၁၇၀၇ ဒသမ ၆ သိန်းခန့် အကုန်အကျခံဖြည့်ဆည်းကူညီထောက်ပံ့ပေးနိုင်ခဲ့သည်။

ထို့ပြင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ၇၁ ပွဲကို ကျင်းပနိုင်ခဲ့ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် တတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မျူးများညီလာခံကိုလည်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် ပူးပေါင်း၍ ယခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။


**(သပြေ)**

## အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ မြန်မာခရီးသွားလုပ်ငန်းရုံးတွင် မြန်မာပြည်ခရီးသွားလမ်းညွှန်မြေပုံ စတင်ဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ထုတ်ဝေသော မြန်မာခရီးသွားလုပ်ငန်းမြေပုံများကို အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ Solimar International Myanmar Tourist Office မှ ဖြန့်ချိပေးနေပြီဖြစ်သည်။

Tourist Maps of Myanmar (TMM-53)တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုအဖွဲ့ကြီးမှ အသိအမှတ်ပြုလိုက်သော သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း၊ ပျူမြို့သုံးမြို့၏ မြေပုံများပါမွမ်းမံထည့်သွင်းထားသည်။




အဆိုပါ လမ်းညွှန်မြေပုံများကို ရန်ကုန်လေဆိပ်တွင် ဧည့်သည်တိုင်းသို့ အခမဲ့ဝေငှပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာဖြန့်ဖြူးပေးလျက် ရှိသည့်အပြင် နိုင်ငံတကာတွင် ကျင်းပလျက်ရှိသည့် Travel Show များသို့ လည်းကောင်း၊ နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ လည်းကောင်း၊ မြန်မာနိုင်ငံရှိ သံရုံးများသို့လည်းကောင်း စနစ်တကျပေးပို့ဖြန့်ချိလျက်ရှိသည်။ ပြည်တွင်းသို့ အဓိက ခရီးသည်ဝင်ပေါက်ဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးလေဆိပ်၊ ပုဂံ-ညောင်ဦးလေဆိပ်များ၌ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသည်အားလုံးကို နေ့စဉ်ဝေငှပေးလျက်ရှိသည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင် လည်းကောင်း၊ ၃၅ လမ်း (အလယ်ဘလောက်)ရှိ (D.P.S) တွင် လည်းကောင်း၊ Facebook မှ မှာကြား၍ သော်လည်းကောင်း အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရန်ကုန်မြို့တွင်း ခရီးသွားများအဆင်ပြေစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်မြို့တွင်း မြို့နယ်များဖြစ်သည့်လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတားမြို့နယ်များတွင် ယာဉ်ကြောပိတ်ဆို့မှုနှင့် စည်းကမ်းမဲ့ ပျံ့ကျလမ်းဘေးဈေးသည်များကြောင့် ခရီးသွားပြည်သူများ အဆင်မပြေဖြစ်လျက်ရှိကြောင်း သိရသဖြင့် ဇန်နဝါရီ ၂၁ ရက် ညနေပိုင်းနှင့် ၂၂ ရက် နံနက်ပိုင်းတို့တွင် လမ်းမတော်-လသာ- ပန်းဘဲတန်းမြို့နယ်များ၌ စည်းကမ်းမဲ့ ပျံ့ကျလမ်းဘေးဈေးသည်များအားလမ်းပေါ်နှင့် လူသွားစင်္ကြံများပေါ်တွင် ဈေးရောင်းချမှုမရှိစေရေးအသံချဲ့စက်ဖြင့်လိုက်လံသတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

ထိုသို့ သတိပေးနှိုးဆော်ထားသော်လည်း စည်းကမ်းလိုက်နာမှုမရှိ၍ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းမြို့နယ်များမှ စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဝန်ထမ်းများ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့က ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

"သတ်မှတ်ထားတဲ့အချိန်မှ ဈေးရောင်းချဖို့ကို သတိပေးထားပေမယ့်လည်း စည်းကမ်းလိုက်နာတဲ့ ဈေးသည်တွေရှိသလို စည်းကမ်းမလိုက်နာတဲ့ ဈေးသည်တွေလဲရှိပါတယ်။ လူသွားစင်္ကြံပေါ်နဲ့ ကားပါကင်လုပ်ပေးထားတဲ့ နေရာတွေမှာ ကျူးကျော်ဈေးရောင်းချတဲ့အတွက် လမ်းပိတ်ဆို့ပြီး ယာဉ်ပိတ်ဆို့မှုတွေပါဖြစ်ပေါ်တာပါ။ တာဝန်ရှိသူတွေက စည်းကမ်းထိန်းသိမ်း အရေးယူဆောင်ရွက်တဲ့အခါ စည်းကမ်းမဲ့ပျံ့ကျဈေးသည်တွေက ဝတ္တရားနှောင့်ယှက်မှုတွေလဲရှိလာတဲ့အတွက် တရားဥပဒေနဲ့အရေးယူဆောင်ရွက်ရတာလဲရှိပါတယ်" ဟု လမ်းမတော်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးကျော်အေးက ရှင်းပြသည်။

"ကျွန်မတို့က တစ်နေ့လုပ်မှတစ်နေ့စားရတာ။ ဈေးရောင်းတော့လည်း စည်ပင်ကအရေးယူတယ်။ လက်လုပ်လက်စားတွေအနေနဲ့စားဝတ်နေရေးအခက်အခဲကြောင့် လမ်းဘေးဈေးရောင်းစားနေရတာပါ။ တရားဝင်ဈေးရောင်းချခွင့်ပေးထားတာမဟုတ်တာကိုလဲသိပါတယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ် စည်ကမ်းတကျ ပျံ့ကျဈေးရောင်းချလို့ရအောင်နေရာများ စီစဉ်ပေးပါ" ဟု လမ်းဘေးဈေးရောင်းချသူတစ်ဦးက ပြောသည်။

**(၁၉၇)**

## ဖေဖော်ဝါရီ (၁)ရက်တွင် ငွေကျပ် ၂၀၀ တန် အောင်ဘာလေထီဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

(၃၂၅) ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်း စနစ်အရ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ ငါးဆု၊ ငွေကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ငွေကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၈) ဆု၊ ငွေကျပ်သိန်း ၅၀ ဆု (၂၀)၊ ငွေကျပ် ၂၅ သိန်းဆု(၂၀)၊ ငွေကျပ် ၁၀ သိန်းဆု(၃၀)၊ ငွေကျပ် ငါးသိန်း (၃၄) ဆု၊ ဝေဝေဆာဆာပဒေသာဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း ငါးလုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ်သုံးသိန်းဆု ၁၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်း လေးလုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ် နှစ်သိန်းဆု(၁၀၀၀)၊ အက္ခရာနှင့် ရှေ့ဂဏန်း သုံးလုံးတူ ၉ ယူနစ်အတွက် ငွေကျပ် တစ်သိန်းဆု(၉၀၀၀)နှင့် အက္ခရာနှင့်ရှေ့ဂဏန်း နှစ်လုံးတူ ၃ ယူနစ်အတွက် ငွေကျပ် ငါးသောင်းဆု (၃၀၀၀၀) အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ယခုနှစ်တွင် ကွန်ဒိုတိုက်ခန်းပိုင်ဆိုင်မှုဥပဒေများ ပေါ်ထွက်လာမည်ဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၂ ဘီလီယံခန့် ဝင်ရောက်လာမည်ဟု ခန့်မှန်း

**ရန်ကုန် ဇန်နဝါရီ ၂၂**

လတ်တလောတွင် ပြည်တွင်းအိမ်ခြံမြေဈေးကွက်များငြိမ်နေသော်လည်း ၂၀၁၆ ခုနှစ်တွင် ကွန်ဒိုတိုက်ခန်းပိုင်ဆိုင်မှုဥပဒေများ ပေါ်ထွက်လာမည်ဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၂ ဘီလီယံခန့်ဝင်ရောက်လာမည်ဟု ခန့်မှန်းသဖြင့် အစိုးရ၊ တတ်သိပညာရှင်များ၊ အိမ်ခြံမြေကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပါက အဓိက အခြေခံလူတန်းစားများအတွက် တန်ဖိုးနည်းအိမ်ရာ ကဏ္ဍများဖြစ်သည့်နေထိုင်ရေး၊ အိမ်ရာပိုင်ဆိုင်မှုများနှင့် အိမ်ခြံမြေဈေးကွက်များတွင်လည်း အဆင်ပြေမည်ဖြစ်ပြီး အိမ်ခြံမြေဈေးကွက်များတွင်လည်း တည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့ အမှတ်(၅၉)၊ ပန်းလှိုင်လမ်း ကြည့်မြင်တိုင်မြို့နယ်ရှိ iMyanmar House.com တွင် ကျင်းပခဲ့သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် အိမ်ခြံမြေရောင်းဝယ်ငှား Website မှ MD ဦးနေမင်းသူက ဆိုသည်။

**အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်စေရန်နှင့် အခြေခံလူတန်းစားများနေထိုင်မှု အဆင်ပြေစေရန် ဆွေးနွေးသုံးသပ်သွားမည်ဖြစ်ပြီး ညစာစားပွဲမှရရှိသည့် ကောင်းမွန်သည့်အဖြေများကို စုစည်း၍ အစိုးရကိုတင်ပြသွားမည်။**

လက်ရှိအိမ်ခြံမြေဈေးကွက်တွင် အဆမတန် ဈေးကြီးမြင့်နေမှုများကလည်း ပွဲစားများ၊ ငွေရှင်ကြေးရှင်များ၊ ငွေမဲလက်ကိုင်ထားရှိသူများက ဈေးကွက်ထဲဝင်ရောက်ဈေးကစားနေမှုများကြောင့်လည်းကောင်း၊ ဒေါ်လာဈေးအတက်အကျကြောင့်လည်းကောင်း၊ ဆောက်လုပ်ရေးပစ္စည်းများ ဝယ်ယူရသည့်အခါ ဈေးကြီးမြင့်သဖြင့်လည်းကောင်းဖြစ်ကြောင်း ဦးနေမင်းသူက ပြောသည်။

စင်ကာပူနိုင်ငံတွင် အိမ်ခြံမြေပွဲစား အကျိုးဆောင်လုပ်ငန်းကို အစိုးရမှ သင်တန်းပေးလိုင်စင်ရမှ လုပ်ဆောင်ရသည်ဟုသိရ၍ အတုယူသင့်ပြီး ရန်ကုန်အိမ်ခြံမြေဈေးကွက်ကို တည်ငြိမ်စေရန် ထိန်းချုပ်နိုင်ရန်မှာ နိုင်ငံခြားအိမ်ခြံမြေ Expert များ၏ အကြံဉာဏ်ကိုရယူပြီး မြို့သစ်စီမံကိန်းများစွာ အကောင်အထည်ဖော်၍ လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး၊ ဆေးရုံ၊ ဆေးခန်း၊ ကျောင်းများကို စနစ်တကျအကွက်ရိုက်၍ မြို့ပြအင်္ဂါရပ်နှင့် အညီလုပ်ဆောင်သင့်သည်ဟု ၎င်းက ဆိုသည်။

Strand Hotel ၌ ဇန်နဝါရီ ၃၀ ရက်ညနေပိုင်းတွင် ကျင်းပမည့် ညစာစားပွဲတွင် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ၊ အိမ်ခြံမြေလုပ်ငန်းရှင်များ၊ ဘဏ်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ၊ အိုးအိမ်နှင့် စည်ပင်စသည့် အဖွဲ့အစည်းများ၊ အိမ်ခြံမြေလောကမှ ထင်ရှားကျော်ကြားသူများ၊ သတင်းမီဒီယာအသီးသီးမှ တာဝန်ရှိသူများကို ဖိတ်ကြားပြီး အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်စေရန်နှင့် အခြေခံလူတန်းစားများနေထိုင်မှု အဆင်ပြေစေရန် ဆွေးနွေးသုံးသပ်သွားမည်ဖြစ်ပြီး ညစာစားပွဲမှရရှိသည့် ကောင်းမွန်သည့်အဖြေများကို စုစည်း၍ အစိုးရကိုတင်ပြသွားမည်ဟု ပြောကြားခဲ့သည်။

**(သန်းဦးလှိုင်)**

## စစ်ကိုင်းတိုင်းဒေသကြီး၌ ရေကြီးမှုကြောင့် ပျက်စီးမှုများကို စုပေါင်းအားဖြင့် ဆက်လက်ဆောင်ရွက်နေ

**စစ်ကိုင်း ဇန်နဝါရီ ၂၂**

မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်ကိုးခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ပါ ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရသည့်အနက် ကလေးနှင့် တမူးခရိုင်တို့တွင် ရေကြီးမှုဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးထံမှ သိရသည်။


"ရေကြီးရေလျှံမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှာ လူ ၄၁ ဦး သေဆုံးပြီး ကျွဲ ၂၅ ကောင်၊ နွား ၃၃၄ ကောင် သေဆုံးခဲ့ပြီး မြို့နယ်ပေါင်း ၃၃မြို့နယ်က သီးနှံပျက်စီးတာ ၁၅၂၉၀၁ ဧက ရှိပါတယ်။ ဒါ့အပြင် လမ်းပေါင်း ၂၆၂ လမ်းနဲ့ တံတား ၄၀၆ စင်းထိခိုက်ခဲ့ပါတယ်။ ဆည်တာတမံ ၈၄ ခု ထိခိုက်ခဲ့ပြီး ကျောင်းပေါင်း ၅၈ ကျောင်းက လုပ်ငန်းပေါင်း ၈၀ ထိခိုက်ခဲ့သလို ကျန်းမာရေးကဏ္ဍအနေနဲ့ လုပ်ငန်း ၂၄ ခု ထိခိုက်ခဲ့ပါတယ်" ဟု ဝန်ကြီး ဦးအောင်ဇော်ဦးက ပြောပြသည်။

အဆိုပါ ရေကြီးရေလျှံခဲ့သည့် ခရိုင်ပေါင်း ခုနစ်ခုတွင် ကယ်ဆယ်ရေးစခန်းပေါင်း ၁၄၃ ခု ဖွင့်လှစ်ခဲ့ပြီး အိမ်ထောင်စု ၁၆၇၄၂ စု လူဦးရေ ၇၇၀၉၀ ဦးအား ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။ ထို့ပြင် ကလေးဒေသသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ ထောက်ပံ့မှုအနေဖြင့် ဆန် ၉၇၆၂ ဒသမ ၅၁အိတ်၊ ဆီ ၆၅၉၉ ဒသမ ၇၉ ပိဿာ၊ ဆား ၃၈၆၄ ဒသမ ၃၅ ပိဿာနှင့် ပဲ ၁၆၆၇၅ ဒသမ ၀၉ ပိဿာ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံဒေသများသို့ ဌာနကိုးခုမှ ပျက်စီးမှု ၁၇၀၉ ခုအတွက် တိုင်းဒေသကြီးရန်ပုံငွေမှ ၃၂၉၃ ဒသမ ၆၉၆ သန်း၊ သီးသန့်ရန်ပုံငွေမှ ၄၁၉၀ ဒသမ၆ ၂၅ သန်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနရန်ပုံငွေမှ ၈၉၁၆ ဒသမ ၉၁၈ သန်း ကျခံသုံးစွဲမှုမည်ဖြစ်ကြောင်း ဝန်ကြီး ဦးအောင်ဇော်ဦးထံမှ သိရသည်။ ရေဘေးထူထောင်ရေးအလှူငွေ ရရှိသုံးစွဲမှုမှာ ၃၅၆၄ ဒသမ ၄၃ သန်း ရရှိ၍ ၂၀၄၅ ဒသမ ၉၇ သန်းသုံးစွဲခဲ့ပြီး ၁၅၁၈ ဒသမ ၄၆ သန်း လက်ကျန်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တရားဝင် ထပ်မံစေ့စပ်လိုက်ပြန်တဲ့ မိုင်လီဆိုင်းရပ်စ် နှင့် လီယမ်ဟမ်းစ်ဝါ့သ်



နာမည်ကျော်ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်ဟာ ဟောလိဝုဒ်ရဲ့ အနုပညာလောကမှာ လူအများရဲ့ စိတ်ဝင်စားမှုကိုခံရတဲ့ အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့အများနဲ့မတူတဲ့ စရိုက်တွေကြောင့် အဝေဖန်ခံရဆုံးသော အဆိုတော်တစ်ဦးလည်းဖြစ်ပါတယ်။ မိုင်လီရဲ့အချစ်ရေးဟာလည်း သူ့ကိုစိတ်ဝင်စားရတဲ့ အကြောင်းအရင်းတွေထဲက တစ်ချက်ဖြစ်ပါတယ်။ သူဟာ နာမည်ကျော်တွေနဲ့ ချစ်သူတွေဖြစ်ခဲ့တဲ့အပြင် ဗစ်တိုးရီးယား စီးကရက်ထ် မော်ဒယ်လ် စတီလာမက်ဇ်ဝဲလ်နဲ့ အမျိုးသမီးချင်း ချစ်ကြိုက်ခဲ့ဖူးသူပါ။

လတ်တလောမှာတော့ သူ့ရဲ့ချစ်သူဟောင်းတစ်ဦးဖြစ်တဲ့ ဩစတြေးလျလူမျိုး မင်းသား လီယမ်ဟမ်းစ်ဝါ့သ်နဲ့ ပြန်လည်လက်တွဲတဲ့ သတင်းတွေပေါ်ထွက်လာခဲ့ပါတယ်။ သူတို့ရဲ့ ပြန်လည်တွေ့ဆုံမှုအပေါ် ဒေသခံမီဒီယာတွေကလည်း ထင်ကြေးအမျိုးမျိုးပေးကြပါတယ်။ ဒါပေမယ့် ဇန်နဝါရီ ၁၉ရက်မှာတော့ မိုင်လီက သူတို့နှစ်ယောက်ဟာ အမှန်တကယ်ပဲ ပြန်လည်လက်တွဲလိုက်ပြီဖြစ်ကြောင်းနဲ့ ဒုတိယအကြိမ် ထပ်မံစေ့စပ်လိုက်ပြီဖြစ်ကြောင်း၊ သူ့ရဲ့စေ့စပ်လက်စွပ်ဝတ်ဆင်ထားတဲ့ ဓာတ်ပုံနဲ့တကွ အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် အတည်ပြုပြောကြားလိုက်ကြောင်း အမ်တီဗွီနယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

မိုင်လီနဲ့ လီယမ်တို့နှစ်ဦးဟာ ၂၀၀၉ခုနှစ်က "The Last Song"ရုပ်ရှင်ကို ရိုက်ကူးခဲ့စဉ်က စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ယင်းရုပ်ရှင်အပြီးမှာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာပါ။ ၂၀၁၂ခုနှစ်မှာ သူတို့နှစ်ဦးစေ့စပ်လိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ပါတယ်။ အဲဒီနောက် တစ်နှစ်ခန့်အကြာမှာ လမ်းခွဲခဲ့ကြတာပါ။ ဒါပေမယ့်ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာမှာ မိုင်လီက လီယမ်အတွက် လော့စ်အိန်ဂျယ်လိစ်က အိမ်မွေးတိရစ္ဆာန်အရောင်းစင်တာကနေ ခွေးလေးတစ်ကောင်ရှာဖွေပေးခဲ့ရာက သူတို့နှစ်ဦးဇာတ်လမ်း ပြန်လည်စတင်လာခဲ့တာပါ။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မိုင်လီဟာ လီယမ်ရဲ့ မွေးရပ်မြေမှာရှိတဲ့ မိသားစုတွေဆီ အလည်သွားကာ ဩစတြေးလျမှာ လီယမ်နဲ့အတူ အားလပ်ရက်တွေကို ကုန်ဆုံးခဲ့ပါတယ်။

အဲဒီနောက် မိုင်လီဟာ ဟောလိဝုဒ်က လီယမ်ရဲ့ အိမ်သို့လည်း ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ယခုတစ်ကြိမ်မှာတော့ မိုင်လီဟာ လီယမ်နဲ့ လက်ထပ်ဖို့အထိ စဉ်းစားနေတယ်လို့ သူ့ရဲ့မိတ်တွေတစ်ဦးက People မဂ္ဂဇင်းကို ပြောကြားခဲ့ကြောင်း သိရပါတယ်။

❒❒

အေး ပြည့် - စု စည်း ရေး သား သည်

## ဆံပင်ကြောင့် ကိုယ့်ကိုယ်ကိုယုံကြည်မှုမရှိသလို ခံစားခဲ့ရဖူးကြောင်း ဇန်ဒေးယာဖွင့်ဟ




ဟောလိဝုဒ်ရဲ့အောင်မြင်တဲ့ ဆယ်ကျော်သက်မော်ဒယ်လ်တစ်ဦးလည်းဖြစ်၊ သရုပ်ဆောင်တစ်ဦးလည်းဖြစ်သူ ဇန်ဒေးယာက သူ့အနေနဲ့ အရွယ်ရောက်လာချိန်မှာ သူ့ရဲ့လိမ်ကောက်နေတဲ့ ဆံပင်တွေကြောင့် ကိုယ့်ကိုယ်ကိုယုံကြည်မှုမရှိ ဖြစ်ခဲ့ဖူးကြောင်း People မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့သည်ကို ယူပီအိုင်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဇန်ဒေးယာက သူ့ရဲ့ပင်ကိုယ်ဆံပင်ကြောင့် ကိုယ့်ကိုယ်ကိုယုံကြည်မှုရလာရန် နှစ်အတော်ကြာအချိန်ယူခဲ့ရကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

အဆိုပါမဂ္ဂဇင်းရဲ့ အင်တာဗျူးမှာ ဇန်ဒေးယာက "ကျွန်မအရွယ်ရောက်လာတော့ ကျွန်မရဲ့ဆံပင်လိမ်ကောက်နေတဲ့အပေါ် မနှစ်သက်ဖြစ်မိတယ်။ ဆံပင်တွေက ပတ်ဝန်းကျင်မှာရှိတဲ့ အခြားသူတွေရဲ့ ဆံပင်တွေနဲ့ မတူတာကြောင့်လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိသလို ခံစားခဲ့ရတယ်။ ကျွန်မရဲ့ဆံပင်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်သင့်တယ်ဆိုတာကိုလည်း ဘယ်သူကမှ အကြံမပေးနိုင်ခဲ့ဘူးလေ။ ကျွန်မအမေက လူဖြူတစ်ယောက်ဖြစ်ပြီး ကျွန်မအဖေက လူမည်းတစ်ယောက်ဖြစ်လေတော့ သူတို့နှစ်ဦးမှာ မတူတဲ့ဆံပင်အမျိုးအစားတွေ ရှိကြတယ်"လို့ ပြောကြားခဲ့ပါတယ်။

အသက် ၁၉ နှစ်အရွယ် ဇန်ဒေးယာက "လူအများက ဆံပင်ဟာ လူတစ်ယောက်ရဲ့ ရုပ်ရည်လှပမှုအတွက် အရေးပါတဲ့အချက်တစ်ချက်ဖြစ်တယ်ဆိုတာ မသိကြဘူးလေ။ ကျွန်မလို အာဖရိကန်-အမေရိကန်လူမျိုးတစ်ယောက်အတွက်မှ မဟုတ်ပါဘူး။ လူတိုင်းသတိထားပြင်ဆင်ရမယ့် အရာတစ်ခုဖြစ်ပါတယ်။ ကျွန်မအတွက်တော့ ဆံပင်ဆိုတာ တကယ်ကို အလေးထား ပြုပြင်ရမယ့် အရာတစ်ခုလို့ ခံယူထားပါတယ်"လို့ Complex မဂ္ဂဇင်းနဲ့ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာလည်း သူ့ရဲ့အမြင်ကို ရင်ဖွင့်ခဲ့ပါတယ်။

## လီဆောင်ဂီ၏ တေးသီချင်းသစ် နံပါတ်တစ်နေရာတွင် ရပ်တည်နေ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အနုပညာရှင်တစ်ဦးဖြစ်သူ လီဆောင်ဂီဟာ ဖေဖော်ဝါရီ ၁ ရက်မှာ စတင်စစ်မှုထမ်းတော့မှာဖြစ်ပါတယ်။ သူစစ်မှုမထမ်းမီ စစ်သားတစ်ဦးရဲ့ဘဝကို ခံစားရေးဖွဲ့ထားတဲ့ သူ့ရဲ့တေးသီချင်းသစ် တစ်ပုဒ်ကို ဇန်နဝါရီ ၂၁ ရက်က စတင်ထုတ်လွှင့်ခဲ့ရာ လတ်တလောမှာ ဒေသတွင်းတေးဂီတဝက်ဘ်ဆိုက်ခြောက်ခုတွင် နံပါတ်တစ်နေရာမှာ ရပ်တည်နေကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

"I'm Going to the Military"လို့ အမည်ပေးထားတဲ့ ယင်းတေးသီချင်းကို လီဆောင်ဂီကိုယ်တိုင် ရေးစပ်သီဆိုခဲ့တာဖြစ်ပါတယ်။ ယင်းတေးသီချင်းကို စတင်ထုတ်လွှင့်ခဲ့တဲ့ရက်မှာ တောင်ကိုရီးယားရဲ့တေးဂီတဝက်ဘ်ဆိုက်ရှစ်ခုစလုံးမှာ ကြည့်ရှုသူအများဆုံးဖြစ်ခဲ့ပြီး ထုတ်လွှင့်ပြီးတစ်ရက်အကြာ ဇန်နဝါရီ ၂၂ရက်မှာတော့ တေးဂီတဝက်ဘ်ဆိုက်ခြောက်ခုမှာ ကြည့်ရှုသူအများဆုံး နံပါတ်တစ်နေရာမှာ ရပ်တည်နေဆဲ ဖြစ်ပါတယ်။

လီဆောင်ဂီက နှစ်နှစ်ကြာ စစ်မှုထမ်းကာလပြီးဆုံးပြီးနောက် တကယ့်လူကြီး တစ်ယောက်အသွင်ဖြင့် ပရိသတ်ရှေ့အရောက်ပြန်လာမည်ဖြစ်ကြောင်းလည်း စစ်မှုမထမ်းမီ သူ့ရဲ့ပရိသတ်ကို နှုတ်ဆက်စဉ် ထည့်သွင်းပြောကြားခဲ့ပါတယ်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၃ - ၁ -၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား New Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၃၅ Hyper Sports
- ၈း၃၅ The Farmer (အပတ်စဉ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းများ၊ ခရမ်းသီးစိုက်ပျိုးခြင်း)
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၅၀ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၃၀ တစ်ပတ်အတွင်း လွှတ်တော်သတင်း
- ၂း၁၀ လူမှန်နေရာမှန် (အပိုင်း-၂)
- ၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၅၄)
- ၄း၃၅ အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်
- ၅း၁၅ "ဟန်းရှမြေမှအမှတ်တရများစွာ"
- ၅း၃၅ ကဗျာရိပ်မြုံ "မရွှေဖဲ"
- ၆း၃၅ Business News
- ၇း၁၅ ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "နှလုံးလှချစ်သူ"(ပထမပိုင်း)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း -ဂီတတံခါးလေး ဖွင့်ပါဦး -ပြည်သူ့နီတိ "အပြန်အလှန်"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -သီချင်းကြီးပဒေသာ
- ၆း၁၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကတ်ရောဂါ" [ဧရာ၊ ဖူးချစ်၊ မကြူ(သန်လျင်) (ဒါရိုက်တာ-ကိုရွှေမိုးသက်)]
- ၆း၃၅ တေးဂီတအစီအစဉ်
- ၆း၄၅ ပျော်ရွှင်စေသောနေ့ရက်များ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၁၂) (မိုးမိုး၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ သဇင်၊ အေးသီတာ)
- ၇း၀၀ ဟိုးတုန်းက ကက်ဆက်ဇာတ်လမ်းများ "စိန်မျက်ခုံး" (ဘလိတ်၊ ထက်နေချမ်း၊ စောယုနန္ဒာ) [ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)]
- ၈း၁၀ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
- ၈း၂၅ "နေမိရုပ်စုံဇာတ်တော်ကြီး" (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)
- ၉း၄၀ ပြည်သူ့နီတိ "အလင်းရောင်"
- ၁၀း၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "လရောင်အနမ်း" (နေတိုး၊ မင်းသွေး၊ သက်မွန်မြင့်) (ဒါရိုက်တာ-မောင်ဗေဒါ)

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "မေတ္တာ၁၀န် ထမ်းလူ့အစွမ်း" တရားတော် [ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၀)
- ၉း၀၅ Drive It
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၁၀၃)
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ Star တို့ရဲ့ လက်ရာ
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၁၅+၁၆)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [အဆိပ်ပင်(အပိုင်း-၁)]
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၀)
- ၃း၄၅ Fashion Week
- ၅း၁၀ ခေတ်သစ်ပျိုမေ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၁)
- ၇း၂၀ Let's Talk
- ၇း၅၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [အဆိပ်ပင်(အပိုင်း-၂)]
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (ဇာတ်သိမ်းပိုင်း)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၁၇+၁၈)
- ၁၁း၀၀ Forever Music Tribute
- ၁၁း၄၀ MRTV-4 Stage
- ၁း၁၀ World of Knowledge (Hitler Secret Weapon)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၅၀ မြန်မာသံစဉ်ချိုနားဝင်
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၂၀ သူနှင့်သူ၏သီချင်းများ
- ၄း၄၀ ဇာတ်လမ်းတို
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
- ၆း၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
- ၆း၃၀ " ရွာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၃၆) ဒါရိုက်တာ မိုးဇော်ကို
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၅၇) - VOA အင်္ဂလိပ်စာသင်ခန်းစာ - သံစဉ်များနှင့်ကမ္ဘာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် Lucky Door

## ဇန်နဝါရီ ၂၃/၂၄ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

### ပရီမီယာလိဂ်

| | | |
|---|---|---|
| နော်ဝှစ် - လီဗာပူး | ည-၇း၁၅ |
| ဝက်စ်ဘရွန်း - ဗီလာ | ည-၉း၃၀ |
| ဆန်းဒါးလန်း - ဘုန်းမောက် | ည-၉း၃၀ |
| ဝက်ဖို့ဒ် - နယူးကာဆယ် | ည-၉း၃၀ |
| မန်ယူ - ဆောက်သမ်တန် | ည-၉း၃၀ |
| လက်စတာ - စတုတ်စီးတီး | ည-၉း၃၀ |
| ခရစ္စတယ်ပဲလေ့စ် - စပါး | ည-၉း၃၀ |
| ဝက်စ်ဟမ်း - မန်စီးတီး | ည-၁၂း၀၀ |

### စပိန်လာလီဂါ

| | |
|---|---|
| မာလာဂါ - ဘာစီလိုနာ | ည-၉း၃၀ |
| အက်စပန်ညို - ဗီလာရီးယဲလ် | ည-၁၁း၄၅ |
| ဂရန်နာဒါ - ဂီတာဖေး | နံနက်-၂း၀၀ |
| ဗယ်လက်ကာနို - ဆယ်လ်တာဗီဂို | နံနက်-၃း၃၅ |

### စီးရီးအေ

| | |
|---|---|
| ဖရိုစီနို - အတ္တလန်တာ | ည-၁၁း၃၀ |
| အမ်ပိုလီ - အေစီမီလန် | နံနက်-၂း၁၅ |

### ဘွန်ဒက်စ်လီဂါ

| | |
|---|---|
| ကိုလုံး - စတုဂတ် | ည-၉း၀၀ |
| ဟန်နိုဗာ - ဒမ်စတက် | ည-၉း၀၀ |
| ဟာသာဘာလင် - အော့စ်ဘတ် | ည-၉း၀၀ |
| ဟော့ဖန်ဟိမ်း - လေဗာကူဆင် | ည-၉း၀၀ |
| အင်ဂေါ့စတက် - မိန့်ဇ် | ည-၉း၀၀ |
| မိုချင်ဂလက်ဘတ် - ဒေါ့မွန် | ည-၁၂း၀၀ |

### ပြင်သစ် လီဂူး

| | |
|---|---|
| ပီအက်စ်ဂျီ - အန်ဂါးစ် | ည-၁၀း၃၀ |
| ဂူအင်ဂမ့် - ဘက်စ်တီယာ | နံနက်-၁း၃၀ |
| နန့်တက်စ် - ဘော်ဒိုး | နံနက်-၁း၃၀ |
| လိုင်လီ - ထရွိုင်ယက်စ် | နံနက်-၁း၃၀ |
| မောင့်ပယ်လီယာ - ကိန်း | နံနက်-၁း၃၀ |
| နိုက်စ် - လိုရီယန့် | နံနက်-၁း၃၀ |

### ချန်ပီယံရှစ်

| | |
|---|---|
| ကျူပီအာ - ဝုလ်ဗာဟမ်တန် | ည-၇း၀၀ |
| ဘာမင်ဂမ် - အစ်ဆွစ်ချ် | ည-၉း၃၀ |
| ဘော်လ်တန် - အမ်ကေဒွန်းစ် | ည-၉း၃၀ |
| ဘရိုက်တန် - ဟက်ဒါဖီးလ် | ည-၉း၃၀ |
| ကာဒစ်ဖ် - ရိုသာဟမ် | ည-၉း၃၀ |
| ချာလ်တန် - ဘလက်ဘန်း | ည-၉း၃၀ |
| ဖူလ်ဟမ် - ဟားလ်စီးတီး | ည-၉း၃၀ |
| လိဒ်စ် - ဘရစ္စတိုးလ် | ည-၉း၃၀ |
| မစ်ဒယ်ဘရော့ - နော်တင်ဟမ် | ည-၉း၃၀ |
| ပရက်စတန် - ဘရန့်ဖို့ဒ် | ည-၉း၃၀ |
| ရက်ဒင်း - ရှက်ဖီး | ည-၉း၃၀ |

မောင်မောင်ဇော်

# ပါတိုအားခေါ်ယူရန် ကလပ်အသင်းလေးခုက တစ်ပြိုင်နက်တည်းကမ်းလှမ်း




ကိုရင်သီယန်တိုက်စစ်မှူး အလက်ဇန္ဒြီးပါတိုအား ခေါ်ယူရန် ချယ်လ်ဆီးနှင့် လီဗာပူးအပြင် အခြားကလပ်အသင်းနှစ်ခုကလည်း ကြိုးပမ်းနေကြောင်း ပါတို၏ ကိုယ်စားလှယ်ဖြစ်သူ ဂေးမာ ဗီလာ့ဇ်၏ ပြောကြားချက်ကို ကိုးကား၍ ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ချယ်လ်ဆီးအသင်းသည် ပါတိုအားခေါ်ယူရန် သဘောတူညီချက်ရရှိခဲ့ပြီးဖြစ်သည်ဟု သတင်းရင်းမြစ်များက ဖော်ပြနေသော်လည်း အမှန်စင်စစ် နှုတ်အားဖြင့်သာ သဘောတူညီချက်ပြုလုပ်ထားရသေးသည်ဟု ဗီလာ့ဇ်က ပြန်လည်ရှင်းလင်းခဲ့သည်။

ထို့ကြောင့် ပါတိုအနေဖြင့် ယခုလအတွင်း ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားတော့မည်ဟူသော သတင်းများမှာ မှန်ကန်ခြင်းမရှိဘဲ ကိုရင်သီယန်ဘက်မှ သဘောတူညီချက် တစ်စုံတစ်ရာမပေးရသေးကြောင်းလည်း သိရသည်။ သို့သော် ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ အချိန်အားဖြင့် ကန့်သတ်မှု လျင်မြန်သောကြောင့် ပါတိုမည်သည့်အသင်းသို့ ပြောင်းရွှေ့မည်ဆိုသည်ကို မကြာခင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ချယ်လ်ဆီး၊ လီဗာပူးအပြင် ဘင်ဖီကာ၊ စပို့တင်းလစ္စဘွန်းတို့ကလည်း ခေါ်ယူရန် ကမ်းလှမ်းထားသည်ဟု ဗီလာ့ဇ်က အတည်ပြုခဲ့သည်။

ထို့ပြင် ချယ်လ်ဆီးနှင့် သဘောတူညီချက်ရရှိခဲ့သည်ဆိုခြင်းမှာ မဟုတ်မှန်ဘဲ ယင်းကလပ်အသင်းလေးသင်းလုံး အခွင့်အရေးဆတူရှိနေကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ပါတိုမှာ အေစီမီလန်တွင် ကစားစဉ်က အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ခြေစွမ်းပိုင်းကျဆင်းလာသဖြင့် မွေးရပ်ဇာတိ ကိုရင်သီယန်သို့ ပြောင်းရွှေ့ကာ ပုံမှန်ခြေစွမ်းရရှိအောင် ကြိုးပမ်းခဲ့ရသူဖြစ်သည်။ ပါတိုမှာ အသက်(၂၆)နှစ်သာ ရှိသေးသူဖြစ်သောကြောင့် ပုံမှန်ခြေစွမ်းရလာသည်နှင့်တစ်ပြိုင်နက် သူ့အား ဥရောပအသင်းကြီးများက ခေါ်ယူရန် ပြန်လည်ကြိုးပမ်းလာကြခြင်းဖြစ်သည်။

## ကော်စတာ ပဋိပက္ခ ကိစ္စရပ်ကို မေ့ပစ်ပြီး ပြိုင်ပွဲပေါ်သာ အာရုံစိုက်ကစားရန် အာဆင်နယ်ကြယ်ပွင့်ကစားသမားများအား ဝင်းဂါး သတိပေး




ဇန်နဝါရီ ၂၄ ရက်တွင် ယှဉ်ပြိုင်မည့် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့၏ ပရီမီယာလိဂ်ပွဲစဉ်(၂၃)တွင် ဒီယေဂို ကော်စတာပါဝင်လာမည်ဖြစ်သောကြောင့် အာဆင်နယ်ကစားသမားအနေဖြင့် ကော်စတာပဋိပက္ခအားမေ့ပစ်ကာ ပြိုင်ပွဲအပေါ်တွင်သာ အပြည့်အဝအာရုံစိုက်ကစားစေလိုကြောင်း အာဆင်နယ်နည်းပြဝင်းဂါးက သတိပေးစကားဆိုခဲ့သည်။ ပရီမီယာလိဂ်ပွဲစဉ်(၆)၌ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ တွေ့ဆုံခဲ့ကြရာ ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာ၏ အပြုအမူကြောင့် အာဆင်နယ်နောက်ခံလူ ကိုစီရယ်နီနှင့် ဂါဘရီရယ်တို့နှစ်ဦး ဒေါသပေါက်ကွဲကာ ပဋိပက္ခအခြေအနေဆီသို့ ဦးတည်ရောက်ရှိခဲ့ပြီးနောက် ဂါဘရီရယ်မှာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးက အာဆင်နယ်အား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အငြင်းပွားဖွယ်ရာ ရလဒ်၏အဓိကတရားခံကော်စတာအပေါ် အာဆင်နယ်အသင်းသားများက ယခုထိစိတ်မကျေနပ်နိုင်ဘဲ ရှိနေဆဲဖြစ်ရာ ပြီးခဲ့သည့် တွေ့ဆုံမှုကအတိုင်း ကော်စတာညွှတ်ကွင်းသို့ မဝင်ရောက်ရန် ဝင်းဂါးက ယခုကဲ့သို့ သတိပေးစကားဆိုခဲ့ရခြင်းဖြစ်သည်။

ဝင်းဂါးက “ကော်စတာက အရင်ပုံစံကအတိုင်းလုပ်လာနိုင်တော့ ဒီအတွက် ကျွန်တော်တို့ ကောင်းကောင်းပြင်ဆင်ထားဖို့လိုပါတယ်။ ဒီလိုမျိုးဖြစ်လာရင် ဒိုင်တွေကတော့ သူတို့ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်းပဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအချိန်မှာ အားလုံးက ကျွန်တော်တို့ ဘယ်လို တုံ့ပြန်မှာလဲဆိုတာ စိတ်ဝင်စားနေတော့ ကိုယ့်ရဲ့ အစီအစဉ်အတိုင်း ပြိုင်ပွဲအပေါ်ပဲ အပြည့်အဝအာရုံစိုက်စေချင်ပါတယ်”ဟု ဆိုလိုက်သည်။ အာဆင်နယ်သည် လက်ရှိတွင် ချယ်လ်ဆီးထက် ရမှတ်(၁၉)မှတ်အသာဖြင့် ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင် ရပ်တည်နေသည်။

မေ လှဲ့ သင်း - ရေး သား သည်

## မန်ယူအသင်းမှ ထွက်ခွာမည်ဟု ဗစ်တာဗဲလ်ဒက်စ် ထုတ်ဖော်ပြောကြား

မန်ယူအသင်းမှ စပိန်ဂိုးသမား ဗစ်တာဗဲလ်ဒက်သည် လက်ရှိကလပ် မန်ယူအသင်းမှ ထွက်ခွာကာ ဘယ်လ်ဂျီယံကလပ် စတန်းဒက်လိဂ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဟု အတိအလင်းထုတ်ဖော်ပြောကြား လိုက်သည်။

ဂိုးသမား ဗစ်တာဗဲလ်ဒက်သည် ဘယ်လ်ဂျီယံကလပ် စတန်းဒက်လိဂ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်း ရွှေ့ကစားမည်ဖြစ်သော်လည်း မန်ယူအသင်းအနေဖြင့် ဗစ်တာဗဲလ်ဒက်၏ လုပ်ခလစာကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမား ဗစ်တာဗဲလ်ဒက်သည် မန်ယူ အသက်(၂၁)နှစ်အောက်အသင်းကိုယ်စားပြုကစားပေးရန် ငြင်းဆိုခဲ့ပြီးနောက် မန်ယူအသင်းမှ အခြားကလပ်အသင်းတစ်သင်းသို့ သွားရောက်ကစားရန် အကြောင်း ဖန်လာခဲ့ခြင်းဖြစ်သည်။

[ငွေကြယ်]



| | |
|---|---|
| အမ်ပိုလီ-အေစီမီလန် | နံနက် ၀၀း၀၀ (၂၄-၁-၁၆) |

အမ်ပိုလီဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ ကာပီနဲ့ လာဇီယိုကို အနိုင်ယူနိုင်ခဲ့သလို အင်တာမီလန်ကို အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့် အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တဲ့ အသင်းဖြစ်တယ်။ အေစီမီလန်က ခြေစွမ်းပြန်လည်ကောင်းမွန်မှုရှိနေပြီး နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲမှာ ရိုးမားကိုသရေကစားနိုင်ခဲ့သလို ခြေစွမ်းပိုင်းလည်းကောင်းမွန်မှုရှိတယ်။ ဒါပေမယ့် အေစီမီလန်အသင်းရဲ့ တိုက်စစ်က အဆုံးသတ်ပိုင်း အနည်းငယ်အားနည်းနေတယ်။ ဂိုးနည်းနည်းနဲ့ သရေကျသွားဖို့ များတယ်။

| | |
|---|---|
| ဖီအိုရင်တီးနား-တိုရီနို | ည ၆း၀၀ (၂၄-၁-၁၆) |

တိုရီနိုအသင်းကတော့ နောက်ဆုံးပွဲစဉ်မှာ ဖရိုစီနိုနီကို ဂိုးပြတ်နိုင်ခဲ့ပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းနဲ့ တိုက်စစ်ကစားပုံအားနည်းချက်တွေ ရှိနေတာကြောင့် ဖီအိုရင်တီးနားကို ပွဲချိန်ပြည့်ခြေရည်တူယှဉ်နိုင်ဖို့ခက်တယ်။ တိုရီနိုရဲ့ခံစစ်ကလည်း အဝေးကွင်းမှာ အားနည်းမှုရှိနေတယ်။ ဖီအိုရင်တီးနားအသင်း အိမ်ကွင်းနိုင်ပွဲပြန်လည်ရရှိသွားမှာပါ။

| | |
|---|---|
| အင်တာမီလန်-ကာပီ | ည ၈း၃၀ (၂၄-၁-၁၆) |

နောက်ဆုံးပွဲစဉ်မှာ အတ္တလန်တာနဲ့ သရေကျခဲ့တဲ့ အင်တာမီလန်ဟာ အိမ်ကွင်းပွဲတွေမှာ အသင်းလိုက်ကစားပုံမဆိုးဘူးဆိုပေမယ့် နောက်ဆုံးကစားခဲ့တဲ့ စီးရီးအေ အိမ်ကွင်းနှစ်ပွဲဆက် ရှုံးပွဲကြုံခဲ့ရတာမို့ အခုပွဲမှာ နိုင်ပွဲပြန်လည်ရရှိဖို့ အားစိုက်လာမှာပါ။ ဒါပေမယ့်

# ရိုးမားနိုင်ပွဲပျောက်ဆုံးမှု ထပ်ဖြစ်နိုင်ဦးမယ့်

## စီးရီးအေရင်ခုန်သံ - ၂၁

***အီတလီစီးရီးအေပွဲစဉ်ကို လာမယ့်ဇန်နဝါရီလ ၂၃၊ ၂၄၊ ၂၅ နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဂျူဗင်တပ်ဟာ အိမ်ကွင်းမှာ အသင်းကြီးတစ်သင်းဖြစ်တဲ့ ရိုးမားကို လက်ခံကစားသွားရဖို့ရှိနေပါတယ်။ ဒါကြောင့် ကိုပါအီတလီယာပွဲကစားပြီး ပွဲပန်းလာမယ့် ဂျူဗင်တပ်တို့ နိုင်ပွဲရအောင်စွမ်းဆောင်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်သွားရဖို့ရှိနေပါတယ်။***

ရှိုင်းမင်းမင်း

အိုင်ကာဒီ၊ ဂျိုဗီတစ်တို့ ဦးဆောင်တဲ့ တိုက်စစ်က အားပျော့မှုရှိနေတယ်။ အင်တာမီလန် တစ်ဂိုးအသာနဲ့သာ နိုင်ပွဲရနိုင်တယ်။

| | |
|---|---|
| လာဇီယို-ချီယေဗို | ည ၈း၃၀ (၂၄-၁-၁၆) |

လာဇီယိုဟာ ဒီပွဲနဲ့ရက်သိပ်မခြားဘဲ ဂျူဗင်တပ်နဲ့ ကိုပါအီတလီယာဖလားပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့် လက်ရှိခြေစွမ်းပိုင်းက ကောင်းမွန်နေသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေပြန်လည်ရရှိနေတာကြောင့် ချီယေဗိုကို အခက်တွေ့စေမှာပါ။ ဒါပေမယ့် ချီယေဗိုကလည်း နောက်ပိုင်းအဝေးကွင်းပွဲတွေမှာ ကစားပုံမဆိုးဘူး။ လာဇီယို ကပ်ပြီးသာနိုင်နိုင်တယ်။

| | |
|---|---|
| ဗီရိုနာ-ဂျီနိုအာ | ည ၈း၃၀ (၂၄-၁-၁၆) |

ဗီရိုနာက အမှတ်ပေးဇယားအောက်ဆုံးကိုရောက်နေပြီး ခြေစွမ်းပိုင်းက အားနည်းမှုတွေများတယ်။ အိမ်ကွင်းမှာ ကစားပုံမဆိုးပေမယ့် တိုက်စစ်နဲ့ ခံစစ်ကလည်းအားနည်းမှုရှိတယ်။ ဂျီနိုအာကတော့ ခြေစွမ်းပြန်လည်ကောင်းမွန်နေသလို တိုက်စစ်ကလည်းကစားပုံဂိုးသွင်းခြေရနေပြီး တန်းမဆင်းရရေးအတွက်လည်း ခြေကုန်ထုတ်ကစားလာမှာ သေချာတယ်။ ဗီရိုနာရဲ့ အိမ်ကွင်းဖြစ်ပေမယ့် ဗီရိုနာတို့ အခက်တွေ့နိုင်ကာ ဂျီနိုအာအသင်းကသာ နိုင်ပွဲရသွားမယ်။

| | |
|---|---|
| ပါလာမို-အူဒီးနီးစ် | ည ၈း၃၀ (၂၄-၁-၁၆) |

ပါလာမိုအသင်းဟာခြေစွမ်းပိုင်း သာမန်သာရှိသလို နည်းပြအပြောင်းအလဲကြောင့် ဒီပွဲမှာ အကောင်းဆုံးပုံစံရဖို့ ရုန်းကန်ရနိုင်တာကို သတိပြုရမယ်။ အူဒီးနီးစ်ကလည်း ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံရဖို့ ရုန်းကန်နေရဆဲဖြစ်ပြီး နောက်ဆုံးအဝေးကွင်းပွဲမှာလည်း ကာပီအသင်းကိုတောင် အရေးနိမ့်ခဲ့ရတယ်။ ခြေစွမ်းကွာဟမှုကျဉ်းမြောင်းလို့ သရေကျသွားနိုင်တယ်။

| | |
|---|---|
| ဂျူဗင်တပ်-ရိုးမား | ည ၈း၃၀ (၂၄-၁-၁၆) |

ဂျူဗင်တပ်ဟာ ခြေစွမ်းပိုင်းတောက်လျှောက်ကောင်းမွန်နေပေမယ့် ဒီပွဲမတိုင်ခင်မှာ လာဇီယိုနဲ့ ကိုပါအီတလီယာဖလားပွဲကစားခဲ့ရလို့ ပွဲပန်းမှု ရှိလာနိုင်တယ်။ ဒါပေမယ့် အိမ်ကွင်းအခွင့်အရေးရှိနေတာမို့ ရိုးမားကို အကောင်းဆုံးရင်ဆိုင်နိုင်မှာပါ။ ရိုးမားအသင်းကတော့ နောက်ဆုံးအဝေးကွင်းမှာ ချီယေဗိုကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပြီး သရေရလဒ်သာ ရယူနိုင်ခဲ့တဲ့အသင်းဖြစ်သလို ခံစစ်လည်း အားပျော့မှုရှိတယ်။ ဒါ့အပြင် ရိုးမားအသင်းက နည်းပြအပြောင်းအလဲကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်မှုရရှိဖို့ခက်တယ်။ ဂျူဗင်တပ်ပဲ နှစ်ဂိုးအသာနဲ့နိုင်မှာပါ။

| | |
|---|---|
| ဆမ်ဒိုးရီးယား-နာပိုလီ | ည ၈း၃၀ (၂၄-၁-၁၆) |

ဆမ်ဒိုးရီးယားဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာ ဂျူဗင်တပ်အသင်းကို အကောင်းဆုံး ရင်ဆိုင်နိုင်ခဲ့ပြီး ကပ်ပြီးသာ အရေးနိမ့်ခဲ့ရတဲ့အသင်းဖြစ်တယ်။ ကာဆာနို၊ အက်ဒါတို့ဦးဆောင်တဲ့ တိုက်စစ်ကလည်း အိမ်ကွင်းပွဲစဉ်တွေမှာ ဂိုးသွင်းခြေ ပိုမိုထက်မြက်တတ်တယ်။ နာပိုလီအသင်းက ခြေစွမ်းကောင်းမွန်နေပေမယ့် ဒီပွဲမတိုင်ခင် ကိုပါအီတလီယာဖလားပွဲမှာ အင်တာမီလန်နဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တာကို သတိပြုရမယ်။ နာပိုလီရဲ့ တိုက်စစ်ပိုင်းကောင်းမွန်ပေမယ့် ဆမ်ဒိုးရီးယားရဲ့ ခံကစားအားကြောင့် နာပိုလီအနည်းငယ် ခက်ခဲနိုင်ပြီး သရေကျနိုင်တယ်။

# ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**အောင်လံ ဇန်နဝါရီ ၂၂**

အောင်လံမြို့တွင် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁နာရီခွဲခန့်က မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမျိုးဟိန်းနှင့် သစ်တောဝန်ထမ်းများ၊ ရွှေပန်းတောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေကွင်းဆင်းဆောင်ရွက်နေစဉ် အောင်လံမြို့နယ် ရွှေပန်းတောအခြေစိုက် နီပါးတောင်ကျေးရွာ အနောက်ဘက် တစ်မိုင် ခန့်အကွာ တောထဲ၌ ကျွန်းသစ်ခွဲသားဆိုဒ်စုံ အချောင်း ၆၀၊ ပျဉ်းကတိုးခွဲသား ဆိုဒ်စုံ ၁၂ချောင်း ၊ အင်ကြင်းခွဲသား ဆိုဒ်စုံ ၃၆ချောင်း စုစုပေါင်းကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၆ ဒသမ ၅၃၆၄ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၁ရက်က သရက်ခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်တင့်နိုင်နှင့် သစ်တောဝန်ထမ်းများသည် အောင်လံမြို့နယ် ပြလို့အခြေစိုက် အင်းရွာကြီးကျေးရွာ အရှေ့ဘက်၌ ရှာဖွေစစ်ဆေးရာ ရွာ၏အရှေ့တောင်ဘက် လေးဖာလုံခန့်အကွာ ရိုးအတွင်း ရိတ်သိမ်းပြီး စပါးခင်းအတွင်း၌



ကောက်ရိုးများ ဖုံးအုပ်လျက် ဝှက်ထားသော ကျွန်းသစ်ခွဲသား (လုံးခြမ်း)ဆိုဒ်စုံ ၆၃ ခြမ်း (၆ ဒသမ ဝ၈ တန်)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သင်းလွင်(အောင်လံ)**

# စိုက်ပျိုးစရိတ်လာရောက်ပေးသွင်းသူထံမှ ကျပ် တစ်သောင်းတန် ငွေစက္ကူအတုများ တွေ့ရှိ

**မန္တလေး ဇန်နဝါရီ ၂၂**

ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရုံးကြီးလမ်းဘေးရှိလယ်ယာစိုက်ပျိုးရေးဘဏ်တွင် ဇန်နဝါရီ၂၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က စိုက်ပျိုးစရိတ်ချေးငွေလာရောက်ပေးသွင်းသူ ကျောက်ဆည်မြို့ ပတ္တာကျေးရွာနေ ဦးဌေးအောင်(၅၁)နှစ်က ၎င်း၏ ချေးငွေကျပ် ငါးသိန်းနှင့် သားမက်ဖြစ်သူ လှိုင်မင်းသန်း၏ ချေးငွေ ကျပ်လေးသိန်း စုစုပေါင်း ငွေကျပ် ကိုးသိန်းအား ပေးသွင်းရာ ဘဏ်မန်နေဂျာဒေါ်ချိုနွယ်ဦးက လက်ခံစစ်ဆေးစဉ် ကျပ်တစ်သောင်းတန်ငွေစက္ကူအရွက်၃၀အနက် ငွေစက္ကူအတု ၁၈ ရွက်အား တွေ့ရှိခဲ့သည်။

အဆိုပါငွေစက္ကူအတုတွေ့ရှိမှုနှင့်ပတ်သက်၍ကျောက်ဆည်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# အိမ်သာဆောက်ရန်မြေကျင်းတူးရာမှ ဗုံးသီးဟောင်းတွေ့ရှိ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက် (၃၀)လမ်းနှင့်(၃၁)လမ်း (၈၅)လမ်း နှင့်(၈၆)လမ်းကြားရှိမဟာသကျသီဟဘုရားဝင်းအနောက်မြောက်ထောင့်တွင် ဇန်နဝါရီ ၂၀ရက် နံနက် ၁၁ နာရီခွဲခန့်က အများသုံးအိမ်သာဆောက်လုပ်ရန် အိမ်သာကျင်းတူးရာမှ ဗုံးသီးဟောင်းတစ်လုံးနှင့်သံထည်ဗုံးသီးဟောင်း အစိတ်အပိုင်းတစ်ခုတွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်နေ မျိုးခိုင်သည် အိမ်သာကျင်းတူးရာမှကျင်းအနက်လေးပေခန့်အရောက်တွင် အလျား ကိုးလက်မ၊ အချင်း လုံးပတ် ၂ ဒသမ ၅ လက်မခန့်ရှိ သံချေးတက်နေသော ဗုံးသီးဟောင်းတစ်လုံးနှင့် အလျား ၁၈ လက်မခန့်ရှိ သံချေးတက် သံထည်ဗုံးသီးကွဲ အစိတ်အပိုင်းတစ်ခုကို တွေ့ရှိခဲ့သည်။ အမှတ်(၆)နယ်မြေရဲစခန်းမှူး ရဲအုပ်စိုးလွင်နှင့်နယ်မြေခံစစ်လက်နက်ပစ္စည်းတပ်မှ တပ်ကြပ်ကြီး အောင်ထွန်းလင်းနှင့် အဖွဲ့က သွားရောက်စစ်ဆေးပြီး စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။ **(သီဟကိုကို)**



# ရမည်းသင်းမြို့ ရွှေဂူရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**ရမည်းသင်း ဇန်နဝါရီ ၂၂**

ရမည်းသင်းမြို့ ရွှေဂူရပ်ကွက်တွင် ဇန်နဝါရီ ၂၁ရက် ညနေ ၄နာရီခွဲခန့်က လျှပ်စစ်ဝိုင်ယာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားလေးစီး၊ ရေသယ်ယာဉ်သုံးစီးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး၊ သန္ဓေမီးသတ် ၂၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ပြည်သူအင်အား ၂၀၀ ခန့်ဖြင့် စုပေါင်းငြိမ်းသတ်ခဲ့ရာ ညနေ ၅နာရီ မိနစ် ၂၀ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ ရွှေဂူရပ်ကွက်နေ ကိုငယ်လေး(ခ)ကိုမျိုးနိုင်ထွန်း၏ လေးပင်ပတ်လည် ထရံကာသွပ်မိုး နှစ်ထပ်အိမ်အိမ်မှ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ စတင်လောင်ကျွမ်းပြီး အနီးပတ်ဝန်းကျင်ရှိသုံးပင်ပတ်လည်ထရံကာသွပ်မိုးအိမ် လေးလုံး၊ မြေစိုက် အိမ် ခြောက်လုံး စုစုပေါင်း နေအိမ်၁၁ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးစတင် လောင်ကျွမ်းသည့် ကိုငယ်လေး (ခ) မျိုးနိုင်ထွန်းအား အရေးယူဆောင်ရွက်လျက်ရှိပြီး မီးဘေးသင့် အိမ်ထောင်စုများအား မြို့ဦး ရှင်မာလဲဘုရားဝင်းအတွင်း နေရာချထားကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

# ကားမောင်းလာသူအား သေနတ်ဖြင့်ပစ်ခတ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီ ၁၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က သေနတ်ထိမှန်၍ ဒဏ်ရာရရှိသူများရောက်ရှိနေကြောင်း သတင်းအရ မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာ မြဝတီမြို့ အမှတ်(၅) ရပ်ကွက်နေ ကိုဦး(ခ)ဝင်းနိုင်ဦး(၃၉)နှစ်တွင် လည်ပင်းယာဘက်ဖောက်ဝင်ဒဏ်ရာတစ်ချက်နှင့် ဇနီးဖြစ်သူ မသန္တာအေး(၃၉)နှစ်တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာ တစ်ချက်တို့ ရရှိထားကြောင်း တွေ့ရှိရသည်။ စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် သမီးဖြစ်သူ မယွန်းသီရိဦး(၁၅)နှစ်နှင့်အတူ 5D/×××× ယာဉ်ဖြင့် ထွက်လာစဉ် ဘုရင့်နောင်လမ်းနှင့် နဝဒေးလမ်းဆုံအရောက် နောက်မှကပ်၍မောင်းနှင်လာသော ယာဉ်အမှတ် (စိစစ်ဆဲ) ပရိုဘောက်ယာဉ်ပေါ်ပါ အသက်(၃၀)နှစ်ခန့် အမျိုးသားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ပြီး မောင်းနှင်ထွက်ပြေးသွားကြောင်း သိရ၍ သေနတ်ဖြင့်ပစ်ခတ်ထွက်ပြေးသွားသူ(စိစစ်ဆဲ)အား မြဝတီမြို့မ ရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**




## ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးသုံးပုံစံများရိုက်နှိပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်သော ရုံးသုံးပုံစံများကို မြန်မာကျပ်ငွေဖြင့် ရိုက်နှိပ်ပေးရန်အတွက် တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၁-၂၀၁၆ရက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်တွင် တစ်စောင်လျှင် (၂၀၀ဝိ/)ကျပ်ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၂-၂-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ လာရောက်တင်သွင်းကြရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၄၃၀၄၀၇ နှင့် ၀၆၇-၄၃၀၀၂၂သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့
ပြည်တွင်းအခွန်များ ဦးစီးဌာန
ရုံးအမှတ်(၄၆)၊ နေပြည်တော်**

## အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ တောင်ရှမ်းစု၊ လှိုင်ရပ်ကွက်နေ အိမ်အမှတ်(၉၁-အေ)၊ ဦးသန်းစိုး-ဒေါ်အေးအေးစိုးတို့၏ သားဖြစ်သူ မောင်ဝင်းမင်းစိုး[၁၀/မလမ(နိုင်)၂၄၂၀၉၅]သည် မိဘသဘောဆန္ဒကို လိုက်နာခြင်းမရှိသည့်အတွက် ၂၂-၁-၂၀၁၆ ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးသန်းစိုး-ဒေါ်အေးအေးစိုး**

## JES Driver Agency အတွက်

ယာဉ်မောင်းသင်တန်းတက်လိုသူများသင်တန်းကြေး - ၃၀၀၀၀/-ကျပ် ဖြင့်တက်ရောက်နိုင်ပါသည်။ (၂-၂-၂၀၁၆) ရက်နေ့တွင်ဖွင့်ပါမည်။ (ခ) ယာဉ်မောင်းလိုင်စင်ရသည်အထိဆောင်ရွက်ပေးပါသည်။ အမျိုးသမီးများပါတက်ရောက်နိုင်ပါသည်။

အောက်ပါတယ်လီဖုန်းများတွင်စုံစမ်းနိုင်ပါသည်။
09-8581144, 09-32173735, 09-263145979, 09-797815723, 09-32250319, 09-263464993

## JES Driver Academy

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနားလည်ပြီး ကျွမ်းကျင်စွာယာဉ်မောင်း တတ်လိုသူများအတွက်၊(က.ည.န) အငြိမ်းစားများ ဦးစီးသော JES Driver Academy သင်တန်း အမှတ်စဉ် (၂/၁၆) ဖွင့်ပါပြီ။ ဖေဖော်ဝါရီလ (၂) ရက်နေ့ (၂-၂-၂၀၁၆) အင်္ဂါနေ့ တွင် သင်တန်းစတင်ပါမည်။

အောက်ပါနေရာနှင့်တယ်လီဖုန်းနံပါတ်များ တွင်စုံစမ်း စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်းအသိပေးအပ်ပါသည်။

အမှတ်(၆)၊ပထမထပ်၊(၁၂)လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန် မြို့။
09 8581144, 09 32173735, 09 263145979, 09 797815723, 09 263464993, 09 32250319
www.facebook.com/jesdriveracademy

## ရောင်းမည်

မြေကွက်ကျယ်ကျယ်(၁၁၀ပေ×ပေ၂၀၀)၊ ရန်ကုန်-မန္တလေးလမ်းမပေါ် နတ်ရေကန်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။

ဖုန်း-၀၉-၅၀၂၀၉၁၀၊ ၀၉-၅၀၂၅၃၇၆

## မအေးသိန်း(ဆေးဆိုင်)

အမှတ်(၁၈)၊ ၁၃၅ လမ်း၊ မြေညီထပ်
မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

-အိမ်သုံးဆေးဝါးများ
-ဆီးချို၊ သွေးချိုတိုင်း ကိရိယာများ
-အမျိုးသမီး လစဉ်သုံး ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား၊ (ပိတ်ရက်မရှိ) ရရှိနိုင်ပါသည်။

မည်သည့် ဆီးချို သွေးချိုတိုင်းကိရိယာ အဟောင်း၊ အပျက်နှင့်မဆို Easy Test ဆီးချို သွေးချိုတိုင်းကိရိယာ အသစ် (၁)လုံးကို ၅၀%လျှော့၍ အထူးဈေးနှုန်းဖြင့် လဲလှယ်ပေးနေပါသည်။

Ph: 206185, 298174, 09-73042939

- နိုင်ငံခြားသားများ နေထိုင်ရန် ရန်ကုန်မြို့တွင်းရှိ ကွန်ဒိုအခန်းများ ငှားရမ်းလိုသည်။

Furniture မပါ။ (၁၀)သိန်းမှ (၁၅)သိန်းအတွင်းသာ

- ရန်ကုန်မြို့တွင် နိုင်ငံခြားသားများနှင့် အကျိုးတူလုပ်ငန်းလုပ်ကိုင်လိုသော မြေကွက်ပိုင်ရှင်များ အနည်းဆုံး (၁ဧက) ရှိရမည်။
- ရန်ကုန်မြို့တွင်းသာ ဆက်သွယ်နိုင်ပါသည်။

ပိုင်ရှင်များ အမြန်ဆက်သွယ်ကြပါရန်။

**ဆက်သွယ်ရန် - 09-783733609, 09-783736943**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




### ဝေါဟာရ ဆင်းသက်ပုံ

ကုလားဆိုတဲ့ ဝေါဟာရနဲ့ ပတ်သက်လို့ ဖတ်ဖူး မှတ်ဖူး ကြုံဖူးထားတာလေးတွေ တင်ပြလိုက်ချင်ပါတယ်။

မြန်မာအဘိဓာန် အကျဉ်းချုပ်မှာတော့ ၁။ အိန္ဒိယနိုင်ငံသားများ။ ၂။ သာမန်အားဖြင့် မြန်မာနိုင်ငံ အနောက်ဘက်ဒေသများမှ လာသူများလို့ နာမ်အနေနဲ့ ဖွင့်ဆိုထားပါတယ်။ နာမဝိသေသန အနေနဲ့ကျတော့ နိုင်ငံခြား၌ဖြစ်သော၊ နိုင်ငံခြားမှ လာသောလို့ ဖွင့်ဆိုထားပါတယ်။

ဒါ့ကြောင့် ကုလားကာ (ကန့်လန့်ကာ - အသံထွက် ကလဂါ)၊ ကုလားကင်ပွန်း၊ ကုလားစပါး (ဂျုံ)၊ ကုလားတက်၊ ကုလားတည်၊ ကုလားထိုင်၊ ကုလားနံ၊ ကုလားပဲ၊ ကုလားမခြေထောက်၊ ကုလားမ စည်းနှင်း၊ ကုလားမောင်း၊ ကုလားရွှေ၊ ကုလားသေ ကုလားမော၊ ကုလားဟင်း၊ ကုလားအော်၊ ကုလားအုတ်အစရှိသဖြင့် မြန်မာဝေါဟာရတွေ ရှိလာတာပါ။

(သည်နေရာမှာ စာမန့်သူတချို့က "ကုလားကာ" မဟုတ်ဘူး၊ "ကန့်လန့်ကာ" သာ အမှန်လို့ ခြေကန်ငြင်းချင်တာလည်း ရှိပါ့မယ်။ ဟုတ်ကဲ့- ကျွန်တော်အလွတ်မဲ့ရေးလိုက်တာ မဟုတ်ပါဘူး။ ၁၉၇၈ ခုနှစ် စက်တင်ဘာလမှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေတဲ့ မြန်မာအဘိဓာန် အကျဉ်းချုပ် စာမျက်နှာ ၁၂ မှာ"ကုလားကာ [ကန့်လန့်ကာ]"လို့ အတိအလင်း ဖော်ပြထားပါတယ် ခင်ဗျ။ ဒါ့အပြင် ၂၀၀၈ ခုနှစ် ဩဂုတ်လမှာ အဆိုပါ အဖွဲ့ကပဲ ပြင်ဆင်တည်းဖြတ်ထုတ်ဝေထားတဲ့ မြန်မာအဘိဓာန် စာမျက်နှာ ၉ မှာလည်းပဲ အဲဒီ အတိုင်းပဲ "ကုလားကာ"လို့ ပေးထားတာကို တွေ့ရနိုင်ပါတယ်။)

အမျိုးဇာတ်တွေ အများအပြား ကွဲပြားတဲ့ အိန္ဒိယနိုင်ငံမှာတော့ အူတာပရာဒက်(ရှ်)၊ ရာဂျက်(စ်)သန်၊ ပန်ဂျပ်(ဘ်) ပြည်နယ်များနဲ့တကွ အိန္ဒိယနိုင်ငံမြောက်ပိုင်းနဲ့ အလယ်ပိုင်းမှာ သမိုင်းအစဉ်အဆက်ရှိခဲ့တဲ့ အမျိုးဇာတ်တစ်ခုကို ကလွား (ကလား) (Kalwar, Kalal, Kalar) လို့ ခေါ်ပါတယ်။ အရင်တုန်းကတော့ အဲဒီ အမျိုးဇာတ်ဟာ အရက်ချက်တဲ့ အလုပ်ကို လုပ်ခဲ့ကြဖူးတယ်လို့ အဆိုရှိတယ်။ ၂၀ ရာစုမှာတော့ အဲလို မဟုတ်တော့ပါဘူးတဲ့။

အိန္ဒိယနိုင်ငံသားတွေထဲက တမစ်(လ်) (Tamil) တွေရဲ့ အမျိုးဇာတ်ထဲမှာလည်း ကုလားက ရှိနေပြန်တယ်။ အိန္ဒိယနိုင်ငံ တောင်ပိုင်းက တစ်ခုနဲ့တစ်ခုဆက်စပ်နေတဲ့ အမျိုးဇာတ် သုံးခုအနက်က တစ်ခုကို ကုလား (Kallar) လို့ ခေါ်ပြန်သတဲ့။

မြန်မာတချို့ကတော့ တခြားနိုင်ငံကနေ ကူးလာသူတွေကို "ကူးလာ"လို့ ခေါ်ရင်းကနေ ကာလရွေ့လျောတဲ့အခါ ကူးလာ ကနေ ကုလားဖြစ်သွားတယ်လို့လည်း ဆိုကြပါတယ်။ အမျိုးဇာတ်စနစ်ကို အခိုင်အမာ ဖက်တွယ်ထားသူတွေလို့ ဆိုလိုချင်တဲ့ အခါမှာလည်း ကုလားလို့ သုံးတယ်လို့ အဆိုရှိပြန်တယ်။ ဒါ့ကြောင့် ပါဠိလို "ကုလ"၊ မြန်မာလို "အမျိုးအနွယ်"လို့ အဓိပ္ပာယ်ရတဲ့ "ကုလ"လို့ ခေါ်ရင်းကနေ ကုလားဖြစ်တယ်ဆိုတဲ့ အယူအဆတစ်ခုလည်း ရှိပါတယ်။

သေချာတာကတော့ မြန်မာ့သမိုင်းမှာ အနောက်တိုင်းသား မျက်နှာဖြူ အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်(ချ်)၊ ပေါ်တူဂီတွေကို ကုလားဖြူလို့ ခေါ်ခဲ့ကြဖူးတာပါပဲ။

### ကုလားဆိုတာ

တကယ်တော့ မြန်မာတွေ နှုတ်ကျိုးနေတဲ့ ကုလားဆိုတဲ့ ဝေါဟာရက ကျယ်ဝန်းပါတယ်။ အာရပ်တွေ၊ ပါရှားတွေလို အရှေ့အလယ်ပိုင်းဒေသက ရောက်လာတဲ့ အသားဖြူသူတွေကိုလည်း ကုလားလို့ ခေါ်ပါတယ်။ နက်မှောင်နေအောင် မည်းတဲ့သူတွေကိုလည်း ခေါ်ကြတာ ဖြစ်သလို အသားလတ်သူတွေကိုလည်း ခေါ်တာပါပဲ။ အလားတူ၊ ကိုးကွယ်ရာ ဘာသာမှာလည်း ဟိန္ဒူ၊ အစ္စလာမ်၊ ခရစ်ယာန်၊ (ပန်ချာပီလို့ မြန်မာတွေ သိကြတဲ့)ဆစ်(ခ်) အစရှိသူတွေကိုလည်း ခေါ်တာပါပဲ။

ကျွန်တော်တို့လို ၆၀ တန်းတွေဆို ကောင်းကောင်း မီပါတယ်။ ဟိန္ဒူကုလား၊ ပန်ချာပီကုလား၊ မဂိုကုလား၊ ဇေဒဘာရာရီ ကုလား၊ မန်ကျည်းသီးကုလား၊ ဂေါ်ရင်ဂျီကုလား၊ ချစ်တီးကုလား၊ ဂေါ်ရခါး၊ ကလယ်၊ မူစလင်ကုလား အစရှိသဖြင့် အမျိုးမျိုး အမယ်မယ် ရှိခဲ့ဖူးပါတယ်။ ရန်ကုန်တင်မက မန္တလေးမှာရော တခြားမြို့ အများအပြားမှာပါ တစ်ခေတ်ဆီက ကုလားပေါင်းစုံ ရှိခဲ့ဖူးတာလည်း အမှန်ပါပဲ။

> ကမ္ဘာကြီး ကျဉ်းသထက် ကျဉ်းလာနေတဲ့ သည်လို ခေတ်ကြီးမှာ အမြင်ကျဉ်းကျဉ်းနဲ့ မျိုးမတူ ဇာတ်ခြားသူတွေကို ရမယ်ရှာမနေတော့ဘဲ တော်တဲ့သူကို တော်တဲ့သူအလျောက်၊ တတ်တဲ့သူကို တတ်တဲ့သူ အလျောက်၊ နေရာပေးသွားမယ်ဆိုရင် လူ့ဘောင်တွေ ထွန်းကားတိုးတက်လာစမြဲဆိုတာ နိုင်ငံအများအပြားမှာ တွေ့ရနိုင်ပါတယ်။

### ကျွန်တော်ကြုံဖူးတဲ့ ပန်ချာပီကြီးတွေ

ကျွန်တော်ငယ်ငယ်တုန်းက မန္တလေးမှာ နေမကောင်းတဲ့အခါ ပန်ချာပီကုလားဆရာဝန်ကြီးနဲ့ချည်းပဲ အမြဲတမ်း ပြရပါတယ်။

ဘယ်လောက်များလဲဆိုရင် အဲဒီခေတ် မြန်မာရုပ်ရှင်တွေထဲက ဆရာဝန်ခန်းမှာ ဆရာဝန်အဖြစ် ပင်တိုင် သရုပ်ဆောင်သူက ပောင်းထုပ်ကြီးနဲ့ ပန်ချာပီကုလားကြီးဖြစ်နေခဲ့ဖူးပါတယ်။ ဆရာကြီး ဦးသုခရဲ့ စောစောပိုင်း ဇာတ်ကားတွေထဲမှာ တွေ့ရနိုင်ပါတယ်။

၁၉၇၀ ပြည့်လွန်နှစ်များမှာတော့ အဲဒီသရုပ်ဆောင် ပန်ချာပီကြီးကို လူကိုယ်တိုင် အကောင်လိုက် ခဏခဏ မြင်ဖူးပါတယ်။ သူက ဗိုလ်အောင်ကျော်လမ်းနဲ့ ဗိုလ်ချုပ်လမ်းထောင့် စိန့်မေရီ (စိန်ပေါကျောင်းဘေး) ဘုရင်ဂျီ ဘုရားကျောင်းရှေ့မှာ အမြဲတမ်း စက်ကျတတ်တာကိုး။ အဲဒီနားမှာ တစ်ချိန်က ရုပ်ရှင်ကုမ္ပဏီရုံးခန်းတွေ ရှိတာမို့ သူ့ကို အဲဒီနားမှာ မကြာခဏ တွေ့ရတာလည်း ဖြစ်ပါတယ်။

### ကုလားပေါင်းစုံ မြန်မာပြည်ကို ဘယ်တုန်းက စရောက်လာတာလဲ

အများစု ယူဆကြတာက မြန်မာနိုင်ငံကို ကိုလိုနီ နယ်ချဲ့တွေ သိမ်းပိုက်ပြီးတဲ့နောက် သူတို့နဲ့အတူ ကုလားတွေပါ ပါလာတယ်လို့ပါပဲ။ သည်အယူအဆက မမှားပါဘူး။ ဒါပေမယ့် သမိုင်းမှတ်တမ်းတွေအရ အရှေ့အလယ်ပိုင်းက အာရပ်တွေ မြန်မာပြည်ကို စရောက်လာတာက ပုဂံခေတ်ဦး၊ ခရစ်သက္ကရာဇ် ၆၅၂- ၆၆၀ အတွင်းမှာပဲ ဖြစ်ပါတယ်။ အဲဒီအချိန်က သုဝဏ္ဏဘူမိ သထုံတို့၊ မုတ္တမတို့ဆီကို ကုန်သည်များအဖြစ် ရောက်လာခဲ့တာလည်း အမှန်ပါပဲ။

ကိုးရာစုမှာတော့ ဧရာဝတီ မြစ်ဝကျွန်းပေါ်၊ တနင်္သာရီဒေသတို့မှာလည်း အာရပ် ကုန်သည်တွေ ရောက်နေပါပြီ။ ဆိုတော့ကာ အာရပ်တွေ မြန်မာပြည်ကို ဥဒဟို ဝင်ထွက်သွားလာနေခဲ့ကြ၊ အခြေချနေထိုင်ခဲ့ကြတာပဲ နှစ်ပေါင်း တစ်ထောင်ကျော်ခဲ့ပြီလို့ ပြောနိုင်ပါလိမ့်မယ်။

သမိုင်းမှတ်တမ်းတွေအရ အိန္ဒိယနိုင်ငံဘက်ဆီက ပါခစ္စထာနီများလို မူစလင် အများအပြား မြန်မာနိုင်ငံကို ရွှေ့ပြောင်း အခြေချနေထိုင်ခဲ့တာကတော့ ၁၈၇၀ ပြည့်လွန်စ နှစ်တွေမှာပါပဲ။ လွတ်လပ်ရေးရပြီးစမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပါကစ္စတန်အသင်း (All Burma Pakistan Association - ABPA) ဆိုတာတောင် ရှိခဲ့ဖူးပြီး အဖွဲ့ဝင် အင်အားက သုံးသိန်းကနေ ငါးသိန်းအထိ ရှိခဲ့ဖူးတယ်လို့ သိရပါတယ်။

တကယ်တော့ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ကုန်းမြေ နယ်နိမိတ်ချင်း ထိစပ်နေတာမို့ အစိုးရစနစ်တွေ မထွန်းကားခင်၊ နိုင်ငံသား ဘာညာတွေ မပေါ်ခင် ပဝေသဏီ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်လောက်ကတည်းက ဟိုဘက်သည်ဘက် ကူးလူးသွားလာနေကြ၊ အခြေချနေထိုင်ခဲ့ကြတာပါပဲ။ တရုတ်တွေ၊ ထိုင်းတွေလည်းပဲ အလားတူပါပဲ။

ကိုလိုနီနယ်ချဲ့တွေနဲ့ကျတော့ အိန္ဒိယက လူမျိုးပေါင်းစုံဟာ နည်းပေါင်းစုံနဲ့ ပါလာခဲ့ပါတယ်။ ၁၉ ရာစု အလယ်ပိုင်း ကတည်းကပါပဲ။ အရပ်ဘက်ဝန်ထမ်းတွေ၊ အင်ဂျင်နီယာတွေ၊ မာလိန်မှူးတွေ၊ စစ်သားတွေ၊ အလုပ်သင်တွေ၊ အလုပ်ကြမ်းသမားတွေ၊ ကုန်သည်တွေအနေနဲ့ ပါလာတော့တာပါပဲ။ ပဲခူးတိုင်း ဇေယျဝတီမြို့နဲ့ အနီးတဝိုက်မှာ အဲဒီခေတ် ကတည်းက မြန်မာပြည်မှာ အခြေချနေခဲ့ကြရာက ပေါက်ဖွားလာသူတွေကို အထင်အရှား မြင်နေနိုင်ပါသေးတယ်။

အဲဒီလူတွေက မြန်မာပြည်မှာပဲ အခြေချနေကြ၊ မြန်မာနိုင်ငံသား လူမျိုးပေါင်းစုံနဲ့ အိမ်ထောင် သားမွေးကြနဲ့ နေနေခဲ့ကြတာ နှစ်ပေါင်း ရာချီနေခဲ့ပါပြီ။ ဒါ ကုလားတွေတင် မဟုတ်ပါဘူး။ တရုတ်တွေလည်း အတူတူပါပဲ။

### အထင်ကရ ကုလားကြီးများ

ကျွန်တော်ဆို အမေ့ရဲ့ အဘိုးအရင်းက ပြည်မကြီးကလာတဲ့ ပေါက်ဖော်စစ်စစ်ကြီးမို့ တရုတ်သွေး ၁၂ ပြားခွဲဖိုးပါတဲ့ ရွှေမြန်မာပါ။

အဖေ့ဘက်ကလည်း ဇစ်မြစ် မသိလို့သာပါ။ ဆံပင်ကောက်တာ၊ အမွေးအမှင်ထူတာ၊ မျက်လုံးပြူးတာလို ကုလားနဲ့ ဆက်စပ်တဲ့ သဲလွန်စတွေ အများအပြားကတော့ ကျွန်တော့်သားဆီအထိ ပါနေပါသေးတယ်။

ကုလားတွေထဲမှာ အာဇာနည် ဦးရာဇတ်လို၊ ဝန်ကြီး ဦးရာရှစ်လို၊ အာဖဂန်အနွယ် ပါမောက္ခဒေါက်တာ ဘသန်းဟက်လို၊ ဆရာကြီး ဦးဂိုအင်ကာလို၊ ကျွန်တော်တို့ တက္ကသိုလ်တက်စဉ်က ပါမောက္ခချုပ် လုပ်သွားတဲ့ ဒေါက်တာမောင်ဒီလို၊ မကြာခင်က ကွယ်လွန်သွားတဲ့ ရုပ်ရှင်မင်းသား မောင်မောင်တာလို၊ ဘောလုံးသမားကျော် ဗဟာဒူးလို ပုဂ္ဂိုလ်တွေ အများအပြား ပါဝင်ပါတယ်။ ယုတ်စွအဆုံး၊ သခင်သန်းထွန်းရဲ့ ဗမာပြည် ကွန်မြူနစ်ပါတီနဲ့အတူ တောခိုသွားပြီး ဖြုတ်ထုတ်သတ်ခံလိုက်ရတဲ့ ကွန်မြူနစ်ဝါဒ ယုံကြည်သူတွေထဲ မှာတောင် အထင်ကရ ကုလားတွေ ပါဝင်နေတာ သမိုင်းပါပဲ။

ဗဟာဒူးကို ထည့်ပြောလိုက်တော့ စကားစပ်လို့ ဂေါ်ရခါးဆိုတဲ့ ကုလားတစ်မျိုးကို ထည့်ပြောရပါမယ်။ ဂေါ်ရခါးဆိုတာက နီပေါနိုင်ငံသားတွေကို ရှေးက ခေါ်ခဲ့တဲ့ အခေါ်အဝေါ်ပါ။ စစ်သည်ကျော်တွေမို့ ကမ္ဘာမှာ ဂေါ်ရခါးဆိုရင် စစ်သားနဲ့ တွဲသိ ကြပါတယ်။ မြန်မာနိုင်ငံ အနှံ့အပြားမှာ ရောက်ရှိနေတဲ့ ဂေါ်ရခါးအများစုဟာ ဗြိတိသျှတို့နဲ့အတူ စစ်သည်တွေအနေနဲ့ ပါလာတာ ဖြစ်ဖို့များပါတယ်။ ဘောလုံးသမားကျော် ဂေါ်ရခါးကြီး ဗဟာဒူးဆိုလည်း စစ်သားဟောင်းကြီးပါပဲ။ အများစုက မြစ်ကြီးနား၊ တောင်ကြီး၊ မေမြို့လို နေရာတွေမှာ ယနေ့ထက်တိုင် ရှိနေကြဆဲပါပဲ။ သူတို့က ပေါက်ဖွားသူတွေဟာ မြန်မာနိုင်ငံမှာသာ မွေးဖွားတာဖြစ်ပြီး နီပေါနိုင်ငံဆိုတာ မြင်တောင် မြင်ဖူးကြမှာ မဟုတ်ပါဘူး။

### စာပေသမိုင်းထဲက ကုလားကြီးတွေ

နောက်ထပ် ထင်ရှားတဲ့ ကုလားတွေဆိုရင် အာဇာနည်ဆရာကြီးဦးရာဇတ်ထက်တောင် စောပါသေးတယ်။

မြန်မာဝတ္ထု သမိုင်းမှာ (မွန်ထီ ခရစ္စထို မြို့စားခေါင်းစဉ်နဲ့ ပြင်သစ်ဝတ္ထုကို မှီးထားတဲ့) ဆရာကြီး ဂျိမ်း(စ်)လှကျော်ရဲ့ "မောင်ရင်မောင်၊ မမယ်မ"ကို ပထမဆုံးအဖြစ် သတ်မှတ်ကြပါတယ်။ အဲဒီဝတ္ထုကို ၁၉၀၄ ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေခဲ့တာပါ။

အမှန်တော့ အဲဒီထက် စောတဲ့ မြန်မာဝတ္ထု ရှိတာကို လူသိနည်းလှပါတယ်။ "မောင်ရင်မောင်၊ မမယ်မ"ထက် ၁၅ နှစ် လောက် စောပြီး ၁၈၈၉ ခုနှစ် ဇွန်လ ၁၉ ရက် ကြာသပတေးနေ့မှာ မော်လမြိုင်မြို့ဇာတိ၊ ရန်ကုန် သံဖြူတန်းရပ်နေ၊ မူဟာမွက် အီဆွတ်၏သား၊ မူဟာမွက် ရှံရှုဒင်၊ မြန်မာအခေါ် စာရေးမောင်ဘိုးခင်က ဟိန္ဒီ၊ ကလယ်ဘာသာ ဝတ္ထုတွေကို မူရင်းဘာသာကနေမြန်မာဘာသာနဲ့ ပြန်ဆိုရေးသားထားတဲ့ "ဟာတင်ကာယီ ဝတ္ထုတော်ကြီး"ကို ထုတ်ဝေခဲ့ပါတယ်။

ဒါ့အပြင် 'မောင်ရင်မောင်၊ မမယ်မ"ထွက်တဲ့ ၁၉၀၄ ခုနှစ်မှာပဲ "မန္တလေးသား ဦးကာစင်"ရေးတဲ့ "ယူဇွတ်ဇိုလိုင်ခါ မင်းသား မင်းသမီး ဇာတ်ဝတ္ထုတော်ကြီး"ကိုလည်း ဇမ္ဗူ့မျက်မှန် ပုံနှိပ်တိုက်ပိုင်ရှင် မသက်တင်နဲ့ မဖုန်းခင်တို့က ထုတ်ဝေထားတာ ရှိခဲ့ဖူးပါတယ်။

အဲဒါတွေထက် ထင်ရှားတာကတော့ ၂၀၀၂ ခုနှစ် ဇွန်လမှာ ခင်ချိုထွန်းစာပေက တတိယအကြိမ် ထုတ်ဝေထားတဲ့ "တထောင့်တည ပြောရသော ပသီပုံပြင်ဝတ္ထုကြီး"ပါပဲ။ ဆရာကြီး သခင်ဘသောင်းရော၊ ဆရာကျော်လှိုင်ဦး (မင်းကျော်) ရော အဲဒီ တထောင့်တည ပုံပြင်တွေကို ဘာသာပြန် ထုတ်ဝေခဲ့ဖူးပါတယ်။ ဒါပေသည့် ၂၀၀၂ ခုနှစ်မှာ တတိယအကြိမ် ထုတ်ဝေခဲ့တဲ့ မူလပသီပုံပြင်တွေကိုတော့ ဗိလတ်ပြန် ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ရှိတ်(ခ်)အဗ္ဗဒူရာမန် (မြန်မာနာမည် ဦးဖိုးသာဇံ)က ၁၉၀၉ ခုနှစ်မှာ ရေးသားထုတ်ဝေခဲ့တာပါ။ သူ့ရဲ့ မြန်မာစာ အရေးအသားကလည်း အံ့မခန်း ကောင်းမွန်လှတာကို ကိုယ်တိုင် ရှာဖွေဖတ်ရှုကြည့်ကြရင် တွေ့နိုင်ကြပါလိမ့်မယ်။ အဲဒီ ဆရာဝန်ကြီးက ပေါက်ဖွားသူကတော့ ဆရာကြီး "ဒဂုဏ်ပ ဦးဘတင်" (သူ့မူရင်း သတ်ပုံအတိုင်း) ဖြစ်ပါတယ်။ ("ပသီ"ဆိုတာ မြန်မာမူစလင်တွေကို ခေါ်တဲ့ ဝေါဟာရပါ။)

### တချို့လူတွေများ အတော်ခက်

အဲတော့ကာ မြန်မာနိုင်ငံမှာ ကုလားပေါင်းစုံ ရောက်ရှိနေတာ အခုကာလ မတိုင်မီ ဟိုးအတီတေကတည်းကဆိုတာ ထင်ရှားနေပါပြီ။

ခက်တာက ဗြိတိန်လို နိုင်ငံမျိုးမှာတောင် အဖြစ်မရှိတဲ့ ဗြိတိန်နိုင်ငံသားလူနည်းစုတချို့က သူတို့ထက် ပိုပြီး အောင်မြင်ထွန်းပေါက်နေတဲ့ တခြားနိုင်ငံသား၊ သူတို့နဲ့ အသားအရောင်မတူသူ အာရှသားတွေ၊ ကုလားတွေကို နင်တို့တိုင်းပြည် နင်တို့ပြန်ဆိုပြီး မတူမတန်သလို ဆက်ဆံချင်တတ်တာမျိုး ယနေ့ထက်တိုင် ရှိနေသေးတာပဲ ဖြစ်ပါတယ်။

ခက်တာက သူတို့ ပြန်ခိုင်းနေတဲ့သူတွေက သူတို့နိုင်ငံမှာပဲ မွေး၊ သူတို့မြေပေါ်မှာပဲနေ၊ သူတို့ ရေကိုပဲ သောက်ထားတဲ့ သူတို့နိုင်ငံသားစစ်စစ်တွေ ဖြစ်နေတာပါပဲ။

မြန်မာတစ်ယောက်နဲ့ ကချင်တစ်ယောက်သော်လည်းကောင်း၊ ရှမ်းတစ်ယောက်နဲ့ ကယားတစ်ယောက်သော်လည်းကောင်း အကြောင်းဆက်ပေါင်းဖက်ဖြစ်တာ မဆန်းပါဘူး။ အလားတူပဲ၊ မြန်မာနိုင်ငံအတွင်း "မှီတင်း" နေကြသူချင်းမို့ ပန်ချာပီနဲ့၊ ဟိန္ဒူနဲ့၊ ခရစ်ယာန်နဲ့၊ ဂေါ်ရခါးနဲ့ ညားကုန်ကြတဲ့ ကျား မတွေလည်း ခေတ်အဆက်ဆက်မှာ မနည်းပါဘူး။

### ဗဟုယဉ်ကျေးမှုဝါဒ ထွန်းကားပါစေသတည်း

Multiculturalism ဆိုတဲ့ "ဗဟုယဉ်ကျေးမှုဝါဒ"ဆိုတာ လူ့ဘောင်တစ်ခု၊ နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ လူမှုန်သမျှအပေါ် တလေးတစားနဲ့ တန်းတူနေရာပေး ဆက်ဆံရေး အယူအဆပါ။

အထူးသဖြင့် ကမ္ဘာကြီး ကျဉ်းသထက် ကျဉ်းလာနေတဲ့ သည်လို ခေတ်ကြီးမှာ အမြင်ကျဉ်းကျဉ်းနဲ့ မျိုးမတူ ဇာတ်ခြားသူတွေကို ရမယ်ရှာမနေတော့ဘဲ တော်တဲ့သူကို တော်တဲ့သူအလျောက်၊ တတ်တဲ့သူကို တတ်တဲ့သူ အလျောက်၊ နေရာပေးသွားမယ်ဆိုရင် လူ့ဘောင်တွေ ထွန်းကားတိုးတက်လာစမြဲဆိုတာ နိုင်ငံအများအပြားမှာ တွေ့ရနိုင်ပါတယ်။ အမေရိကန်နိုင်ငံက လူမည်း သမ္မတက အထင်ရှားဆုံး နမူနာပါပဲ။ သူ့လောက် ရာထူးမကြီးပေမယ့် ရာထူးအသီးသီးမှာ တာဝန်ယူပေးနေကြလို့ အောင်မြင်နေတဲ့ တခြားနိုင်ငံတွေအပြင် တစ်ချိန်က အာရှမှာ အတိုးတက်ဆုံးအဖြစ် အောင်မြင်ခဲ့ဖူးတဲ့ မြန်မာနိုင်ငံမှာလည်း အဲလို နေရာပေးခဲ့တာတွေ အထင်အရှားရှိပါတယ်။

ကျွန်တော့် ကုလားရာဇဝင်ကို ချုပ်ရရင်တော့ ကုလားဆိုတာ မူစလင် တစ်မျိုးတည်းကို ခေါ်တာ မဟုတ်ဘူးဆိုတဲ့ အချက်ကလေးကို သတိမမေ့ကြစေချင်တာပါပဲ။

တစ်ဆက်တည်းမှာ လူဦးရေ ပေါက်ကွဲမှုကြောင့် သည်ဘက်ကို လျှံထွက်လာတာဖြစ်သလို အုပ်ချုပ်ရေးပိုင်းရဲ့ အားနည်းမှုတွေ၊ လစ်ဟာမှုတွေကြောင့် နယ်ကျော်လာတဲ့ ဘင်္ဂါလီတွေကို ကာကွယ်ပေးဖို့ သည်စာကို ရေးလိုက်တာ မဟုတ်ကြောင်းကိုလည်း မပြောရဲ ပြောရဲနဲ့ ဇွတ်မှိတ်ပြောလိုက်ရပြန်ပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစုံတရာ ရသွားတန်ကောင်းရဲ့လို့လည်း မျှော်လင့်နေမိကြောင်းပါခင်ဗျား။

# အထူးကုန်စည်ခွန်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှ အဆက်)*

### အခန်း(၃)
### အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၉။ (က) အောက်ဖော်ပြပါ အထူးကုန်စည်များအတွက် အခွန်မကျသင့်စေရ-
(၁) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့တင်ပို့သော အထူးကုန်စည်များ၊
(၂) ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊
(၃) ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊
(၄) ပြန်လည်တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် ယာယီတင်သွင်းသော အထူးကုန်စည်များ၊
(၅) ပြည်တွင်း ပြည်ပ အလှူရှင်များမှ ပြည်တွင်း၌လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊
(၆) အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် သံတမန်ဆိုင်ရာ ကွန်ဗင်းရှင်းများအရ ကင်းလွတ်ခွင့်ရရှိသူတို့အတွက် တင်သွင်းလာသည့် အထူးကုန်စည်များ၊
(၇) ပြည်ပသို့ ထွက်ခွာမည့် လေယာဉ်များတွင် အသုံးပြုမည့် လောင်စာဆီများ။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည် တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်-
(၁) ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့အဖြစ် ပေးအပ်သော အထူးကုန်စည်များ သို့မဟုတ် အထောက်အပံ့ရရှိငွေဖြင့် ဝယ်ယူသည့် အထူးကုန်စည်များ၊
(၂) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အခွင့်အရေးမူတွင် ပါဝင်သည့် အထူးကုန်စည်များ၊
(၃) ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ၊ အချောထည်များနှင့် လက်ဝတ်ရတနာများမှအပ ပြည်ထောင်စုအစိုးရက နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ အသုံးပြုရန်တင်သွင်းလာသော သို့မဟုတ် ပြည်တွင်း၌ထုတ်လုပ်သော အထူးကုန်စည်များ။

၁၀။အောက်ဖော်ပြပါ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-
(က) ပြန်လည်တင်ပို့ခြင်း အစီအစဉ်ဖြင့် ပြည်ပမှ ယာယီအားဖြင့် တင်သွင်းလာသည့် အထူးကုန်စည်များဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊
(ခ) အခွန်ပြန်အမ်းငွေ ထုတ်ပေးခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ။

၁၁။ အထူးကုန်စည် ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့်အခွန်မှ ယင်းအထူးကုန်စည်ကို ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှ ဝယ်ယူသော ကုန်ကြမ်းများ၊ တစ်ပိုင်းတစ်စ ကုန်စည်များ တင်သွင်းစဉ် သို့မဟုတ် ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်နိုင်သည်။ အထူးကုန်စည် ထုတ်လုပ်ရောင်းချမှုနှင့်စပ်လျဉ်း၍ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း(၄)
### တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိဦးစီးဌာန ဝန်ထမ်းများအား တာဝန်ခွဲဝေပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်သည်-
(က) အထူးကုန်စည်၏ ဈေးကွက်ပေါက်ဈေး သတ်မှတ်ခြင်းနှင့် ယင်းဈေးကွက်ပေါက်ဈေးကို အခြေပြု၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ခန့်မှန်းရောင်းဈေးသတ်မှတ်ခြင်း၊
(ခ) သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်ရန် အခက်အခဲရှိသည့် ကိစ္စရပ်များအတွက် အခွန်ပေးဆောင်ရမည့်နည်းလမ်း သတ်မှတ်ခြင်း၊ အခွန်ပေးဆောင်ရမည့် နေ့ရက်တိုးမြှင့်သတ်မှတ်ခြင်း၊
(ဂ) လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊
(ဃ) ပုံစံများ သတ်မှတ်ပေးခြင်း၊
(င) လုပ်ငန်းဥပစာနေရာများ၊ အထူးကုန်စည်များနှင့် မှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခြင်း၊
(စ) အထူးကုန်စည်များရွှေ့ပြောင်းခြင်းကို စစ်ဆေးခြင်းနှင့် ကန့်သတ်ခြင်း၊
(ဆ) အထူးကုန်စည်များကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊
(ဇ) နမူနာပစ္စည်းများရယူ၍ ကိုင်တွယ်ဖြေရှင်းခြင်း။

၁၃။ ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်က မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို လွှဲအပ်တာဝန်ပေးခြင်းခံရသူသည်-
(က) ဤဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများ၊ လုပ်ငန်းဥပစာနေရာများ၊ အဆောက်အအုံများအားလုံးကို ဝင်ရောက်ခွင့်၊ လွတ်လပ်စွာ အပြည့်အဝ ဆောင်ရွက်နိုင်ခွင့်တို့ရှိသည့်အပြင် အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည်-
(၁) အဆိုပါ စာရင်းစာအုပ်များ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများကို ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများကူးယူနိုင်ခွင့်၊
(၂) ဥပစာအတွင်း၌ရှိသော ကုန်စည်များ၊ ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ကွန်တိန်နာများအားလုံးကို မှတ်တမ်းတင်ခြင်း၊ ရေတွက်ခြင်းနှင့် စစ်ဆေးခြင်း၊
(၃) ထို့သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများအပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ်အသားများရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောက်နုတ်ချက်များထုတ်ယူခွင့်နှင့် မိတ္တူများကူးယူခွင့်။

(ခ) အခွန်ကျသင့်သည့် အထူးကုန်စည်များထားရှိသော သိုလှောင်ရုံ တစ်ခုခုမှ ထွက်ခွာလုဆဲဆဲ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရပ်တန့်ရန် တောင်းဆိုနိုင်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သည့်အမှုကိစ္စတစ်ခုခုအတွက် ဟန့်တားခြင်း၊ ငြင်းပယ်ခြင်းပြုမည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်း တောင်းခံဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ အမြန်ဆုံး အစီရင်ခံတင်ပြရမည်။

(ဃ) ပုဒ်မခွဲ(က)ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်သော ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ပိုင်ရှင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်နှင့် သက်သေ နှစ်ဦးရှေ့မှောက်တွင် ဖြစ်စေရမည်။ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သိမ်းဆည်းခြင်းဖြစ်လျှင် လက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးရမည့်အပြင် ယင်းတို့ကို စစ်ဆေးရန် လိုအပ်သည့်ကာလအထိသာ လက်ဝယ်ထားရှိရမည်။

၁၄။ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာအတွင်းသို့ ဝင်ရောက်မှုအတွက် အခွင့်အာဏာရှိကြောင်း သက်သေခံတစ်ရပ်ကို ထိုနေရာတွင် လက်ရှိနေထိုင်သူက တောင်းဆိုသည့်အခါ ပုဒ်မ ၁၂ အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အခွင့်အာဏာပေးခြင်းခံရသူဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် စာသက်သေခံတစ်ရပ်ကို ထုတ်ဖော်ပြသခြင်းမပြုနိုင်လျှင် အဆိုပါ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာ တစ်စုံတစ်ရာသို့ ဝင်ရောက်ရန် သို့မဟုတ် ဆက်လက်တည်ရှိရန် အခွင့်မရှိစေရ။

### အခန်း(၅)
### မှတ်ပုံတင်ခြင်း

၁၅။ (က) အထူးကုန်စည် ထုတ်လုပ်သူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ် အခွန်ဦးစီးဌာနမှူးထံတွင် မှတ်ပုံတင်ရမည်။
(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်သူထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် အကြောင်းကြားစာ ပေးပို့ အကြောင်းကြားနိုင်သည်။
(ဂ) သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းမှတ်ပုံတင်ကို ထုတ်ပေးရမည်။

### အခန်း (၆)
### ကြေညာလွှာ တင်သွင်းခြင်း

၁၆။ (က) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူသည် အထူးကုန်စည် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ကျသင့်အခွန်ကို ပေးဆောင်ရမည့်အပြင် ယင်းလအတွက် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်း ကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။
(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ကျသင့်သော အထူးကုန်စည်ထုတ်လုပ်သူ မည်သူ့ကိုမဆို အထူးကုန်စည်များ ထုတ်လုပ်နေသည်ဟု ယူဆရန်အကြောင်းရှိလျှင် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းအတွက် ကျသင့်အခွန် ပေးဆောင်စေရန်နှင့် ကြေညာလွှာကိုပေးပို့စေရန် အကြောင်းကြားနိုင်သည်။
(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။

### အခန်း (၇)
### စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း

၁၇။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ပေးပို့သော ကြေညာလွှာသည် ဆောင်ရွက်သည့် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှန်ကန် ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ အခွန်စည်းကြပ်ရမည်။
(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပေးပို့လာသည့် ကြေညာလွှာပါ အချက်အလက်များမှ အထူးကုန်စည်ထုတ်လုပ်ရောင်းချမှုပမာဏကို မှန်ကန်စွာမရရှိနိုင်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံအထောက်အထားများကို စိစစ်ပြီး အခွန်စည်းကြပ်နိုင်သည်။
(ဂ) အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍ အထူးကုန်စည်ထုတ်လုပ်ရောင်းချသည့်လ ကုန်ဆုံးပြီး တစ်လအတွင်း အထူးကုန်စည် ထုတ်လုပ်သူအား အခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ သတင်းအချက်အလက်တောင်းခံခြင်း ပြုနိုင်သည်။

၁၈။ ပေးဆောင်ထားသော အခွန်သည် အမှန်ပေးဆောင်ရမည့် ငွေထက် ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင်သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့မှ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

### အခန်း (၈)
### ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း

၁၉။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မည်သည့်နှစ်တွင်မဆို အောက်ပါအကြောင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ပြန်လည်စည်းကြပ်ခြင်း ပြုလုပ်နိုင်သည်-
(၁) အခွန် ပေးဆောင်ထိုက်လျက် လွတ်ကင်းနေခြင်း၊
(၂) အခွန် လျော့နည်းစည်းကြပ်ခဲ့ခြင်း။
(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

၂၀။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မိမိဆောင်ရွက်ခဲ့သည့် စည်းကြပ်မှုနှင့်စပ်လျဉ်း၍ မှတ်တမ်း၌ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အခွန်ထမ်းက တင်ပြလျှင်ဖြစ်စေ ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြန်လည် ပြင်ဆင်နိုင်သည်။
(ခ) အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးသည် မိမိဆောင်ရွက်သည့် အယူခံမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့်မှားယွင်းချက်တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အယူခံသူက တင်ပြလျှင်ဖြစ်စေ အယူခံအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြင်ဆင်နိုင်သည်။
(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် (ခ)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ တွက်ချက်ရမည့်အပြင် အခွန်ကိုတိုးမြှင့်စေသည့် သို့မဟုတ် ပြန်အမ်းငွေကို လျော့နည်းစေသည့် ပြင်ဆင်ချက်ပြုလုပ်ရန် ဖြစ်လျှင် အခွန်ထမ်း သို့မဟုတ် အယူခံသူကို ဖြေရှင်းခွင့်ပေးရမည်။

### အခန်း(၉)
### အယူခံခြင်း

၂၁။ (က) အခွန်ထမ်းက မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့်ကိုမဆို မကျေနပ်လျှင် အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများထံ အယူခံဝင်နိုင်သည်-
(၁) မြို့နယ်အခွန်ဦးစီးဌာနမှူးက စည်းကြပ်ခြင်းပြုသည့် အခွန်ကျပ် ၁၀ သိန်းထက်ပိုလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၊
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်ဖြစ်ပြီး အခွန်ကျပ်သိန်း ၁၀၀ ထက်ပိုလျှင် အခွန်အယူခံခုံအဖွဲ့၊
(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာပြဿနာနှင့် သက်ဆိုင်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်။
(ခ) အခွန်ထမ်းသည်-
(၁) မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမဆို မကျေနပ်လျှင် သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၇ မှ

(က) ထိုသူကို ၁၅ ရက်အထိ အချိန်ထပ်မံ တိုးမြှင့်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တိုးမြှင့်ပေးသောအချိန်အတွင်း တင်ပြရန် ဆက်လက်ပျက်ကွက်ပါက ထိုသူအား အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက တရားမကျင့်ထုံးဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက် မည့်သည့်အကြောင်းကြောင့် ပျက်ကွက်ကြောင်းကို စစ်ဆေးနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ) အရ စစ်ဆေးရာတွင် သတင်းအချက်အလက်များပေးရန် ပျက်ကွက်ရခြင်းသည် ထိုသူ၏ပယောဂမပါဘဲ သက်ဆိုင်ရာ စာရွက်စာတမ်းများ ပျောက်ပျက်ခြင်းကြောင့်ဖြစ်လျှင် ၎င်းအား မှတ်မိသမျှကတိသစ္စာပြုလုပ်စေပြီး သတင်းအချက်အလက်များ တင်သွင်းရန် ခွင့်ပြုနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်အရ လုံလောက်သောအကြောင်းမရှိဘဲ တင်ပြရန် ပျက်ကွက်ကြောင်း အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးကတွေ့ရှိလျှင် ထိုသူအား တရားစွဲဆိုနိုင်သည်။

၃၂။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း သို့မဟုတ် တာဝန်ရှိသည့်အခွန်ကို ပေးဆောင်ရန် စီမံပြီးကြောင်း သက်သေခံလက်မှတ်ကို ဤကိစ္စအတွက်ဝန်ကြီးဌာနက တာဝန်လွှဲအပ်သော အဖွဲ့ထံမှမရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာမသွားရ။

သို့ရာတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ချွင်းချက်ပြုနိုင်သည်။

၃၃။ (က) အထူးကုန်စည်များ ပြည်ပမှတင်သွင်းခြင်းအတွက် ကောက်ခံရငွေမှအပဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အခွန်ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်ပေးသည့် ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

(ခ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် တပ်ရိုက်သည့်ဒဏ်ငွေ ကောက်ခံရငွေအပေါ် ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအချိုးအတိုင်း ဆုကြေးငွေချီးမြှင့်နိုင်သည်။

၃၄။ ဝန်ကြီးဌာနသည်-

(က) အခွန်ကျသင့်သော အထူးကုန်စည်များအနက် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေရမည့် သို့မဟုတ် အခြားနည်းလမ်းကျင့်သုံးစေရမည့် အထူးကုန်စည်များကို သတ်မှတ်နိုင်သည်။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်း၊ အခြားနည်းလမ်းကျင့်သုံးစေခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(ဂ) အထူးကုန်စည်ခံဝန်ချုပ်ဖြင့် အထူးကုန်စည်များ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၅။ ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လည်းကောင်း ထုတ်ပြန်နိုင်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ဇယား

**အထူးကုန်စည်ခွန်ကျသင့်သည့် အထူးကုန်စည်များ**

အောက်ဖော်ပြပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှု ကော်မတီအဖွဲ့က ခန့်မှန်းသတ်မှတ်သည့်ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည်။ ယင်းအထူးကုန်စည်များအတွက် တန်ဖိုးအဆင့်နှင့်အခွန်နှုန်းသတ်မှတ်ချက်များကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြဋ္ဌာန်းဆောင်ရွက်သည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်အညီ သတ်မှတ်ရမည်-

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေးကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင်ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါတစ်ဘူး ရောင်းဈေး ၃ ကျပ်မှ ကျပ် ၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင်ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၅၀၁ကျပ် မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင်ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၁၀ ကျပ် မှ ကျပ်၂၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင်ကျပ် |
| | (င) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၂၀၀၁ကျပ် မှ ကျပ်၃၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင်ကျပ် |
| | (စ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၀၀၁ ကျပ် နှင့်အထက်ဖြစ်လျှင် | တန်ဖိုး၏ % |
| | (ဆ)စီးကရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၂။ | ဆေးရွက်ကြီး။ | | % |
| ၃။ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | % |
| ၄။ | ဆေးပေါ့လိပ်။ | | % |
| ၅။ | ဆေးပြင်းလိပ်။ | | % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | % |
| ၈။ | (က)အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ခ)အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၁ မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဂ)အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၁၀၀၁ မှ ကျပ်၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဃ)အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၂၀၀၁ မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | ( င )အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၃၀၀၁ မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | ( စ )အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၄၀၀၁ မှ ကျပ် ၅၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဆ)အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၀၁ မှ ကျပ် ၇၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် ၇၀၀၁ မှ ကျပ် ၁၀၀၀၀အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၁၀၀၀၁မှ ကျပ် ၂၀၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၂၀၀၀၁ နှင့်အထက် ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏% |
| | (ဋ)အရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၉။ | ဘီယာအမျိုးမျိုး | | % |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၁ မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၁၀၀၁ မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၂၀၀၁ မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ် ၃၀၀၁ မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၄၀၀၁ မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၀၁ မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဇ ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၇၀၀၁ မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၁၀၀၀၁ မှ ကျပ် ၂၀၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၂၀၀၀၁ နှင့်အထက် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏% |
| | ( ဋ )ဝိုင်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၁၁။ | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | | % |
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | % |
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများ။ | | % |
| ၁၄။ | Double Cab 4 Door Pick Up မှ အပ ၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | % |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | % |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | % |

# ရန်ကုန်မြို့တောင်ဒဂုံအိတ်ချိန်းနယ်မြေအတွင်းအော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန်ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား အလုံ (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ တောင်ဒဂုံ KY အိတ်ချိန်းမှ (၅၉၅×××) ဖြင့်စသော တယ်လီဖုန်းနံပါတ်များအား အလုံ ZX-SS10SS1B SoftSwitch အိတ်ချိန်း၏ (၂၃၄-၈×××)ဖြင့်စသော တယ်လီဖုန်းနံပါတ်များဖြင့် (၁၉-၂-၂၀၁၆) ရက်နေ့တွင် အစားထိုးပြောင်းလဲမည် ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

အဆိုပါ တောင်ဒဂုံKY အိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများအနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။


**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# ရန်ကုန်မြို့ထောက်ကြန့်အိတ်ချိန်းနယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ ထောက်ကြန့် KY အိတ်ချိန်းမှ (၆၀၀×××)ဖြင့်စသော တယ်လီဖုန်းနံပါတ်များအား မရမ်းကုန်း Soft-X3000 (SoftSwitch) အိတ်ချိန်း၏ (၉၄၃-၇×××)နှင့် စသည့် တယ်လီဖုန်းနံပါတ်များဖြင့် (၁၂-၂-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည် ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

အဆိုပါ ထောက်ကြန့် KY အိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများ အနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက် နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**


TRITONE
LivingSquare Hanwha
The True Luxury, Myanmar Never Experienced Before
Visit TRITONE's Show Gallery and See For Yourself
မြန်မာပြည်တွင် တစ်ခါမှမရှိဘူးသေးသော အထက်တန်းကျမှု -
TRITONE Show Gallery ကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာကြည့်လိုက်ပါ။
Special Promotion Until Jan 31 Limited Quantity
TRITONE SHOW GALLERY
Same Sky, Exclusive World
Hanwha
LIVING SQUARE
Tel. 09-788000991~2
https://tritone8mile.com / https://facebook.com/TRITONE.8mile
TRITONE
Airport
8 Mile Junction
Kabar Aye Pagoda Road
Yangon Hotel
Pyay Road
Show Gallery
7 Mile Junction
Parami Road
Downtown
Show Gallery address :
No.33A, Pyay Road, Mayangone Tsp., Yangon,

" စတော့ရှယ်ယာတွင် ဝယ်ယူရင်းနှီးမြှုပ်နှံနည်း "

(How to invest in Stock Shares)

" ရန်ကုန်စတော့အိတ်ချိန်း" တွင် မှတ်ပုံတင်၍ အစုရှယ်ယာ ထုတ်ရောင်းချခွင့်ရရှိသည့် ကုမ္ပဏီများ၏စတော့ရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံမှုနည်းလမ်းများကို အောက်ပါအစီအစဉ်အတိုင်းဆွေးနွေးဟောပြောမည် ဖြစ်ပါသည်။

ဆွေးနွေးမည့်ပုဂ္ဂိုလ် - ဒေါက်တာ မောင်မောင်သိမ်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ)

ကျင်းပမည့်နေ့ရက် - ၂၄.၁.၂၀၁၆ (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ

ကျင်းပမည့်နေရာ - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ (ပထမထပ်)၊ အစည်းအဝေးခန်းမ

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီကြီးများ၊ စိတ်ပါဝင်စားသူများအားလုံး ငွေသုံးဆိုအခမဲ့ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

Diamond Sponsored :

KBZSC HOR KHAM

Organized by :

Worldlink
W E A Group
09 30087636

## မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ (၁၁၈၆)နှစ်ပြည့် ဗုဒ္ဓပူဇနိယ(တပေါင်း)ပွဲတော် ကျင်းပမည့်ရက် ကြေညာခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့၊ ရှေးဟောင်းသမိုင်းဝင်ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ **ဗုဒ္ဓပူဇနိယ(တပေါင်း)ပွဲတော်ကို (၁၃၇၇ခုနှစ်၊ တစ်ပေါင်းလပြည့်ကျော် ၅ရက်မှ တန်ခူးလဆန်း ၈ရက်)အထိ၊ ၂၈-၃-၂၀၁၆ရက်မှ ၁၅-၄-၂၀၁၆ရက်အထိ၊** ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ပွဲ၊ ဗုဒ္ဓပူဇနိယ(တပေါင်း)ပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် (သတ္တမအကြိမ်)အထူးတရားပွဲ၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းသပိတ်လောင်းလှူပွဲများနှင့်အတူ ဇာတ်ပွဲ၊ ရုပ်ရှင်ကြည့်ချင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများစုံလင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ ဘုရားပွဲတော်ဆိုင်ခန်းများကို အောက်ဖော်ပြပါသတ်မှတ်နေ့ရက်များအတိုင်း ရောင်းချသွားမည်ဖြစ်ကြောင်း ကြိုတင်သိရှိစေရန် ကြေညာအပ်ပါသည်။

(က) **လူဟောင်းများရောင်းချရက်။** ။ ၉-၃-၂၀၁၆ရက်မှ ၂၀-၃-၂၀၁၆ရက်အထိ၊ (၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၁ရက်မှ တပေါင်းလဆန်း ၁၂ရက်)အထိ၊ ယမန်နှစ်ဆိုင်ခွန်ပြေစာနှင့် အသိအမှတ်ပြုကတ်ယူလာရပါမည်။ ဆိုင်ခန်းမထွက်နိုင်ပါက တရားဝင်ပြန်လည်အပ်နှံရန်ဖြစ်ပါသည်။

(ခ) **လူသစ်များ ရောင်းချရက်။** ။ ၂၄-၃-၂၀၁၆ရက်မှ ၂၇-၃-၂၀၁၆ရက်အထိ၊ (၁၃၇၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်မှ တပေါင်းလပြည့်ကျော် ၄ရက်)အထိ ရောင်းချပေးမည်ဖြစ်ပြီး ဆိုင်ခန်းမရသေးသူများ ကြိုတင်လျှောက်လွှာ တင်ထားရမည် ဖြစ်ပါသည်။


(ဂ) **ဌာနဆိုင်ရာ အဖွဲ့အစည်းများ ရောင်းချရက်။** ။ ၉-၃-၂၀၁၆ရက်မှ ၂၀-၃-၂၀၁၆ရက်အထိ (၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၁ရက်မှ တပေါင်းလဆန်း ၁၂ရက်)အထိဖြစ်ပြီး သက်ဆိုင်ရာဦးစီးဌာနအကြီးအကဲ၏ လက်မှတ်ပါရှိရမည်ဖြစ်ပါသည်။

၃။ ဘုရားပွဲတော် ဇာတ်ပွဲရုံမြေနေရာနှင့်ပတ်သက်၍ ဇာတ်ပွဲတင်သွင်းလိုသူများအနေဖြင့် ၉-၃-၂၀၁၆ရက် (၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၁ရက်)နောက်ဆုံးထားပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံ လာရောက်ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဖုန်း-၀၆၃-၅၀၀၀၁**

ဆီဘောက်ဆာ ဆီသယ်ယာဉ် ကားများငှားရန်ရှိ လချုပ်
ဂါလန် ၃၂၀၀ဆံ့ Nisan Diesel Resona 1986MODE တစ်လ (၇)သိန်း
ဂါလန် ၂၈၀၀ဆံ့ Hino တစ်လ (၇)သိန်း
ဂါလန် ၁၆၀၀ဆံ့ Hino TE II
ဆက်သွယ်ရန်ဖုန်း-09-5177224, 09-5016870

ဖြောင့်စင်းလှပစိတ်တိုင်းကျရမည်...
ဒေါ်ကျာရီ
အထူးဆံပင်ဖြောင့်ဆိုင်
09- 261111550
■ ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
■ ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ






# ဂုဏ်ယူဝမ်းမြောက်ခြင်း

ကျောင်းဒါယကာ ဆရာဦးလှထွန်း(ရှမ်းပျိုမယ် တိုင်းရင်းဆေးဝါးလုပ်ငန်းပိုင်ရှင်) မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အကြံပေးအဖွဲ့ အဖွဲ့ဝင်သည် မန္တလေးမြို့တော်ကို အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့တော်အဖြစ်ပေါ်ပေါက်လာစေရန် ဘက်စုံကဏ္ဍစုံမှ ဝိုင်းဝန်းကူညီပံ့ပိုး၍ တာဝန်အရပ်ရပ်အား ဆောင်ရွက်ခဲ့သောကြောင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (ရတနာပုံ လူမှုရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်)ကို ၄-၁-၂၀၁၆ရက်တွင် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျောင်းဒါယိကာမ သုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝေ(ရှမ်းပျိုမယ် တိုင်းရင်းဆေးဝါးလုပ်ငန်းပိုင်ရှင်)အားလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၆ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ဖြင့် သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ကို ထပ်ဆင့်အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျောင်းဒါယကာ ကျောင်းဒါယိကာမတို့သည် စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနဲ့ပြည့်စုံပြီး အမျိုးဘာသာ သာသနာအကျိုး၊ နိုင်ငံအကျိုးတို့ကို ဆတက်တိုး၍ ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆရာတော် ဦးသုန္ဒရ**
**ရှမ်းပျိုမယ်**
**အေးငြိမ်းချမ်းသာကျောင်းတိုက်**
**ညောင်သာယာရွာ၊ ပြင်ဦးလွင်မြို့နယ်**

## စလင်းမြို့နယ်အသင်း(ရန်ကုန်)

## နှစ်ပတ်လည်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအား ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ စလင်းပရိယတ္တိစာသင်တိုက်ရှိ ဂန္ဓကုဋိဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ မတ်လ၌ ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သား/သမီးများစာရင်းကို ၂၃-၁-၂၀၁၆ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ အကြောင်းကြားပါရန်နှင့် အသင်းသူ/သားများ၊ မိသားစုများနှင့် စလင်းမြို့နယ်သူ/သားအားလုံးဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်မှာ ဦးဌေးကြွယ် ဖုန်း-၂၉၉၇၂၆၊ ဦးမျိုးချစ်- ဖုန်း-၀၉-၂၅၄၇၈၉၉၃၃၊ ဦးစိုးညွန့် ဖုန်း-၀၉-၇၃၀၉၅၀၁၉၊ ဦးဝင်းလှိုင် ဖုန်း-၆၄၅၇၃၃၊ ဦးစန်းညိုအောင် ဖုန်း-၀၉-၂၅၀၁၅၄၀၄၈၊ ဗိုလ်မှူးသန်းအေး(ငြိမ်း) ဖုန်း-၀၉ ၅၀၇၉၄၇၁၊ ဒေါ်မေခင်ညွန့် ဖုန်း-၀၉-၂၅၄၉၅၅၅၂၈တို့ဖြစ်ပါသည်။

**အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့။**

## "စက်မှုဝန်ထမ်းဟောင်းများအသင်း"

## တတိယအကြိမ် အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားလွှာ

စက်မှုဝန်ကြီးဌာန၊ ယခင်အမှတ်(၁)နှင့် (၂)တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်းများအပါအဝင် စက်မှုဝန်ထမ်းဟောင်းများအားလုံး၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ တတိယအကြိမ်အသင်းသားစုံညီ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း စည်းကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားရှိပါသည်။

ကျင်းပပြုလုပ်မည့်ရက် - ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက် (တနင်္ဂနွေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - နံနက် ၉း၀၀နာရီ
ကျင်းပပြုလုပ်မည့်နေရာ - စက်မှုဓမ္မာရုံ၊ ရွှေတိဂုံအရှေ့ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေနံ့သာလမ်းသွယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၅၀၈၆

အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရပ်နီးရပ်ဝေးဒေသ အနှံ့အပြားမှာ ရောက်ရှိနေကြသည့် စက်မှုဝန်ထမ်းဟောင်းများအားလုံး တက်ရောက်ပါရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**စက်မှုဝန်ထမ်းဟောင်းများအသင်း**

First Myanmar Investment Co., Ltd.

## အစုရှယ်ယာရှင်များသိရှိနိုင်ပါရန်

First Myanmar Investment Co., Ltd. (FMI) သည် ရန်ကုန်စတော့အိပ်ချိန်း (Yangon Stock Exchange - YSX) တွင် မှတ်ပုံတင်စာရင်း တင်သွင်းနိုင်ရန်အတွက်ပြင်ဆင်ရာတွင် နောက်ဆုံးအဆင့်သို့ ရောက်ရှိပြီဖြစ်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် (YSX) တွင် အစုရှယ်ယာ အရောင်း/အဝယ်ပြုနိုင်ရန်နှင့် နောက်နောင်အမြတ်ဝေစုလက်ခံရရှိနိုင်စေရန်အတွက် YSX မှ သတ်မှတ်ထားသည့် လိုင်စင်ရငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုခုတွင် ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) တစ်ခု ဖွင့်လှစ်ထားရှိရန် လိုအပ်ပါသည်။

Securities Account ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ၁၁-၁-၂၀၁၆ ရက်စွဲဖြင့် အစုရှယ်ယာရှင်များထံ အကြောင်းကြားစာပေးပို့ထားပြီးဖြစ်ပါသည်။

Securities Account ဖွင့်လှစ်ခြင်းကို အထူးအစီအစဉ်ဖြင့် (၂၅-၁-၂၀၁၆) ရက်နေ့မှ (၂၆-၂-၂၀၁၆) ရက်နေ့အတွင်း FMI Centre ၇-ထပ်၊ အခန်း-၇၀၃ တွင် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် အထက်ဖော်ပြပါ သတ်မှတ်ရက်အတွင်း Securities Account လာရောက်ဖွင့်လှစ်ကြပါရန်နှင့် အကြောင်းကြားစာမရရှိသော အစုရှယ်ယာရှင်များအနေဖြင့် ကုမ္ပဏီသို့အမြန်ဆုံးဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၂၅-၁-၂၀၁၆ ရက်နေ့မှစတင်၍ FMI Trading Centre မှတဆင့် အစုရှယ်ယာရောင်းဝယ်ခြင်းများကိုလည်းကောင်း၊ FMI ကုမ္ပဏီတွင် အစုရှယ်ယာလွှဲပြောင်းခြင်း Share Transfer များကိုလည်းကောင်း ဆောင်ရွက်ပေးမှု ရပ်ဆိုင်းထားမည်ဖြစ်ပါသည်။


ဆက်သွယ်ရန် -
ရန်ကုန်ရုံးချုပ် - FMI Centre အမှတ်-၃၈၀၊ ၁၀-ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၃၆၃၊ ၂၄၀၃၇၃ | Web: fmi.com.mm | Email: fmi@spa-mm.com
မန္တလေးရုံးခွဲ - အမှတ်-၃၈၃၊ ၇၆-လမ်း၊ ၃၃x၃၄ လမ်းကြား၊ မောရဂီဂါရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၆၀၅၆၁ | Email: fmi-mdy@spa-mm.com




**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀-ကံဘဲ့မြေကွက်အမှတ်(၄၇/စ)၊ မြေကွက်တည်နေရာအမှတ်(၄၇/စ)၊ ပါရမီလမ်း၊ ဦးဘိုးသုန်ရိပ်သာ၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်း၊ [ဦးဝင်းဖေ၊ ဒေါ်ယုဇာမယ် (ခ)ဒေါ်ယုဇာဝေ] အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်(၂)ဦး အနက် ဦးဝင်းဖေမှာ ၆-၁၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်ပြီး အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ယုဇာမယ်(ခ)ဒေါ်ယုဇာဝေ[၁၂/မရက(နိုင်)၀၈၁၅၅၉]မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့် အရောင်းအဝယ် စာချုပ်အမှတ် (၁၁၄၅/၁၉၈၅) (၂-၁-၁၉၈၅)တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တောင်ကြီးမြို့အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသည် ရှမ်းပြည်နယ်တွင် အခြေခံပညာအထက်တန်းအဆင့် စာမေးပွဲကို အောင်ချက် ၈၂ ဒသမ ၇၇ရာခိုင်နှုန်းဖြင့် ပထမရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ကျောင်းအုပ်ဆရာကြီး ဦးမြသန်းနှင့်တကွဆရာ ဆရာမများအားလုံးတို့အား ကျောင်းကြီးနှင့်တွဲဖက်ဖွင့်ခွင့်ရ မဟော်သဓာအကယ်ဒမီ ကိုယ်ပိုင်ကျောင်း တောင်ကြီးမြို့မှ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နောင်နှစ်များတွင်လည်း အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

**မဟော်သဓာအကယ်ဒမီကိုယ်ပိုင်ကျောင်း၊ တောင်ကြီးမြို့။**


AFT CENTER

လေကြောင်းအတတ်ပညာဟောပြောပွဲ

PILOT TRAINING

Jason Lambert Gold Seal

နေ့ရက် ။ ၂၇. ၁. ၂၀၁၆ (ဗုဒ္ဓဟူး)
အချိန် ။ ညနေ ၃ – ၅ နာရီ
နေရာ ။ Sule Shangri-La ဟိုတယ် ရန်ကုန်

စာရင်းပေးသွင်းရန် ။ MAFA [Orchid Hotel (၁လွှာ)
အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ရန်ကုန်။
Ph: 09 787 333 788, 09 787 333 789]





## ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ သတ္တမအကြိမ်၊ ဝိညျုသပြဟ္မစာရီဓမ္မမိသားစုဆုံစည်းပွဲ ပင့်လျှောက်ဖိတ်ကြားလွှာ

ပြည်တွင်းပြည်ပရှိ ပဏ္ဍိတာရာမဆိုင်ရာရိပ်သာများနှင့် တပည့်အပေါင်းများအနေဖြင့် ဆရာတော်ကြီး၏ အေးမြသောမေတ္တာရိပ်အောက်တွင် ချွေးသိပ်ခိုနားရင်း နွေးထွေးလှသည့် ပဏ္ဍိတာရာမ ဝိညျုသပြဟ္မစာရီဓမ္မမိသားစု ဆုံစည်းပွဲသို့ ပဏ္ဍိတာရာမ ဓမ္မသွေးရင်းသူနှင့် ဓမ္မသွေးမကင်းသူအားလုံး နိုးကြားတက်ကြွစွာဖြင့် အရောက်လှမ်းလာကြပါရန် အသိပေးပင့်လျှောက်ဖိတ်ကြားအပ်ပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့

| ကျင်းပမည့်နေ့ | ကျင်းပမည့်အစီအစဉ် |
|---|---|
| ၁၃၇၇-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၅)ရက် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့) | နံနက် ၈နာရီ - ဖွင့်ပွဲအခမ်းအနား<br>မွန်းလွဲ(၁)နာရီ - သုတ္တန်ရွတ်ဖတ်ပူဇော်ပွဲ<br>ညနေ (၄)နာရီ - သြဝါဒခံယူပွဲ<br>ည(၇)နာရီ - ဓမ္မသဘင်-မော်လမြိုင်ဆရာတော် |
| ၁၃၇၇-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၆)ရက် ၃၀-၁-၂၀၁၆ရက် (စနေနေ့) | နံနက် (၇)နာရီ - ဆွေးနွေးပွဲ<br>ညနေ(၄)နာရီ - သြဝါဒခံယူပွဲ<br>ည (၇)နာရီ - ဓမ္မသဘင်-ကံ့ကော်မြိုင်ဆရာတော် |
| ၁၃၇၇ခုနှစ်၊ ပြာသိုလပြည့်ကျော်(၇)ရက် ၃၁-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) | နံနက်(၈)နာရီ - မှတ်တမ်းတင်ခြင်း<br>မွန်းလွဲ(၁)နာရီ - အောင်ပွဲအခမ်းအနား<br>[အခမ်းအနားပြီးလျှင် ဆွမ်းကြီးလောင်းဒါန လှူဒါန်းခြင်း၊ အရေအတွက် (၂၅၀)ခန့်] |

ကျင်းပမည့်နေရာ - ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်-၈၀(က)၊ သံလွင်လမ်း
ဖုန်း-၀၁-၅၃၅၄၄၈၊ ၇၀၅၅၂၅

## ၂၀၁၆ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များဖိတ်ခေါ်ခြင်း

နေပြည်တော် ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁၈ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန (ASEAN Centre for Energy- ACE)တို့မှ ကြီးမှူး၍ ၂၀၁၆ခုနှစ်စွမ်းအင်ထိရောက်စွာအသုံးပြုထားသော ပြန်ပြည့်မြဲ စွမ်းအင်စီမံကိန်းများ (Renewable Energy Awards)ပြိုင်ပွဲ၊ အဆောက်အအုံများ (Energy Efficiency Building Awards)ပြိုင်ပွဲ၊ အဆောက်အအုံများနှင့်စက်ရုံများ၏ အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲမှုစနစ် (Energy Management Awards)နှင့် စိမ်းလန်းအဆောက်အအုံများ(Green Building Awards)ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပြီး နိုင်ငံပိုင်ကဏ္ဍသာမက ပုဂ္ဂလိကပိုင်ကဏ္ဍများမှလည်း ပါဝင်ယှဉ်ပြိုင်နိုင်ကြပါသည်။

၂၀၁၆ခုနှစ်အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲများအတွက် ပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိတို့၏လုပ်ငန်းစီမံကိန်း/အဆောက်အအုံ/ စက်ရုံ/ရုံးဌာနတို့၏ အမည်၊ တည်နေရာ၊ လုပ်ငန်းသဘာဝ၊ ဆက်သွယ်ရန် ပုဂ္ဂိုလ်နှင့် ၎င်း၏လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်များ ဖော်ပြပြီး ၂၀၁၆ခုနှစ်၊ မတ်လ ၁၈ရက်(သောကြာနေ့) နောက်ဆုံးထား၍ ပါဝင်ယှဉ်ပြိုင်လိုကြောင်း ရွေးချယ်စိစစ်ရေးအမျိုးသားကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့(ဖုန်း-၀၁-၅၁၉၆၇၃-၇၆၊ ဖက်စ်-၀၁-၅၁၉၆၈၁၊ ၀၁-၅၇၁၂၈၈)သို့ စာရင်းပေးသွင်းနိုင်ပါသည်။

**အသေးစိတ်သိရှိလိုသည်များရှိပါက ဦးအောင်သက်ပိုင်၊ လုပ်ငန်းကော်မတီဝင်(ဖုန်း-၀၁-၅၇၁၃၂၊ ၀၉-၄၃၀၄၉၈၃၅)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြပါသည်။**


**The Full Plan Of God**

ဘုရားသခင်၏ အကြံအစည်အလုံးစုံ
အခြေခံကျကျ သမ္မာကျမ်းစာလေ့လာခြင်း (အခမဲ့)

HAPPY NEW YEAR 2016



- သမ္မာကျမ်းစာထဲမှ (မသိမဖြစ်လိုအပ်သော) သင်ခန်းစာ (၅၃) ခုတို့အား အပတ်စဉ်လေ့လာမည့် အခွင့်အလမ်း တစ်ခု
- ဤ အလွန်အရေးပါသော သမ္မာတရားများအားဖြင့် ဘုရားသခင်၏ အလိုတော် အကြံအစည်အလုံးစုံကို လွယ်ကူစွာနားလည်စေမည့် အခွင့် အလမ်း တစ်ခု။

သင်တန်း(၁) * အင်္ဂါနေ့တိုင်း နံနက်(၉း၃၀)မှ(၁၁း၀၀)ထိ၊ ၂၆-၁-၂၀၁၆ စမည်။
သင်တန်း(၂) * စနေနေ့တိုင်း နံနက်(၉း၃၀)မှ(၁၁း၀၀)ထိ၊ ၃၀-၁-၂၀၁၆ စမည်။
သင်တန်း(၃) * တနင်္ဂနွေနေ့တိုင်း ညနေ(၃း၀၀)မှ(၅း၀၀)ထိ၊ ၃၁-၁-၂၀၁၆ စမည်။

နေရာ-အမှတ်(၁၆၅) ဗဟိုလမ်း၊ စမ်းချောင်း

Yangon Bible Students : 09 420060040, 09255778361



ဦးထွန်းဦး+ဒေါ်ဝင်းမာ **TV (ရန်ကုန်)**

**အမျိုးသား / အမျိုးသမီး**

**ကားမောင်းစက်ပြင်သင်တန်း**

၁။ No.97 ဗညားဒလလမ်း။(၄လမ်းမှတ်တိုင်နှင့်မဆလာစက်မှတ် တိုင်အနီး)
၂။ မဆလာစက်မှတ်တိုင်ရှေ့
၃။ မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။

Ph: 09-5041550, 09-73044311, 09-421150033, 09-420066955, 09-260111942

အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင်
TV (ရန်ကုန်) နှင့် သင်လိုက်ပါ။


ပရီမီယာကော်ဖီ(၁၀)နှစ်ပြည့်
အထိမ်းအမှတ်
သင်လည်း သူတို့လို ကံထူးရှင် ဖြစ်နိုင်ပါတယ် ...
PREMIER
COFFEE
ရှင်းမကုန်သေးပဲ
ရှင်ရှင်စေမယ့် သိန်းတစ်ထောင်
ကျပ်
သိန်း1000
ကျပ်သိန်း(၁၀၀)ကံထူးရှင်များ
ကျပ်သိန်း(၁၀)ကံထူးရှင်များ
ကံထူးရှင်များကို MRTV-4 ရသစုံညွှန်းတမ်းများ
အစီအစဉ်တွင် အပတ်စဉ် အင်္ဂါနေ့ မှ သောကြာနေ့ထိ
ဖော်ပြပေးသွားပါမည်...
ပရီမီယာကော်ဖီ၏ (၁၀)နှစ်ပြည့် အထူးကံစမ်းမဲ
(Premier 3 in 1, 2 Plus 1, Espresso နှင့် Milk Powder)
ကျပ်သိန်း(1000) ကျပ်သိန်း(100) 50ဆု ကျပ်(10)သိန်း 50ဆု
Free Drink


Since 1986
KMD Institute
www.facebook.com/kmdedu.mm
Learning Partners :
NCC education
the UNIVERSITY of GREENWICH
PEARSON
City & Guilds
SQA
Microsoft Official Learning Partner
LCCI
တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများ နှင့် ကွန်ပျူတာသင်တန်း တက်ရောက်လိုသူများအတွက် တစ်နေရာတည်းမှာရွေးချယ် တက်ရောက်နိုင်သော အဆင့်မြင့် ကွန်ပျူတာသင်တန်းများ
ISO
ISO 9001:2008 Cert. No. 583180
နိုင်ငံတကာအသိအမှတ်ပြု ဘွဲ့ နှင့် ဒီပလိုမာသင်တန်းများ
Level 4 and Level 5 Diploma in Computing (NCC Education - UK)
Higher National Diploma (Scottish Qualifications Authority - SQA)
B.Sc (Hons) Degree in Business Information Technology (University of Greenwich - UK)
Diploma in IT System Support (City & Guilds - UK)
LCCI Diploma (UK)
ပညာရေးဝန်ကြီးဌာန နှင့် KMD Institute တို့ ပူးပေါင်းဖွင့်လှစ်သော ဒီပလိုမာသင်တန်းများ
Diploma in Information Technology (DIT)
Diploma in Network Communication (DNC)
Diploma in Business Information System (DBIS)
Diploma in Web Development (DWD)
ကွန်ပျူတာ ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများ
Certified in Network Engineering
Cisco Certified Network Associate (CCNA)
Mobile Repairing Courses (Hardware & Software)
Microsoft Certified Solution Associate ( Server 2012 & SQL 2012)
Certified in Telecommunication
Certified in Software Engineering
PHP, C# for Application & Web
Mobile Programming
လုပ်ငန်းခွင်သုံး ကွန်ပျူတာ သင်တန်းများ
i Office 2013
Layout Design Course
Graphic Design Course
Effective Presentation with Power Point
Autocad 2014
3D Max Engineering
Revit Architectural
Excel in Business Application
MYOB/Computerised Accounting
Pansodan Campus: 174-182, Pansodan Road(Middle Block), Kyauktada Tsp., Ph: 01-241084, 534170
Myaynigone Campus: 331, Pyay Road, Myaynigone, Sanchaung Tsp., Yangon Ph: 01-527436, 534170
အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကျောင်းများ၊ အသင်းအဖွဲ့များအတွက် သင်တန်းများကို လိုအပ်ချက်ပေါ်မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။
HotLine : 09262600450

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း၊ ရေကန်၊ ဒါယကာကြီး

## ဦးကြူးခင် (ခနောင်တို)

အသက် (၇၅)နှစ်

မိုးရေကြောင်း သယ်ယူပို့ဆောင်ရေး

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း (ဥက္ကဋ္ဌ)

ပြည်တွင်းတွဲဆွဲကုန်တင်ရေယာဉ်ပိုင်ရှင်များအသင်း (ဥက္ကဋ္ဌ)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် (၆၅/က)နေ ဒေါ်ငံရွှေ၏ချစ်လှစွာသော ခင်ပွန်း၊ ပြည်တွင်းတွဲဆွဲ ကုန်တင်ရေယာဉ်ပိုင်ရှင်များအသင်း (ဥက္ကဋ္ဌ)၊ (၉)လမ်းထိပ်စုဝေးရာ တွဲဆွဲကုန်တင်ရေယာဉ်ပိုင်ရှင်များ၏လမ်းပြရှေ့ဆောင်၊ အစစအရာရာတွင်ရေယာဉ်ပိုင်ရှင်များ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးခဲ့သူ၊ ရေကြောင်းပညာအရာတွင်ကြွယ်ဝသောရှေ့ဆောင်လမ်းပြတစ်ဦးဖြစ်သည့် **ဦးကြူးခင်**သည် (၁၈. ၁. ၂၀၁၆)တနင်္လာနေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် အဖိုးမဖြတ်နိုင်အောင် နှမြောတသဖြစ်ရခြင်းနှင့်အတူ မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**(၉)လမ်းထိပ်စုဝေးရာ တွဲဆွဲကုန်တင်ရေယာဉ်ပိုင်ရှင်များအဖွဲ့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကြူးခင်(ခနောင်တို)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် (၆၅/က)နေ ဒေါ်ငံရွှေ၏ ချစ်လှစွာသောခင်ပွန်း ဦးကြူးခင် အသက် (၇၅)နှစ်သည် ၁၈-၁-၂၀၁၆(တနင်္လာနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးညွန့်လွင်၊ ဦးမောင်အေး**
**ခေတ္တ(U.S.A)ရောက် ဦးမောင်မောင်လင်း**
**ဦးဝိန်၊ ဦးမောင်ကောင်း၊ ဒေါ်ခင်လှကြည်**
**ဦးမောင်မင်း၊ ဦးမျိုးညွန့်၊ ဦးမြင့်ဆွေ မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကြူးခင်(ခနောင်တို)**

**အသက်(၇၅)နှစ်**

၁၈-၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လွန်းပိုင်ရှင်များအသင်း**
**ဆိပ်ကြီးခနောင်တိုမြို့နယ်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကြူးခင်(ခနောင်တို)**

**အသက်(၇၅)နှစ်**

၁၈-၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမက(၄) ကျောင်းအုပ်ကြီးနှင့်**
**ဆရာ/ဆရာမများ**
**ကျောင်းအကျိုးတော်ဆောင်**
**မိဘဆရာအသင်း**

---

**မြို့လယ်တိုက်ခန်း**
ရောင်း/ဝယ်/ငှားလိုက
ဒေါ်တင်တင်နု
Ph: 01 229407, 09 5102305

---

### (၆)နှစ်ပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

**ဗိုလ်မှူး/ဗိုလ်ကြီး ပြည့်ဖြိုးမျိုး**

(လေယာဉ်မှူး)

**D.S.A (42) (လေ-၂၆၇၄)**

(၂၂-၁-၂၀၁၀)မှ (၂၂-၁-၂၀၁၆)

ချစ်ဇနီးနဲ့သားလေးကို မမျှော်လင့်ဘဲ ခွဲခွာသွားတာ (၆)နှစ်ပြည့်ခဲ့ပြီ၊ ချစ်ဇနီးနဲ့သားရဲ့ရင်ထဲမှာ ထာဝရစံပြပုဂ္ဂိုလ်တစ်ဦးပါ၊သားနဲ့ဇနီးအတွက် ဖခင်ကောင်း၊ ခင်ပွန်းကောင်းဖြစ်ခဲ့တဲ့အတွက် အသက်ရှင်နေသရွေ့ ထာဝရလေးစားတန်ဖိုးထားဂုဏ်ယူမြဲပါ။ လူ့ဘဝကခဏလေးပဲလို့အမြဲပြောခဲ့တယ်။ တကယ်ရင်ဆိုင်ရတာလည်း ခဏလေးပါပဲ၊ ဒီအချိန်တိုခဏလေးအတွင်းမှာ ချစ်ဇနီးနဲ့ သားလေးအပေါ် ရိုးသားဖြူစင်၊ မြင့်မြတ်သောစိတ်ထားနဲ့ ရပ်တည်မှု အပြည့်အဝပေးခဲ့တယ်။ တာဝန်ကျရာမြို့လေးတိုင်းမှာ မိသားစုအတူသွား၊ အတူစား၊ အတူဒါနပြုခဲ့တာတွေကို အမှတ်တရလွမ်းနေမြဲပါ။ ရင်ထဲမှာ နင့်နေအောင် ခံစားရတာ ချစ်ဇနီးနဲ့သားလေးပါ။ မိသားစုအတူပြုခဲ့ဖူးသော ကုသိုလ်ဒါနအစုစုကိုလည်းကောင်း၊ ချစ်ခင်ပွန်းအတွက် ရည်စူး၍ ပြုလုပ်ခဲ့ပြီးသမျှနှင့် ယနေ့ပြုလုပ်ဆဲ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။

**ဖေဖေ လေယာဉ်တွေ မြင်တွေ့တိုင်း ဖေဖေရေလို့ အော်ခေါ်နေဆဲပါ။**
**ဖေဖေ သားပြုတဲ့ ကုသိုလ်အမျှပေးဝေပါတယ်။ ဖေဖေအေးချမ်းတဲ့နေရာကိုသွား။**
**ယုံကြည်တယ် မြင့်မြတ်သော ဘုံဘဝလေးတစ်ခုကို ခံစားနိုင်မှာပါ။**

**ချစ်ဇနီး နှင့်**
**အချစ်ဆုံးသားလေး**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးညိုမင်းဦး

MANAGING DIRECTOR

MERCURY RAYS MFG; CO.,LTD

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးကျော်လှလမ်း၊ (၂၄/A)နေ ဒေါ်တင်နွယ်ဝင်း(Director, Mercury Rays Mfg Co.,Ltd.)၏ချစ်လှစွာသောခင်ပွန်း၊ မအေးမြတ်မွန်ကျော်၏မွေးသဖခင်သည် ၂၀-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**

**MERCURY RAYS MFG; CO.,LTD**
**GRACHEM CO.,LTD**
**MYANMAR HAPPY COOK CO.,LTD**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကြူးခင် (ခနောင်တို) အသက်(၇၅)နှစ်**

မိုးရေကြောင်းသယ်ယူပို့ဆောင်ရေး၊

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)

ပြည်တွင်းတွဲဆွဲရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)

ဦးမောင်မောင်ခင် + ဒေါက်တာမြင့်မြင့်အေး တို့၏ဖခင် ဦးကြူးခင် အသက်(၇၅)နှစ်သည် ၁၈-၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors**
**Excellent Myanmar International Private School**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်အေး(ပခုက္ကူ)
## အသက်(၉၀)

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်-ဒေါ်တင်အုန်းမြင့် (အထက်တန်းပြဆရာမ၊ ငြိမ်း)တို့၏မွေးသမိခင်၊ ဒေါ်ခင်ခင်အေး(အသက် ၉၀) သည် ၁၈-၁-၂၀၁၆(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးထင်အောင်-ဒေါ်ချိုချိုဝင်းနှင့်မိသားစု**
**အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်လွင်
## အသက်(၈၄)နှစ်

သူရဦးဝင်းမြင့်-ဒေါ်နီလာလွင်တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမောင်မောင်လွင်သည် ၂၁-၁-၂၀၁၆ရက်တွင် ရွှေပေါက်ကံမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်စဉ်(၂၇)စစ်တက္ကသိုလ်သင်တန်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ဦးနန်နော်
## အသက်(၁၀၂)နှစ်
### ဝမ်မောက်ကျေးရွာ၊ ကျိုင်းတုံ

ကျိုင်းတုံမြို့နယ်၊ ယန်းလောကျေးရွာအုပ်စု၊ ဝမ်မောက်ရွာနေ (ဒေါ်နန်းခမ်းဇွဲ)၏ခင်ပွန်း၊ ဒေါ်နန်းရှဲန်၊ဒေါ်နန်းခမ်းအိ-ဦးစိုင်းရှဲန်၊ ရန်ကုန်မြို့ ခေမာရာမကျိုင်းတုံကျောင်းတိုက် ဆရာတော်အရှင်ပညာသာမိ (ဖဆွာဒိရှဲန်)၊ (ဦးစိုင်းကျောက်)-ဒေါ်နန်းအမ်း၊ ဦးစိုင်းဆောင်-နန်းလာတို့၏မွေးသဖခင်၊ မြေး ၁၄ယောက်၊ မြစ် ၁၅ယောက်တို့၏အဘိုး ဦးနန်နော်သည် ၂၀-၁-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ဝမ်မောက်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးလှမိုး(စကု) (၈၃)နှစ်
**B.A, B.Ed, B.E.S**
### လှမိုး(ပညာရေး)၊ လျှမ်းထက်ကျောင်းအုပ်ဆရာကြီး(ငြိမ်း) (စိန်ဂွန်း)အထက(၁)လမ်းမတော်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊အောင်ချမ်းသာရပ်ကွက်၊ အခန်း(၆)၊ တိုက်(၂)၊ သီရိမင်္ဂလာလမ်းနေ (ဦးဘလှိုင်-ဒေါ်ဒွန်းအောင်)တို့၏သား၊(ဦးကျင်ရွှေ-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ ဦးမိုးမြင့်-ဒေါ်သန်းသန်းနု၊ ဒေါ်လှိုင်လှိုင်မိုး(လ/ပြ အ. ထ. က-၁၊ လမ်းမတော်)၊ ဒေါ်ခိုင်ခိုင်မိုး၊ ဒေါ်အေးအေးမိုး၊ ဦးကျော်ဝေသိန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၁-၁-၂၀၁၆(ကြာသပတေးနေ့) ည ၇း၄၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## မိုဟာမက်အစ္စဟားက်(ခ)
## ဦးဝင်းလှိုင် (၆၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်း(ကျွန်းကလေး)နေ (ဦးလာလား-ဒေါ်မွန်းနီ)တို့၏သား၊ အုတ်ဖိုမြို့နေ (ဦးအဘူး-ဒေါ်တင်အေး)တို့၏သားသမက်၊ ဒေါ်မြရွှေ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအာမက်-ဒေါ်ဟဂျရာ)၊ (ဦးသိန်းအောင်)-ဒေါ်အရှာတို့၏မောင်၊ ရန်ကုန်မြို့နေ ဟာဂျီဦးအာလမ်-ဟာဂျီမဒေါ်သန်းသန်း၊ ဦးသန်းအောင်-ဒေါ်စန္ဒာမြင့်၊ (ဦးလှဝင်း)တို့၏အစ်ကို၊ ကိုမြင့်ဦး-မဖြူနှင်းသက်(မိသားစုထမင်းဆိုင်)၊ ကိုထွန်းထွန်းနိုင်-မနီလာဝင်း(တောင်လေ့ကား အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၆-၁-၂၀၁၆ (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပြီး ညနေ ၅း၃၀နာရီတွင် အစ္စရ်နမာဇ်အပြီး လက်ပံတန်းကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိန် အသက်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၆)၊ ဘိုးရာဇာလမ်းနေ (ဦးသန်းစိန်)၏ဇနီး၊ ဦးခင်မောင်ဝင်း၊ ဦးကြည်ဝင်း-ဒေါ်တင်တင်ရှိန်၊ ဦးအောင်ဝင်း၊ ဒေါ်တင်တင်ငွေ-ဦးအောင်မြိုင်၊ ဒေါ်ချိုချို-ဦးကံဝင်း၊ ဒေါ်ရီရီ-ဦးကိုကိုလွင်၊ ဒေါ်သန်းသန်းမြင့်-ဦးသန်းရွှေတို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၁-၁-၂၀၁၆ (ကြာသပတေးနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၆ (စနေနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်ကျင်မေ(လပွတ္တာ)
## အသက်(၈၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်း (အထက်)၊အမှတ်(၁၈၄)၊ပထမထပ်နေ ရာသက်ပန်အသင်းဝင် ဦးကျော်ခင်၏ဇနီး ဒေါ်ကျင်မေသည် ၂၂-၁-၂၀၁၆(သောကြာနေ့) နံနက် ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဦးစန်းဝင်း B.Sc(Chem)
## အသက်(၅၅)နှစ်

မင်္ဂလာဒုံမြို့နယ်၊ ၂/က စံပြရပ်ကွက်၊ သုခိတာလမ်း၊ အမှတ်(၆)နေ (ဦးမင်းတင် - ဒေါ်လှရင်) တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ ဘုမ္မာ(၃) လမ်း၊ အမှတ်(၅၅၃)နေ (ဦးမြင့်စိုး)-ဒေါ်လဲ့လဲ့ဝင်းတို့၏သားသမက်၊ ဒေါက်တာသောင်းဝင်း-ဒေါ်ဖြူဖြူရှိန်၊ ဦးမြသောင်း-ဒေါ်ချယ်ရီ ဒေါ်ရင်ရင်မြင့်(တွဲဖက်ပါမောက္ခ-ငြိမ်း)၊ ဦးလှသောင်းတို့၏ညီ၊ ဒေါ်စိမ်းသဇင်၏ချစ်လှစွာသော ခင်ပွန်း၊ မအိန္ဒြေဦး(စတုတ္ထတန်း၊ အလက-၄၊ မင်္ဂလာဒုံ)၏ဖခင် ဦးစန်းဝင်းသည် ၁၉-၁-၂၀၁၆(အင်္ဂါနေ့)နံနက် ၃း၃၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၁-၁-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁-၂၀၁၆(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုအောင်ကိုသက်(၃၆)နှစ်
### (Bio ဉာဏ်မင်း) (မိုးညို)

ဆရာဦးအုန်းသော်-ဆရာမကြီး ဒေါ်စီစီအောင်(ထအုပ်ငြိမ်း)တို့၏သား၊ ကိုဇင်လင်းထက်-မလွင်လွင်မွန်တို့၏ အစ်ကို၊ဒေါ်အေးသန္တာသွယ်(လ-၂၊ ဒဂုံတောင်)၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကောင်းမြတ်(Grade IVB)၏ဖခင် ကိုအောင်ကိုသက်သည် ၂၂-၁-၂၀၁၆ရက် နံနက်၁၀း၄၅နာရီတွင် မြောက်ဥက္ကလာ OSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အာနိစ္စ

## ဦးခင်မောင်ဝင်း (၇၆)နှစ်
### အဆောက်အအုံ (အင်ဂျင်နီယာ)(ငြိမ်း) ဆောက်လုပ်ရေးရုံးချုပ်

ရန်ကင်းမြို့နယ်၊ အမှတ်(၂)၊ မင်္ဂလာလမ်း၊ ဘောက်ထော်၊ ပြည်သာယာ(၁၆)ရပ်ကွက်နေ [ဦးဘစိန်-ဒေါ်နှင်းစိန်(ခ)ဒေါ်စိန်စိန်]တို့၏ စတုတ္ထသား၊ ဗိုလ်မှူးတင်မောင်လှ(ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း၊ (ဗိုလ်ကြီးကံအေးဝင်း)-ဒေါ်တင်တင်မေ (အထပြ၊ငြိမ်း)၊ [ဦးသိန်းဟန် (ပြည်တွင်းရေကြောင်း)]တို့၏ညီ/မောင်၊ (ဒေါ်စိန်သန်းဝင်း)၊ ဦးတင်မောင်ဝင်း(စက်မှု-၁၊ ငြိမ်း) - ဒေါ်ခင်အေးသန်း (ရုက္ခဗေဒ ပါမောက္ခ-ငြိမ်း)တို့၏အစ်ကို(ဒေါ်စဝ်စိန်မြ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသီဟဝင်း-ဒေါ်စိုးစိုးမူ၊ ဦးတေဇဝင်း၊ ဦးနေဝင်း ဦး-ဒေါ်ဥမ္မာဝင်း၊ ဦးအေးမြင့်အောင်-ဒေါ်ရတနာဝင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ မြေးရှစ်ယောက်တို့၏ ဘိုးဘိုး၊မြစ်တစ်ယောက်၏အဘေး ဦးခင်မောင်ဝင်းသည် ၂၀-၁-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆(သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်သိန်းရှင် (ညောင်ဝိုင်း)
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၁)၊ ၅၄-လမ်း၊ ပုဇွန်တောင်မြို့နယ်နေ(ဦးညွန့်မောင်-ဒေါ်လုံးတင်)တို့၏သမီး၊ (ဦးချမ်းမြ-ဒေါ်စိမ်းရင်)တို့၏သမီးချွေးမ၊ (ဦးဝင်းမောင်)၏ဇနီး၊ မအေးအေးကြိုင်၊ မစန်းစန်းအေး၊ မငွေငွေဝင်း၊ မောင်ဘုန်းမြင့်သူတို့၏ချစ်လှစွာသောမိခင်သည် ၂၁-၁-၂၀၁၆(ကြာသပတေးနေ့) ည ၁၁း၄၅ နာရီတွင် (ခုတင်-၅၀၀)ဆံ့ အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၆ (စနေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင်ထွက်ပါမည်။)[၂၇-၁-၂၀၁၆ ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်လှိုင်တင်အသက်(၇၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးတင်လှ-ဒေါ်မကြီး)တို့၏သား၊ (ဦးမာရေး)-ဒေါ်သန်းကြည်တို့၏ သားသမက်၊ (ဦးအောင်သန်း)-ဒေါ်ခင်မြင့်ကြည်၊ (ဦးသန်းညွန့်-ဒေါ်အုန်းမြင့်)၊ (ဦးတင်စိန်) - ဒေါ်ညွန့်ညွန့်တို့၏ ညီ/မောင်၊ ဦးတင်ဝင်း - ဒေါ်ရီရီဝင်းတို့၏ အစ်ကို၊ ဦးကျော်သူရ(ရွှေလင်းယုန်-Cartoon Box)-ဒေါ်ညိုညိုစန်း၊ ဦးကျော်ဝဏ္ဏ (UNITEAM MARINE)-ဒေါ်မြင့်မြင့်စန်း၊ ဦးကျော်သီဟ (KTH-Cartoon Box)-မငယ်လေးတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ဘိုးဘိုးကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၇)၊ အခန်း (၂၀၅)နေ ဒေါ်ဘေဘီ၏ ခင်ပွန်းသည် ၂၁-၁-၂၀၁၆(ကြာသပတေးနေ့)၊ နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၃-၁-၂၀၁၆( စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းမင်းထွန်း(ခ)Short
## အသက်(၄၈)နှစ်
**Solitaire Co.,Ltd**

ရန်ကုန်မြို့နေ (ဦးစံလှိုင်)-ဒေါ်တင်တင်ငွေတို့၏သားကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၄၀၈)နေ ဦးစံဝင်း-ဒေါ်တင်တင်ဝင်းတို့၏သားသမက်၊ ဒေါ်ခင်စန်းလွင်၏ ချစ်လှစွာသောခင်ပွန်း၊ မဇင်မိမိထက် (Grade-10-A၊ ထ-၅၊ဗိုလ်တထောင်)၏ဖခင်၊ ဦးရွှေသိုက်-ဒေါ်ခင်မင်းစံ၊ ဒေါ်ခင်ငွေစံ၊ ဦးမင်းဝင်းထွန်း၊ ဦးရဲမင်းထွန်း-(ဒေါ်ကေသွယ်မိုး)၊ ဦးမျိုးနိုင်စိုး-ဒေါ်အိအိငယ်တို့၏အစ်ကို၊ ဦးဝင်းမင်းထွန်းသည် ၂၁-၁-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၁း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၆(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဦး (B.Sc Engg)(1956)
### (ဘိုကလေး)
## အသက်(၈၄)နှစ်
### တိုင်းလျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၂၈၈)နေ (ဦးချစ်-ဒေါ်ဒေါင်း)တို့၏သား၊ (ဦးအောင်မင်း-ဒေါ်သန်း)တို့၏မောင်၊ (ဦးတင်အေး)၊ ဒေါ်ခင်လှချစ်၏အစ်ကို၊ ဒေါ်မြမြသန်း၏ခင်ပွန်း၊ ဒေါ်ဝင်းသန်းဦး၊ ဦးသိန်းသန်းဦး-ဒေါ်ဆင့်ဆင့်သွယ်(U.S.A)၊ ဦးစိုးသန်းဦး-Dr.ချိုငယ်ဦးတို့၏ ဖခင်သည် ၂၁-၁-၂၀၁၆(ကြာသပတေးနေ့) နံနက် ၁၁း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၁၆(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာ
## ဦးကျော် (၇၈)နှစ်
### မြန်မာ့မီးရထား(ငြိမ်း)
### နိုင်ငံတော်ပြက္ခဒိန်အကြံပေး
### ယဉ်ကျေးမှုဝန်ကြီးဌာန

ရန်ကုန်မြို့နေ (ဦးပန်း-ဒေါ်စောလှ)တို့သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ လောင်းလုံလမ်း၊ အမှတ်(၂၉)နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ နေပြည်တော်နေ ဦးငွေဝင်း-ဒေါ်မြင့်မြင့်သန်း(ညွှန်ကြားရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)၊ (ဦးခင်မောင်စိုး-ဒေါ်တင်ငွေမြင့်)၊ ဦးမောင်မောင်(မမ)-ဒေါ်ခင်အေးဟန်၊ ဦးတင်မောင်စိုး(ဒုအင်ဂျင်နီယာမှူးကြီး၊ လားရှိုးစည်ပင်)-ဒေါ်သန်းသန်းငွေ၊ ဦးခင်မောင်စိုး-ဒေါ်ယုယုလှိုင်၊ ဦးခင်မောင်လွင်-ဒေါ်စောသန္တာမြင့်၊ ဦးဇော်မင်းထွန်း-ဒေါ်မိုးသဇင်၊ ဦးဇော်လင်းထွန်း-ဒေါ်စိုးသီတာအောင်၊ ဦးဇင်မင်းထွန်း-ဒေါ်ဖြူဖြူကျော်၊ ဦးလှမင်း(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)-ဒေါ်ဥမ္မာကျော်တို့၏မွေးသဖခင်၊ မြေး၂၆ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၂-၁-၂၀၁၆(သောကြာနေ့) ညနေ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်နိုင်(ခ)ဦးသန်းညွန့် (၇၂)နှစ်
### (အင်္ဂလိပ်စာ)
### ဒဂုံပညာ့ဗိမာန်(DAC)

ရန်ကုန်မြို့၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၀)၊ (၃၂)ရပ်ကွက်နေ (ဦးတင်အောင် -ဒေါ်အေး)တို့၏သား၊ ဒေါ်မြသီတာ(ဇီဝဗေဒ၊ ဒဂုံပညာ့ဗိမာန်)၊ ဒေါ်မြသူဇာတို့၏မွေးသဖခင် ကျေးဇူးရှင်၊ ဦးကျော်နိုင်(ခ)ဦးသန်းညွန့်(အင်္ဂလိပ်စာ၊ ဒဂုံပညာ့ဗိမာန်)သည် ၂၂-၁-၂၀၁၆(သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးရောဂါဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆ (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၆ (ကြာသပတေးနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာကျော်ဝင်း(ဆမ-၃၃၇၂) (၇၁)နှစ်
### ဖြူစင်မေတ္တာကုသိုလ်ဖြစ်အခမဲ့ ဆေးခန်း၊ နာယကဆရာဝန်ကြီး၊ လက်ပံတန်းမြို့

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နေ (ဦးအောင်-ဒေါ်လှအေး)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသောင်းဖေ-ဒေါ်ရီရီ)တို့၏သားသမက်၊ လက်ပံတန်းမြို့(၅) လမ်းနေ ဒေါ်ခင်စောဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နေခြည်ဝင်းကျော်၏ချစ်လှစွာသောဖခင် ဒေါက်တာကျော်ဝင်းသည် ၂၂-၁-၂၀၁၆ရက် နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် လက်ပံတန်းမြို့ အရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများကိုအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သီတာ (၄၆)နှစ်
### လက်ထောက်မန်နေဂျာ၊ သမဝါယမဘဏ်(ရုံးချုပ်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၆၇)နေ (ဦးတင်ရွှေ)-ဒေါ်တင်နုတို့၏သမီး၊ ဒေါ်စန်းစန်းကြည်-ဦးစိန်မြင့်၊ (ဒေါ်ခင်ခင်စိုး)၊ ဒေါက်တာချိုချိုဝင်း[နား၊နှာခေါင်း၊ လည်ချောင်း၊ အထူးကုဆရာဝန်ကြီး၊ ခုတင်(၁၀၀၀) ဆေးရုံကြီး၊ နေပြည်တော်]-ဦးအောင်စိုးနိုင်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်)၊ ဒေါ်ရီရီမြင့်တို့၏ညီမ၊ ဦးမင်းမင်းထွန်း-ဒေါ်စောမြတ်နွယ်တို့၏အစ်မ၊ ဦးအောင်ပိုင်ဖြိုး-ဒေါ်ခိုင်စံပယ်သင်း၊ မဆုရည်နိုင်၊ မောင်ရဲမြတ်သူတို့၏အဒေါ်သည် ၂၂-၁-၂၀၁၆ (သောကြာနေ့) နံနက် ဝဝး၂၄ နာရီတွင်ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ခုတင် (၁၀၀၀)၊ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်အအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [၂၄-၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တရားတော်နာယူမည်ဖြစ်ပြီး ရေခဲတိုက်မှ မွန်းလွဲ ၁ နာရီတွင် ကားများထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ခုတင်(၁၀၀၀) ဆေးရုံကြီး၊ နေပြည်တော် 2U-3S၊ တိုက်(B)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မမျိုးမျိုးသိန်း(ခ)Monica R Lim (၄၄)နှစ်
### ပြွန်တန်ဆာ/WA.U.S.A

ပြွန်တန်ဆာမြို့နေ [လင်စွန်းတိုက်(ခ)ဦးမြသိန်း]-တန်ယူကမ်း(ခ)ဒေါ်စမ်းစမ်းယဉ်တို့၏သမီး၊ (ဒေါ်ရီ)၊ (ဒေါ်တင်)တို့၏တူမ၊ ဒေါက်တာအေးငြိမ်း(စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းကျန်းမာရေးဦးစီးမှူး)-ဒေါ်လီလီသိန်း၊ ဦးအောင်နိုင်ဦး-ဒေါ်အိအိသိန်း(U.S.A)၊ ဦးခင်မောင်ကြိုင်-ဒေါ်နီလာသိန်း(U.S.A)၊ ဦးနိုင်စိုး-ဒေါ်စီစီသိန်း(ဇဋ္ဌိလသက်န်းတိုက်)၊ ဦးတင်တိုး-ဒေါ်အေးမော်သိန်း(မြမူလီ-ဘုရင်နောင်)၊ ဒေါ်မာလာသိန်း၊ ဒေါ်စန္ဒာသိန်းတို့၏ချစ်လှစွာသောညီမ၊ ကိုဉာဏ်ငွေသိန်း၊ မအေးထွေးသိန်း၊ ကိုကံလင်းတို့၏ ချစ်လှစွာသော အစ်မ၊ တူ/တူမ ၁၀ယောက်တို့၏ ချစ်လှစွာသောအဒေါ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၊ Vacaville မြို့၌ ၁၈-၁-၂၀၁၆ရက် အမေရိကန်စံတော်ချိန် ည ၉နာရီတွင် ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်မိုးမိုးမြင့်(မန္တလေးမြို့) (၄၄)နှစ်

ပဲခူးမြို့၊ ဈေးပိုင်းရပ်ကွက်၊ မြို့နယ်လျှပ်စစ်ဝင်းနေ ဦးတိုးလေး-ဒေါ်သိန်းမြင့်တို့၏သမီး၊ (ဦးသန်းမောင်-ဒေါ်သင်း)တို့၏သမီးချွေးမ၊ မောင်ကျော်ကျော်စိုး(ခ)ဘိုတောက်(ခေတ္တ-ကိုရီးယား)၏ညီမ၊ မောင်နေလင်း (ခ)ကိုတင့်-မဖြူဖြူဝင်းတို့၏ အစ်မ၊ ဒုရဲမှူးခင်ဇော်(စခန်းမှူး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့)၏ ချစ်လှစွာသောဇနီး၊ မနှင်းအိလင်း(ခ)ဇုံဇုံ (အထက-၃၊ ပဲခူး)၏ မိခင် ဒေါ်မိုးမိုးမြင့်သည် ၂၂-၁-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၀၊ မြို့မရဲစခန်း၊ စခန်းမှူးနေအိမ်၌ နံနက် ၁၁ နာရီတွင် သရဏဂုံတင်မည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် နေအိမ်မှကားများ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## အရှင်ပဏ္ဍိတ[ဦးမောင်မောင်ကြီး(ခ)ဦးမောင်မောင်]
## သိက္ခာတော်(၁၉)ဝါ၊ သက်တော်(၇၉)နှစ်

ဟင်္သာတမြို့နယ်၊ အောက်ရွာတာလေးရပ်နေ (ခမည်းတော်ကြီး ဦးဘိုးတဲ့-မယ်တော်ဒေါ်ဝဲ)တို့၏သား၊စစ်ကိုင်းတောင်ရိုး၊သောတာပန်ရပ်၊ဓမ္မရောင်ခြည်ဦးကျောင်းတိုက် ဆရာတော် အရှင်ပဏ္ဍိတ[ဦးမောင်မောင်ကြီး(ခ)ဦးမောင်မောင်]သည် (၁၃၇၇ခုနှစ်၊ ပြာသိုလဆန်း ၁၀ရက်) ၁၉-၁-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ၁း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ်၊ ပြာသိုလဆန်း၁၂ရက်) ၂၁-၁-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် စစ်ကိုင်းမြို့ ထန်းသုံးပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးများအား သိစေအပ်ပါသည်။

**တပည့်သံဃာတော်များ**

## ဦးတလုတ်စိန်(ထူးကြီးမြို့)
## အသက်(၉၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ သီရိမင်္ဂလာလမ်းနေ (ဦးဘိုးမြစ်-ဒေါ်နန်းဆော့)တို့၏သား၊ (ဒေါ်သိန်းကြည်)၏ခင်ပွန်း၊ ဒေါ်တင်နွဲ့(အထပြ-ငြိမ်း၊ ထူးကြီး)၊ ဦးဝင်းငွေ(မင်းအနော်ရထာကုမ္ပဏီ)-ဒေါ်ခင်မျိုးဆင့်၊ ဦးသံမဏိ-ဒေါ်ယဉ်ယဉ်ငွေ၊ ဦးဝင်းအောင်-နော်မိမိနိုင်၊ ဦးကျော်ကျော်ဝင်း-ဒေါ်ဇန်ထချန်၊ ဦးနိုင်လင်းတို့၏ဖခင်၊ မြေး၁၅ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၂-၁-၂၀၁၆(သောကြာနေ့) မွန်းလွဲ၂း၄၅ နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၁၄၅၈)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်ခင်အေး(ပခုက္ကူ) အသက်(၉၀)
### အထက်တန်းပြ၊ ရန်ကင်းဆရာအတတ်သင်သိပ္ပံ

ပခုက္ကူမြို့နေ (ဦးဖေညွန့်-ဒေါ်ခင်ဥ)တို့၏ သမီး၊ (ဒေါ်ခင်မူ)၊ (ဗိုလ်ကျော်ညွန့်-ဒေါ်ခင်ကြည်)၊ (ဦးစိန်ဝင်း)-ဒေါ်သန်းဆင့် တို့၏ညီမ၊ (ဦးစောလွင်)-ဒေါ်ခင်မေဝင်း၊ (ဦးအောင်ဝင်း-ဒေါ်ခင်ဆွေ)တို့၏ အစ်မ၊ အမှတ်(၈၇)၊ ဟံသာဝတီ(၂၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးမျိုးအောင် (ဒု-ဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်တင်အုန်းမြင့် (အထက်တန်းပြ-ငြိမ်း)၊ (ရာ/၁၇၃၆)တို့၏ မိခင်ကြီးသည် ၁၈-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်သိန်းရှင်(ခ)Olive
### အထက်တန်းပြ(ငြိမ်း)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ သာယာအေး (၁)လမ်း၊ အမှတ်(၄၃)(က)နေ (ဦးသာဒင်-ဒေါ်သိန်းညွန့်)တို့၏သမီးကြီး၊ [ဦးမြတ်သိန်း)-ဒုညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုလယ်ယာဦးစီးဌာန]၏ချစ်လှစွာသောဇနီး၊ (ပါမောက္ခဦးခင်မောင်ဒင်-ဒေါ်စန်းစန်းဆွေ)၊ (ဦးခင်မောင်လွင်)တို့၏ အစ်မ၊ ဦးလှမင်းသိန်း၊ ဦးကျော်မင်းသိန်း(Admin Manger,Santa Maria Travels & Tours)၊ (ဦးအောင်မင်းသိန်း)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်သိန်းရှင်(ခ) Olive သည် ၂၁-၁-၂၀၁၆(ကြာသပတေးနေ့) ညနေ ၄း၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၁-၂၀၁၆ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
## ဦးမောင်မောင်လွင်(ရွှေပေါက်ကံ)
## အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၁၉၂)နေ ဒေါ်အုန်းကြည် ၏ခင်ပွန်း၊ (ဦးအေးလွင်)-ဒေါ်လှလှမြင့်၊ (ဦးစန်းလွင်)-ဒေါ်စန်းစန်းမော်၊ ဦးမြလွင်-ဒေါ်ချိုချိုမူ၊ ရဲမှူးကြီးမြင့်လွင်(ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ချင်းပြည်နယ်)-ဒေါ်သန်းသန်းနွယ်၊ တကကက လှထွန်း-ဒေါ်စန္ဒာလွင်၊ သူရဦးဝင်းမြင့်၊ ဒေါ်နီလာလွင်၊ ဗိုလ်ကြီးကျော်ကျော်လွင်(ငြိမ်း)-ဒေါ်မိုးမိုးမြင့်တို့၏ဖခင်၊ မြေး၁၆ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၁-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၆(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၈း၀၀နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးစိန်လှိုင်တင်(ငြိမ်း) (၈၁)နှစ်
### လေ/၁၂၂၂၊ တပ်မတော် (လေ)
### ကျောက်တံတားမြို့နယ်ကောင်စီဥက္ကဋ္ဌ(ဟောင်း)
### ကြံခင်းမြို့နယ်အသင်းနာယကကြီး

ရန်ကုန်မြို့၊ (၉)ရပ်ကွက်၊ ၄၅-လမ်း၊ အမှတ်(၃၃/၃၅)၊ ပဥ္စမထပ်နေ (ဦးဘတင်-ဒေါ်သိန်းခင်)တို့၏သား၊ (ဒေါ်ခင်သန်းနီကို)၏ခင်ပွန်း၊ ဒေါ်လှိုင်သီတာခင်-ဦးထင်အောင်၊ ဦးလှိုင်တေဇာတင်-ဒေါ်မာမာငွေ၊ Dr.လှိုင်ထိပ်ထားခင်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မလှိုင်မေပွင့်ဖြူ-ကိုသန့်ဇင်အောင်၊ မလှိုင်မေပွင့်သူ-ဗိုလ်ကြီးမင်းမင်းထွန်း၊ ကိုလှိုင်မင်းထက်ကောင်း-မစန္ဒာဝင်း၊ မယွန်းတေဇာ၊ မမြတ်သဒ္ဓါတို့၏ချစ်လှစွာသောအဘိုး၊ မောင်ရဲဘုန်းသန့်၏ဘိုးဘိုးကြီး ဗိုလ်မှူးစိန်လှိုင်တင်(ငြိမ်း)သည် ၂၂-၁-၂၀၁၆ (သောကြာနေ့) နံနက် ၂း၃၆ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၉ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ကျင်မေ(လပွတ္တာ) အသက်(၈၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၁၈၄)၊ ပထမထပ်(ယာ)၊ (၂၉)လမ်း၊ အထက်လမ်းနေ ဦးကျော်ခင်၏ဇနီး၊ (ဒေါ်ခင်မာရီ)၊ ဒေါ်ခင်မာပြုံး-ဦးမြတ် သူ၊ ဦးသန့်ဇင်၊ ဒေါ်ခင်မာချို -ဦးထိန်လင်း၊ ဦးအောင်နိုင်-ဒေါ်ဝင်းမြတ်ခိုင်၊ ဒေါ်ခင်မေအေး-ဦးခိုင်ဝင်း၊ ဒေါ်ခင်အေးကျော့-ဦးဆန်နီတို့၏မွေးသမိခင်၊ မောင်အောင်သီဟ၊ မသက်ဝေပြုံး၊ မောင်ဉာဏ်ထက်လင်း၊ မောင်ဟိန်းထက်အောင်တို့၏အဘွား ဒေါ်ကျင်မေသည် ၂၂-၁-၂၀၁၆(သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၁၀၂ ဦးအား ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ပြု နိုင်ငံအကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန် ရည်ရွယ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာကျင်းပပြီးစီးမှုနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံ စတင်ကျင်းပမှုကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော် အကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဇန်နဝါရီ ၂၂ ရက်(ယနေ့)တွင် အကျဉ်းသား ၁၀၂ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)နှင့်အညီ အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအနက် အကျဉ်းထောင် ၂၂ ခုမှ နိုင်ငံသားအကျဉ်းသား အမျိုးသား ၉၂ ဦးနှင့် အမျိုးသမီးကိုးဦး စုစုပေါင်း ၁၀၁ ဦးတို့အပြင် နိုင်ငံခြားသားအကျဉ်းသားတစ်ဦးကိုလည်း နှစ်နိုင်ငံချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱**



မြန်မာနိုင်ငံတစ်ဝန်း အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအနက် အကျဉ်းသား ၁၀၂ ဦးအား ပြန်လည်လွှတ်ပေးခဲ့ရာ ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသူများကိုတွေ့ရစဉ်။ ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဏိတ)

## ယနေ့ မာတိကာ


ရန်ကုန်တက္ကသိုလ်တွင် ကင်းထောက်သင်တန်းဖွင့်လှစ် စာမျက်နှာ - ၃

ဒေသဝမ်းစာဖူလုံစေရေး ညောင်ဦးမြို့နယ်၌ မြစ်ရေတင်စနစ်တိုးမြှင့်ပေးရန် ကျေးလက်တောင်သူ လယ်သမားများ မျှော်လင့်နေ စာမျက်နှာ - ၁၀


ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဝင်ဆရာတော်ကြီးများ၏ ဩဝါဒကထာများနှင့် ဆွေးနွေးချက်အပြည့်အစုံကို www.thesitagu.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ဖတ်ရှုနိုင်သည်။

# စက်သုံးဆီများ ဈေးလျှော့ရောင်းချလာသော်လည်း ယာဉ်ကြောပိတ်ဆို့မှုကြောင့် မြို့တွင်းသွားယာဉ်များ ယာဉ်စီးခမလျှော့




စက်သုံးဆီအရောင်းဆိုင် ပုံစံငယ်။

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကမ္ဘာ့ရေနံဈေး ကျဆင်းမှုနှင့်အတူ ပြည်တွင်းသို့ တင်သွင်းနေသည့် စက်သုံးဆီဈေးနှုန်းများကိုလည်း လျှော့ချရောင်းချရန် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းအနေဖြင့် စက်သုံးဆီတင်သွင်းဖြန့်ဖြူးသော ကုမ္ပဏီများကို တိုက်တွန်းခဲ့ရာ ရန်ကုန်မြို့ရှိ စက်သုံးဆီဈေးနှုန်းများ လျှော့ချရောင်းချမှု ရှိလာသော်လည်း မြို့တွင်းသွားယာဉ်များ၏ ယာဉ်စီးခနှုန်းထားများ ယာဉ်ကြောပိတ်ဆို့မှုကြောင့် လျှော့ကျခြင်းမရှိကြောင်း သိရသည်။

ရေနံဈေး မြင့်တက်၍ စက်သုံးဆီဈေး မြင့်တက်ပါက သယ်ယူပို့ဆောင်စရိတ်များ ချက်ချင်းမြင့်တက်သွားလေ့ရှိပြီး စက်သုံးဆီဈေး သိသိသာသာ လျှော့နည်းကျဆင်းလာသော်လည်း သယ်ယူပို့ဆောင်စရိတ်များ လျှော့ကျခြင်းမရှိသလို ယင်းနှင့် ဆက်စပ်၍ ကုန်ဈေးနှုန်းများလည်း လျှော့ကျမှုမရှိကြောင်း အများပြည်သူများက ဝေဖန်ကြသည်။

"ဆီဈေးတက်ရင် ထိပ်ဆုံးကတက်တာက ကားခ၊ ပြီးရင် ကုန်ဈေးနှုန်းက လိုက်တက်ပြီ။ စားကုန်၊ သောက်ကုန် အကုန်တက်တယ်။ မုန့်ဟင်းခါးကအစ တက်တယ်။ ကားခတက်ရင် အကုန်ဆက်စပ်ပြီး တက်တာပဲလေ။ အခု ဆီဈေးကျတော့ ကားခ ဈေးမကျဘူး။ ပြေးဆွဲခွန်တွေကြောင့်တို့

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**









themirror.npt@gmail.com www.facebook.com/themirrordaily